မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၉၃)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်၊ ဗုဒ္ဓဟူးနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျူးဘားနိုင်ငံလွတ်မြောက်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်မြောက်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကျူးဘားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ရာအူးလ် ကတ်စထရို ရုဇ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်မှ မိန့်ခွန်းပြောကြားမည်

နေပြည်တော် ဒီဇင်ဘာ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် ပြောကြားမည့် မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM၊ ချယ်ရီFM၊ ပတ္တမြား FM၊ FM ပုဂံနှင့် သဇင်အသံလွှင့်ဌာနတို့မှ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂ ရက်၊ ၃ ရက်နှင့် ၄ ရက်နေ့တို့၌ နံနက် ၇ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ရလဒ်ကောင်းများရရှိရေး တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဒီဇင်ဘာ ၃၁

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ဖေ တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၅ ❒

ဒုတိယသမ္မတ ဦးညွန့်ဖေ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ မိုင်ဒါကွင်း၌ နှစ်သစ်ကြိုဆိုဂီတဖျော်ဖြေပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်

ရန်ကုန် ဒီဇင်ဘာ ၃၁

နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းသည့် New year ည ဂီတဖျော်ဖြေပွဲတော်ကြီးကို ယနေ့ည ၇ နာရီမှ စတင်၍ ရန်ကုန်မြို့ မိုင်ဒါကွင်း၌ Forever Group နှင့် Index Creative Village တို့က ပူးပေါင်းစီစဉ်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ (ယာပုံ)

အဆိုပါ နှစ်သစ်ကူးဂီတဖျော်ဖြေပွဲကြီးတွင် နိုင်ငံကျော် တေးသံရှင်များဖြစ်သည့် ထူးအယ်လင်း၊ စည်သူလွင်၊ ဆုန်သင်းပါရ်၊ ဂျင်းနီ၊ ဟဲလေး၊ အိမ့်ချစ် တို့နှင့်အတူ အိပ်မက်ဆုံရာအစီအစဉ်တွင် အကောင်းဆုံးဆုရရှိထားသည့် တေးသံရှင်များလည်း ပါဝင်သီဆိုဖျော်ဖြေခဲ့သည်။

“ကျွန်တော် အခုလို အဆင့်မြင့် စင်တင်ရှိုးပွဲအနေနဲ့ ဒါပထမဆုံး သီဆိုတာပါ။ စိတ်လည်း အလွန်လှုပ်ရှားတယ်။ ဝမ်းလည်းသာပါတယ်။ နောင်နှစ်တွေမှာလည်းအခုလို New year မှာ လုပ်မယ့် ရှိုးပွဲတွေမှာ ပါဝင်သီဆိုသွားဖို့ မျှော်လင့်ပါတယ်။ နှစ်သစ်ကူးအနေနဲ့ ကျွန်တော့် အတွက်ရော၊ ပရိသတ်ကြီး

စာမျက်နှာ ၆ ကော်လံ ၅ ◆

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လာခြင်းကောင်းသောနှစ်သစ်ကို ကြိုဆို

ကမ္ဘာ့ပြက္ခဒိန်အရ နှစ်သစ်တစ်ခုသို့ ကူးပြောင်းရောက်ရှိခဲ့ပေပြီ။ ဒီဇင်ဘာ ၃၁ ရက်၏ ညသန်းခေါင်ယံတွင် နှစ်သစ်ကိုကြိုဆိုသည့် ပျော်ပွဲရွှင်ပွဲများကို ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများစွာ၊ လူမျိုးများစွာတို့ ဆင်နွှဲခဲ့ကြသည်။ နှစ်ဟောင်းကိုနှုတ်ဆက်ကာ နှစ်သစ်ကို မျှော်လင့်ကြိုဆိုကြသည်။ မင်္ဂလာရှိသော နှစ်သစ်ဖြစ်ပါစေကြောင်း ဆုတောင်းသမှုပြုကြသည်။

ရာသီစက်ဝန်းတို့တစ်ပတ်ပြီးတစ်ပတ်လည်ပတ်ခြင်း၊ အဟောင်းအဟောင်းတို့ကြွေလွင့်ရာတွင် အသစ်အသစ်တို့ အစားထိုးဝင်ရောက်ခြင်းတို့မှာ လောကသဘာဝပင်ဖြစ်သည်။ ကုန်လွန်ခဲ့သည့် နှစ်ဟောင်းတွင် မိမိတို့ရင်ဆိုင်ဖြတ်သန်းခဲ့ရသည်များ၊ အနာဂတ်ကို ရည်မျှော်၍ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြရသည်များက လာမည့်နှစ်သစ်အတွက် မျှော်လင့်ခန့်မှန်းနိုင်မည့် အခြေခံအချက်များဟု ဆိုရမည်ဖြစ်သည်။

နိုင်ငံရေးနယ်ပယ်တွင် အမျိုးသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာတောင့်တင်းရေးအတွက် တစ်မျိုးသားလုံးက ပူးပေါင်းဆောင်ရွက်ဖွယ်တို့ ရှိနေသေးသည့်တိုင် အလားအလာကောင်းများနှင့် မျှော်လင့်ချက်တို့ မြင့်မြင့်မားမား ရှင်သန်နေခဲ့ခြင်း၊ စီးပွားရေးနယ်ပယ်တွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်ဝင်ရောက်ခဲ့မှုနှင့်အတူ လာမည့်နှစ်သစ်တွင် မှန်မှန်ကန်ကန်အားထုတ်ကြိုးပမ်းနိုင်သည်နှင့်အမျှ စီးပွားရေးအဆင့်တစ်ရပ်သို့ရောက်ရှိနိုင်ရန် မျှော်လင့်နိုင်ခြင်း၊ တစ်မျိုးသားလုံး၏ ပညာရေးနှင့် ကျန်းမာရေးတို့အတွက်လည်း ယခင်ကာလများထက် ပိုမိုကောင်းမွန်သော အခြေအနေတစ်ရပ်ကို မျှော်မှန်းနိုင်ခြင်းစသည်တို့မှာ မိမိတို့နိုင်ငံ၏ နှစ်ဟောင်းမှ နှစ်သစ်ဆီကူးပြောင်းသည့်ကာလ၏ ပကတိအခြေအနေများပင် ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ကုန်လွန်ခဲ့သော ၂၀၁၃ ခုနှစ်တွင် မိမိတို့တစ်မျိုးသားလုံး ဂုဏ်ယူဖွယ်သမိုင်းမှတ်တိုင်ကြီးမှာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ခမ်းခမ်းနားနား ထည်ထည်ဝါဝါကျင်းပကာ မိမိနိုင်ငံ၊ မိမိလူမျိုး၏ လုပ်နိုင်ကိုင်နိုင်သော စွမ်းပကားကို ကမ္ဘာ့အလယ်တွင် ထုတ်ဖော်ပြသနိုင်ခဲ့ခြင်းပင် ဖြစ်သည်။ ယခု ၂၀၁၄ နှစ်သစ်တွင်မူ အာဆီယံဉက္ကဋ္ဌတာဝန်ကိုယူကာ ဒေသတွင်းနိုင်ငံများ၏ မိသားစုဝင်တစ်ဦးအဖြစ်နှင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရဦးမည်ဖြစ်သည်။ နိုင်ငံတကာအသိုင်းအဝိုင်းအတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးသော နိုင်ငံတစ်နိုင်ငံအနေဖြင့် မိမိတို့၏ ဦးဆောင်နိုင်စွမ်းကိုဒေသတွင်းနိုင်ငံများအား ပြသရဦးမည် ဖြစ်သည်။

ယခုအခါ မိမိတို့နိုင်ငံကို အလားအလာကောင်းများဖြင့် ပြည့်လျှမ်းနေသော နိုင်ငံအဖြစ် ကမ္ဘာက ရှုမြင်လက်ခံထားလျက်ရှိသည်။ အလားအလာကောင်းများကို မျှော်လင့်ထားသည့်အတိုင်း ဖြစ်ထွန်းလာစေရေးအတွက် ကြိုးပမ်းကြရမည်မှာ မိမိတို့အားလုံး၏ အမျိုးသားရေးပင်ဖြစ်သည်။ လာမည့်နှစ်သစ်၏ တစ်နှစ်တာကာလတွင် မျှော်လင့်ချက်များ ရှင်သန်မှုနှင့်အတူ စိန်ခေါ်မှုများကို စည်းလုံးညီညွတ်စွာဖြင့် အတူတကွ ရင်ဆိုင်ဖြေရှင်းကျော်လွှားကြကာ အမျိုးသားအကျိုးစီးပွား မြင့်မြင့်မားမားဖြစ်ထွန်းလာရေးအတွက်လည်း အားသစ်မွေး၍ ကြိုးပမ်းဆောင်ရွက်ကြရဦးမည်ဟု သုံးသပ်တင်ပြရင်း လာခြင်းကောင်းသော နှစ်သစ်ကို ကြိုဆိုလိုက်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၃၁

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ National Youth Congressမှ လူငယ်များလိုက်ပါလျက် ဒီဇင်ဘာ ၂၈ ရက် ညနေ ၄ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ရောက်ရှိပြီး တိုင်းရင်းသားတိုင်းရင်းသူဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၄ ခုနှစ်တွင် နိုင်ငံတော်သမ္မတအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန်ယူချိန်အတွင်း အခမ်းအနားများ ကျင်းပရန်ရှိကြောင်း၊ အာဆီယံနှင့် နိုင်ငံတကာမှ ဧည့်သည်များ လာရောက်ချိန်တွင် လေ့လာသင့်သောနေရာများကို ပြင်ဆင်ထားရန်လိုကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမ သွေးချင်းညီအစ်ကိုများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းလူမှုစီးပွားဘဝကို ရုပ်လုံးပေါ်စေရန်၊ တိုင်းရင်းသားများအတူတကွ အေးတူပူအမျှ နှစ်ပေါင်းများစွာက ချစ်ခင်ရင်းနှီးပြီး စည်းလုံးစွာ နေထိုင်ခဲ့ကြသည့် သမိုင်းကို ဖော်ကျူးရန်တည်ဆောက်ထားသည့် ပုံစံပြကျေးရွာဖြစ်ကြောင်း။

တိုင်းရင်းသား ဝန်ထမ်းများအနေဖြင့် မိမိတို့ရိုးရာ အမွေအနှစ်များအား ရှင်းလင်းပြသ သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ရိုးရာ အသုံးအဆောင်ပစ္စည်းများသည် မိမိတို့ယဉ်ကျေးမှုနှင့်သမိုင်းကို ဖော်ညွှန်းနေသည့် အထောက်အထားများဖြစ်၍ ဂုဏ်ယူစွာပြသရမည်ဖြစ်ကြောင်း၊ သွေးချင်းညီအစ်ကိုများ စည်းလုံးညီညွတ်မှုနှင့်အတူ မိမိတို့၏ တိုင်းရင်းသားရိုးရာအထိမ်းအမှတ် အမွေအနှစ်များ ပြသနိုင်ရေးသည် စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်ကိုဖော်ညွှန်းသည့် ပြယုဂ်ပင်ဖြစ်ကြောင်း။

တိုင်းရင်းသား တိုင်းရင်းသူဝန်ထမ်းများအနေဖြင့် မိမိတို့လူမှုစီးပွားဘဝယဉ်ကျေးမှုများကိုပြသရန် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများအား ပွင့်ပွင့်လင်းလင်း တောင်းခံတင်ပြကြရမည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူထမ်းဆောင်နေချိန်တွင် မိမိတို့တိုင်းရင်းသား ရိုးရာအမွေအနှစ်များကို ပြသရသည့်အတွက် ဂုဏ်ယူနေကြရမည်ဖြစ်ကြောင်း၊ ဘာသာစကားအမျိုးမျိုး ကွဲပြားသော်လည်း တစ်မြေတည်းနေ တစ်ရေတည်းသောက် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများဖြစ်၍ သဘာဝချင်းခြားနားသည့် နေထိုင်ရာဒေသသို့ အမှန်တကယ် ရောက်ရှိသွားသကဲ့သို့ ခံစားရအောင် သဘာဝကျကျဖန်တီးတည်ဆောက်ပြင်ဆင် ပြသရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ National Youth Congress မှ လူငယ်များနှင့်အတူ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအိမ်များနှင့် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အန္တရာယ်ဖိတ်ခေါ်နေသူများ

ထင်သာမြင်သာ ပြုပြင်စရာ

ရန်ကုန်မြို့ ကမ်းနားလမ်း ကွန်ကရစ်လမ်းမသစ်ကြီးပေါ်တွင် မော်တော်ယာဉ်များ၊ ကုန်တင်ယာဉ်များနှင့် သစ်လုံးတင်ယာဉ်ကြီးများ အရှိန်မြင့်မောင်းနှင်နေရာ မလိုလားအပ်သော ယာဉ်တိမ်းမှောက်မှု၊ ယာဉ်တိုက်မှုများ မကြာခဏဖြစ်ပေါ်နေသည်ကို မြင်တွေ့ကြားသိနေရသည်။ ယခုပုံတွင်တွေ့မြင်ရသည့် ကွန်ကရစ်လမ်းမသစ်ကြီးဘေးတွင် ကလေး၊ လူကြီးများ အိပ်စက်အနားယူနေကြသည်ကို ဒီဇင်ဘာ ၃၀ ရက် မွန်းတည့် ၁၂ နာရီခန့်က တွေ့မြင်ခဲ့ရပြီး မလိုလားအပ်သော ယာဉ်အန္တရာယ် ဖိတ်ခေါ်နေသလိုဖြစ်နေပါ၍ ရှင်းလင်းကြပ်မတ်စေလိုပါကြောင်း ယာဉ်အန္တရာယ်စိုးရိမ်သူများက ပြောဆိုနေကြသည်။

ခင်မောင်အေး(အင်းစိန်)

ပူတာအိုမြို့နယ် မူလာရှီးဒီကျေးရွာ၌ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံပန္နက်တင်

ပူတာအို ဒီဇင်ဘာ ၃၁

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ်ရှိ မူလာရှီးဒီစံပြကျေးရွာ၌ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၁ နာရီက အဆိုပါ တိုက်နယ်ဆေးရုံ တည်ဆောက်မည့်မြေနေရာ၌ ကျင်းပရာ မင်္ဂလာအချိန်ကျရောက်သည်နှင့်တစ်ပြိုင်နက် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ပန္နက်တင်ပေးကြသည်။

အဆိုပါ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်မှာ အလျား ၁၂၆ ပေ၊ အနံပေ ၁၃၀ အာရ်စီ တစ်ထပ်အမျိုးအစားဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ရန်ပုံငွေမှ ခွင့်ပြုခဲ့ပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကြယ်စင်လင်းဆောက်လုပ်ရေး ကုမ္ပဏီက တာဝန်ယူဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သီတဂူ ရွှေပြည်ဟိန်း စက္ကုဒါနဆေးရုံ(ရန်ကုန်) ၃၁-ကြိမ်မြောက် အလင်းဒါနပြုလုပ်ပါမည်။

Dr.Mya Aung ကြီးကြပ်မှုနှင့် Dr.Yi Yi Aung, Dr.Khin Ohmar Khine, Dr. Khin Ohn Myint, Dr. Hla Mg Din Dr. Aung Cho Htwe, Dr. Thein Than Htike, Dr. Aye Chan, Dr. Tin Myo Than, Dr. Win Mar, Dr. Khin Oo May, Dr. May Zun Aung Win, Dr. Hla Myat Ngwe, Dr. Kyawt Kyawt Naing, Dr. Nu Nu Yin, Dr. Yinmin Han, အထူးကုဆရာဝန်ကြီးများက လုပ်အားဒါနပြု၍ သီတဂူရွှေပြည်ဟိန်းစက္ကုဒါနဆေးရုံ၌ ဒီဇင်ဘာလ (၂၉)ရက်၊ (၃၀) ကြိမ်မြောက်အထိ မျက်စိဝေဒနာရှင် (၁၈၀၀၀) ဦးတို့အား စစ်ဆေးကုသခြင်းနှင့် (၃၇၀၀) ဦးအား ခွဲစိတ်ကုသအလင်းဒါနပြုလုပ်ပြီး ဖြစ်ပါသည်။ ဇန်နဝါရီလ (၂၅၊၂၆)ရက်များတွင် ဦးရေ(၃၈၅၀ ပြည့်) (၃၁)ကြိမ်မြောက် အလင်းဒါနပေးလှူမည်ဖြစ်ရာ ဇန်နဝါရီလ(၄)ရက် တစ်ရက်တည်းသာ နံနက် (၁၁)နာရီမှစ၍ စာရင်းသွင်း လက်ခံမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း ကညွတ်ကွင်း ပြည်သူ့ဆေးရုံအတွင်းရှိ အဆောက်အအုံသစ်များလွှဲပြောင်းအပ်နှံခြင်းအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၃၁

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၁၁ နာရီတွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ကျင်းပပြုလုပ်သည့် တိုးချဲ့လူနာဆောင်နှင့် ခြောက်ခန်းတွဲ သူနာပြုဆောင် အဆောက်အအုံသစ်များ လွှဲပြောင်းအပ်နှံခြင်းအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။ (ယာပုံ)

အစီအစဉ်အရ ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းသည့် အဆောက်အအုံများအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်နှင့် အဆောက်အအုံသစ် အလှူရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီးနောက် ပြည်ထောင်စုလွှတ်တော်နာယက က အထိမ်းအမှတ် မော်ကွန်းကမ္ပည်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အလှူရှင် Aroma Rose Co., Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းမြင့်က အဆောက်အအုံသစ်များနှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပြီး ကညွတ်ကွင်းမြို့ ပြည်သူ့ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေကျပ် သိန်း ၅၀ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် ဆေးရုံအတွင်းနှင့် ဆေးရုံတက်ရောက်လျက်ရှိသည့် လူနာများအား ကြည့်ရှုအားပေးကာ လူနာတစ်ဦးချင်းအား အလှူငွေများပေးအပ်ပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးသိန်းဆွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဆောက်လုပ်လှူဒါန်းသည့် တိုးချဲ့လူနာဆောင်သည် အလျားပေ ၄၀ ၊ အနံ ၂၇ ပေရှိနံကပ်တစ်ထပ်အဆောက်အအုံဖြစ်ပြီး ခြောက်ခန်းတွဲ သူနာပြုဆောင်သည် အလျား ၇၂ ပေ၊ အနံ ပေ ၄၀ ရှိ နံကပ်တစ်ထပ် အဆောက်အအုံဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထွန်းဖောင်ဒေးရှင်းစာပေဆုများ ထုတ်ပြန်ကြေညာ

ရန်ကုန် ဒီဇင်ဘာ ၃၁

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ပရိသတ် တိုးပွားရေး၊ စာကောင်းပေမွန်များ ပေါ်ထွန်းရေးတို့ကို တစ်နည်းတစ်လမ်းမှ ပါဝင်ထောက်ကူသောအားဖြင့် "ထွန်းဖောင်ဒေးရှင်းစာပေဆု"ကို ၂၀၀၅ ခုနှစ်မှ စတင်အကောင်အထည်ဖော်ခဲ့ပြီး ဆုများရွေးချယ် ချီးမြှင့်နိုင်ရန် စာအုပ်၊ စာမူများကို နှစ်စဉ်ဖိတ်ခေါ်ခဲ့ရာ အဋ္ဌမအကြိမ် ၂၀၁၂ ခုနှစ်အတွက် ဆုချီးမြှင့်ရန် ရွေးချယ်ထားသည့်စာအုပ်၊ စာမူများ စာရင်းကို ယနေ့တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရှိရသည်။

၂၀၁၂ ခုနှစ် ထွန်းဖောင်ဒေးရှင်း တစ်သက်တာ စာပေဆုရှင်အဖြစ် စာပေပညာရှင်ဆရာမကြီး စည်သူဒေါ်ကြန်အား ဂုဏ်ပြုရွေးချယ်ချီးမြှင့်သည်။

မြန်မာစာအုပ်ဆုအတွက် စီးပွားရေးဘာသာရပ်တွင်သိန်းလွင်(ပြည်ပပို့ကုန်)၏ လက်တွေ့အသုံးချ ငွေလွှဲစာတမ်းစနစ်၊ ကျန်းမာရေးဘာသာရပ်တွင် ပါမောက္ခသိန်း၏ ကြုံရဆုံရ ကျွန်တော့်နှစ်ဘဝ အတွဲ(၁+၂)၊ သမိုင်းဘာသာရပ်တွင် ဒေါက်တာချာလီသန်း၏ သူရိယ၊ အက်ရှလေ အေဒင်နှင့်ရတနာပုံနိဂုံး၊ ယဉ်ကျေးမှုဘာသာရပ်တွင် ဖေညွန့်ဝေ၏ ပန်းချီဆိုတာဘာလဲ၊ အတ္ထုပ္ပတ္တိဘာသာရပ်တွင် ဦးအောင်မွန် (မြတ်ဆုမွန်)၏ ရာပြည့် မစ္စတာမောင်မှိုင်း၊ ရှေးဟောင်းကျမ်း ဘာသာရပ်တွင် ထွန်းရီ (ရှေးဟောင်းသုတေသီ)၏ ချောင်းဟောင်းပေါင်းချုပ်နှင့် ချောင်းကဗျာဂန္ထဝင်ဋီကာ၊ ရည်ညွှန်းကျမ်း ဘာသာရပ်တွင် မောင်ဇေယျာ၏ မြန်မာလူကျော် ၁၀၀ အတွဲ(၁+၂)၊ ကလေး စာပေဘာသာရပ်တွင် မောင်ယဉ်မျိုး၏ မောင်ရေခဲမရွှေဖဲ ကလေးကဗျာများ၊ လူငယ်စာပေဘာသာရပ်တွင် မောင်မြင့်ကြွယ်၏ လူတိုင်းအတွက် စည်းရုံးရေးအတတ်ပညာ၊ သုတပဒေသာဘာသာရပ်တွင် မြင့်ဝင်းမောင် (AZ) ၏ အနာဂတ်မြန်မာနိုင်ငံ ခေတ်သစ်လွှန်လူ့အဖွဲ့အစည်းနှင့် ဒီမိုကရက်တစ်နိုင်ငံရေး သမားကောင်းနှင့် စာပဒေသာဘာသာရပ်တွင် ပန်းချီလှတင်ထွန်း၏ ပန်းချီဦးဘကြည်ဘဝနှင့်သူ့လက်ရာတို့က ရရှိကြသည်။

အင်္ဂလိပ် စာအုပ်ဆုအတွက် သမိုင်းဘာသာရပ်တွင် Dr. Myo Myint ၏ Confronting Colonialism:King Mindon's Strategy for Defending Independence (1853-1878) က ရရှိသည်။

မြန်မာစာမူဆုအတွက် ရည်ညွှန်းဘာသာရပ်တွင် မောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်)၏ မြန်မာမှုဗိသုကာဝေါဟာရမှတ်စုအဘိဓာန်၊ ယဉ်ကျေးမှုဘာသာရပ်တွင် မောင်ကြော့ဦး၏ ခွန် (မ)ပီတို့ချစ်တဲ့ နာဂမြေ၊ ကလေးစာပေဘာသာရပ်တွင် လူမွန်(ပခုက္ကူ)၏ မထွေးလေးနှင့်ပန်းစံပယ် ကလေးကဗျာများ၊ အင်္ဂလိပ်စာမူဆုတွင် သမိုင်းဘာသာရပ်၌ Ko Myo (Arimaddana) ၏ The Earliest Religious Buildings discovered at the Ancient city of Wadee, Myanmar တို့က ရရှိကြသည်။

တစ်သက်တာ စာပေဆုနှင့် စာအုပ်ဆုများအတွက် ထွန်းဖောင်ဒေးရှင်း၏ ဂုဏ်ပြုဆုတံဆိပ်နှင့် ဆုငွေကို ပူးတွဲချီးမြှင့်ပြီး စာမူဆုများအတွက် ငွေသားဆုကို ချီးမြှင့်မည်ဖြစ်သည်။

ထွန်းဖောင်ဒေးရှင်း စာပေဆု ချီးမြှင့်သည့် အခမ်းအနားကို မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပရန်လျာထားပြီး ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း၊ ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ်(၅၃/၆၁) သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ ထွန်းဖောင်ဒေးရှင်း စာပေဆုကော်မတီ ဖုန်း-၀၁-၂၉၆၃၂၅၊ ၀၉-၇၃၁၀၄၄၈၇သို့ အမြန်ဆက်သွယ်ကြရန်နှင့် လိုင်စင်ဓာတ်ပုံ နှစ်ပုံနှင့် ကိုယ်ရေးမှတ်တမ်းများကို တစ်ပတ်အတွင်း ပေးပို့ကြရန်ဖြစ်ကြောင်း။

၂၀၁၃ ခုနှစ်တွင် ထုတ်ဝေသည့် စာအုပ်များနှင့် မိမိကိုယ်တိုင် ရေးသားပြုစုထားသောစာမူများကို တင်သွင်းယှဉ်ပြိုင်လိုသော စာပေပညာရှင်များသည် ယနေ့မှစတင်၍ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်အတွင်း အထက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

(၆၂)ကြိမ်မြောက် အာဆီယံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းမှုကော်မတီအစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၃၁

မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့် ၂၀၁၄ ခုနှစ်အတွင်း (၆၂)ကြိမ်မြောက် အာဆီယံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းမှု ကော်မတီအစည်းအဝေးကို ပထမဦးဆုံး အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက်နေ့မှ ၁၁ ရက်နေ့အထိ နေပြည်တော်ရှိ အမရာ ဟိုတယ်တွင် လက်ခံကျင်းပသွားမည်ဖြစ်သည်။

ဆွေးနွေး

အဆိုပါ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုဘာသာရပ် တာဝန်ခံအရာရှိ ၅၀ ခန့် တက်ရောက်ကြမည်ဖြစ်ပြီး အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်ကို ပြင်ဆင်မည့် အခြေပြစာချုပ်အား လက်မှတ်ရေးထိုးနိုင်ရန်၊ အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ပါ ခွင့်မပြုနိုင်သောစာရင်းများ ပြင်ဆင်ခြင်းနှင့်အာဆီယံဘက်စုံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြမည်ဖြစ်သည်။

အာဆီယံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းမှု ကော်မတီသည် အာဆီယံ ဘက်စုံရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ပါ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း၊ လွယ်ကူချောမွေ့ခြင်း၊ ဖြေလျှော့ခြင်းများ၊ ဒေသတွင်းရင်းနှီးမြှုပ်နှံမှု တိုးတက်စီးဝင်ရေးကို ဆောင်ရွက်နေပြီး အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကတိကဝတ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဦးဆောင်ကြီးကြပ် အကောင်အထည်ဖော်နေသည့် ကော်မတီဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
၆း၅၀ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၇း၀၀ ပြည်တွင်းသတင်း
၇း၂၀ လက်တွေ့ကျသောပညာရေး မြင့်တင်မှုစကားဝိုင်း (နည်းပညာကဏ္ဍ)

နေ့လယ်ပိုင်း

၁၁း၀၀ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၁၁း၅၀ (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၁၂း၂၅ ဖျော်ဖြေရေးရုပ်ရှင် **ဒူးမထောက်လက်မမြှောက်** ညွှန့်ဝင်း၊ အောင်အောင်၊ နွဲ့နွဲ့မူ၊ ဆွေဇင်ထိုက်(ဒါရိုက်တာ-ထူးကျော်)
၁၆း၃၀ အဝေးသင်တက္ကသိုလ်ရုပ်မြင်သံကြားသင်ခန်းစာပို့ချချက် -ပထမနှစ်(အထူးပြုအားလုံး) (မြန်မာစာ)
၁၇း၀၀ ပြည်တွင်းသတင်း
၁၇း၁၅ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၁၈း၄၀ ရွှေရင်ခုန်သံ
၁၉း၂၅ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၃၅ ပြည်သူတို့ရဲ့စကားသံများ
၂၀း၅၀ ကြယ်ပွင့်များရဲ့ အထင်ကရတေးများ သုခုမရင်ခွင် အငြိမ့်သဘင် **ဒီစတားအငြိမ့်** (မင်းသမီး-ငုဝါစိုး၊ လူရွှင်တော်-ချစ်ဖူး၊ အေးချမ်း၊ ထက်လင်း၊ ဂဏန်း (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- အိန္ဒိယရုပ်ရှင် **တကယ်ချစ်မိတဲ့အခါ** (ဇာတ်လမ်း)

နိုင်ငံတကာသတင်း

အင်ဒိုနီးရှားနိုင်ငံ၌ ဆီနာဘွန်း မီးတောင် ပေါက်ကွဲမှုများ ဖြစ်ပေါ်နေ

ဝါရှင်တန် ဒီဇင်ဘာ ၃၁

အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်း၌ မီးတောင် တစ်လုံး လှုပ်ရှား သက်ဝင်က ပေါက်ကွဲမှုဖြစ်စဉ်များ ဆက်တိုက် ဖြစ်ပေါ်လျက်ရှိနေကြောင်း၊ အနီးအနားရှိ လူ ၁၉၀၀၀ ခန့် နေအိမ်များကိုပစ်ခွာ ထွက်ပြေးနေကြကြောင်း အင်ဒိုနီးရှားနိုင်ငံ တာဝန်ရှိသူများက ပြောကြားကြသည်။

ပေါက်ကွဲမှုများ ဖြစ်ပေါ်လျက်ရှိသည့် ဆူမတြားကျွန်းပေါ်ရှိ ဆီနာဘွန်းမီးတောင်မှာ သက်ဝင်လှုပ်ရှားနေသော မီးတောင်ဖြစ်ပြီး ဒီဇင်ဘာ ၃၀ ရက်အထိ ကိုးကြိမ်တိုင် ပေါက်ကွဲမှုအသေးစားများ ဖြစ်ပေါ်ခဲ့ပြီးဖြစ်သည်။ လေထဲသို့ ပေ ၂၃၀၀၀ အထိ ချော်ရည်များနှင့် ပြာပူများ မှုတ်ထုတ်လျက်ရှိနေဆဲဖြစ်သည်။ မီးတောင်ဝမှ ပတ်လည်သုံးမိုင်ခန့်ကို အန္တရာယ်ရှိဇုန်အဖြစ် သတ်မှတ်ထားသည်။

ယခုပေါက်ကွဲမှု ဖြစ်ပွားသည့် ဆီနာဘွန်းမီးတောင်သည် သုံးနှစ်ကြာ ငြိမ်သက်နေရာမှ ပြီးခဲ့သည့် စက်တင်ဘာကတည်းက စတင်သက်ဝင်လာခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်က အဆိုပါ ဆီနာဘွန်း မီးတောင်သည် ပေါက်ကွဲခဲ့ဖူးကာ ယင်းအချိန်က အနည်းဆုံး လူနှစ်ဦး သေဆုံးပြီး ဒေသခံ ၃၀၀၀၀ ခန့် နေရာရွှေ့ပြောင်းခဲ့ကြသည်။ ဆီနာဘွန်း မီးတောင်သည် ၂၀၁၀ မတိုင်မီက နှစ် ၄၀၀ ကြာအောင် ငြိမ်နေခဲ့သော မီးတောင်တစ်ခုလည်းဖြစ်သည်။ ၄င်းမီးတောင်သည် အင်ဒိုနီးရှားနိုင်ငံ၏ သက်ဝင်နေသော မီးတောင် ၁၃၀ တို့မှ တစ်ခုဖြစ်သည်။ **(ဘီဘီစီ)**

မောင်းသူမဲ့လေယာဉ်များ စမ်းသပ်ရန် ပြည်နယ်ခြောက်ခုကို အမေရိကန်ကြေညာ

နယူးယောက် ဒီဇင်ဘာ ၃၁

အရပ်ဘက်လုပ်ငန်းသုံး မောင်းသူမဲ့လေယာဉ်များ စမ်းသပ်ရန်အတွက် ပြည်နယ်ခြောက်ခုကို အမေရိကန်ပြည်ထောင်စု လေကြောင်း အဖွဲ့အစည်းက ကြေညာလိုက်ပြီဖြစ်သည်။

အလာစကာ၊ နီဗားဒါး၊ နယူးယော့ခ်၊ မြောက်ဒါကိုကာ၊ တက္ကဆက်နှင့် ဗာဂျီးနီးယားပြည်နယ်တို့ကို ပြည်ထောင်စုလေကြောင်း ပျံသန်းမှုအာဏာပိုင်အဖွဲ့ကကြေညာလိုက်ခြင်းဖြစ်သည်။

အဆိုပါနေရာများသတ်မှတ်မှုမှာ မောင်းသူ မဲ့လေယာဉ်များ၏ စိတ်ချရမှုနှင့် သုံးစွဲမှုဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ အကောင်အထည်ဖော်ရေး အစီအမံ၏ အစိတ်အပိုင်း တစ်ရပ်ဖြစ်ပြီး ၂၀၁၅ ခုနှစ် ကုန်ပိုင်းတွင် ဆောင်ရွက်မည်ဖြစ်သည်။

ယခုအချိန်ထိ စစ်ရေးစစ်ရာကိစ္စများတွင်သာ အဓိက သုံးစွဲနေကြသေးသော်လည်း မောင်းသူမဲ့လေယာဉ်များကို အိမ်ခြံမြေကိုယ်စားလှယ်များ၊ စိုက်ပျိုးမွေးမြူရေးသမားများမှသည် ချောပို့ ဝန်ဆောင်မှုလုပ်ငန်းများအထိ သုံးစွဲလာကြတော့မည့် အလားအလာများ ပေါ်ထွက်နေပြီဖြစ်သည်။

အမေရိကန်ပြည်ထောင်စု လေကြောင်း ပျံသန်းမှုအာဏာပိုင်အဖွဲ့က မောင်းသူမဲ့လေယာဉ်များကို အမေရိကန် ပြည်ထောင်စုအတွင်း ရဲတပ်ဖွဲ့လုပ်ငန်းဆိုင်ရာများ၊ ကင်းလှည့်လုပ်ငန်းများ၊ မိုးလေဝသလေ့လာရေးလုပ်ငန်းများနှင့် အခြားလုပ်ငန်းများ၌ အကန့်အသတ်ဖြင့် သုံးစွဲနိုင်ရန် ထောက်ခံထားကြောင်း အခြားသတင်းတစ်ရပ်ကဆိုသည်။ **(ဘီဘီစီ၊ ရိုက်တာ)**

၂၀၁၄ ခုနှစ်တွင် စည်းလုံးရေးနှင့် ငြိမ်းချမ်းရေးအတွက် ရင်လတ်ဆုမွန်ခြွေ

ပေကျင်း ဒီဇင်ဘာ ၃၁

၂၀၁၃ ခုနှစ် အခက်အခဲများ ကုန်ဆုံးခဲ့ပြီးနောက် ထိုင်းနိုင်ငံ အိမ်စောင့်အစိုးရဝန်ကြီးချုပ် ရင်လတ်ရှင်နာဝပ်က နှစ်သစ်အတွက် ဆုမွန်ကောင်းများ တောင်းခဲ့သည်။ ဆင်ဟွာနှင့် အင်တာဗျူးတစ်ခုတွင် ရင်လတ်က ထိုင်းနိုင်ငံ၏ စည်းလုံးညီညွတ်မှုနှင့်ငြိမ်းချမ်းရေးအတွက် ၎င်း၏မျှော်လင့်ချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ "နှစ်သစ်ရောက်ပါတော့မယ်။ ဒီနှစ်မှာ ထိုင်းပြည်သူတွေအတွက် ခွင့်လွှတ်ခြင်း၊ ငြိမ်းချမ်းခြင်းနှင့် သာယာဝပြောခြင်းတွေကို နှစ်သစ်က ဆောင်ကြဉ်းပေးလိမ့်မယ်လို့ ကျွန်မမျှော်လင့်ပါတယ်။ ဒါကြောင့် ကျွန်မတို့ အတူတကွ အလုပ်လုပ်မယ်ဆိုရင် ထိုင်းနိုင်ငံကြီးဆက်ပြီး တိုးတက်ဖို့ ဆန္ဒရှိကြမယ်ဆိုရင်၊ ထိုင်းနိုင်ငံဟာ နောင်နှစ်မှာ ပိုပြီးတောက်ပမယ့် အနာဂတ်ကို ပိုင်ဆိုင်လိမ့်မယ်လို့ ကျွန်မမျှော်လင့်ပါတယ်"ဟု ရင်လတ်က ပြောကြားခဲ့သည်။ **(ဆင်ဟွာနက်)**

ရေနံစိမ်းတင်ရထားလမ်းချော် အကြီးအကျယ်မီးလောင်မှုဖြစ်ပွား

ဝါရှင်တန် ဒီဇင်ဘာ ၃၁

တစ်မိုင်ခန့်အရှည်ရှိပြီး ရေနံစိမ်းများတင်ဆောင်လာသော ရထားတစ်စင်းသည် အမေရိကန်နိုင်ငံ မြောက်ပိုင်း ဒါကိုတာပြည်နယ်၌ မတော်တဆမှုဖြင့်လမ်းချော်ရာမှ ပေါက်ကွဲမီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဒီဇင်ဘာ ၃၁ ရက်က ရေးသားထားသည်။

မီးခိုးမည်းများ လိမ့်တက်လာသည်ကို မိုင်များစွာနေရာကပင် မြင်ခဲ့ရပြီး ကျယ်လောင်သော ပေါက်ကွဲမှုများကိုလည်း ကြားကြရသည်ဟု သတင်းတွင်ဖော်ပြသည်။

အဆိုပါဖြစ်စဉ်အတွင်း ထိခိုက်မှုတစ်စုံတစ်ရာရှိ မရှိ မသိရသေးသော်လည်း ကြိုတင်ကာကွယ်သည့်အနေဖြင့် အနီးအနားရှိ ကက်ဆယ်လ်တန်မြို့မှ လူ ၃၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန် တာဝန်ရှိသူများက ညွှန်ကြားထားသည်။ မြောက်ပိုင်း ဒါကိုတာရှိ အရေးပေါ်ကယ်ဆယ်ရေးဌာန ပြောခွင့်ရ ပုဂ္ဂိုလ်တစ်ဦး ပြောကြားချက်အရ ပေါက်ကွဲမှု ဖြစ်စဉ်အတွင်း နောက်ပိုင်းရထားတွဲ ၅၀ တို့မှာ ပြုတ်ထွက်သွားပြီး ၅၆ တွဲမှာ ကျန်ရှိနေကြောင်း၊ ရထားသည် အခြားကုန်တင် ရထားနှင့် တိုက်မိပြီးနောက် အရက်ပြန်စက်ရုံတစ်ခုအနီး လမ်းချော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အရေးပေါ်ကယ်ဆယ်ရေး တပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ မတော်တဆဖြစ်ပွားရာ နေရာသို့ ရောက်လာကြပြီးဖြစ်သည်။

ရထားပေါက်ကွဲမီးလောင်မှုဖြစ်ရာ ပတ်ဝန်းကျင် ငါးမိုင်အတွင်းနှင့် ကက်ဆဲလ်တန်မြို့ရှိ ဒေသခံများအား တောင်ပိုင်းနှင့် အရှေ့ပိုင်းဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန် ဆော်ဩထားသည်ဟု သိရသည်။

၁၀ မိုင်အတွင်း နေထိုင်သူများကိုလည်း အိမ်အတွင်း၌သာ နေထိုင်ကြရန် တာဝန်ရှိသူများက ညွှန်ကြားထားသည်။

၂၅ မိုင်အကွာရှိ ဖာဂိုမြို့၌ ယာယီကယ်ဆယ်ရေး စခန်းဖွင့်လှစ်ထားပြီးဖြစ်သည်ဟု သတင်းတွင် ဖော်ပြထားသည်။ **(ဘီဘီစီ)**

တွဲ ၁၀၆ တွဲပါ ရထားကို ပေါက်ကွဲမီးလောင်စ အချိန်က တွေ့ရစဉ်

PWP POWER WING PILE CO.,LTD.

လူကြီးမင်းတို့၏ နေအိမ်အဆောက်အဦများ၊ ဟိုတယ်များ၊ အထပ်မြင့်၊ အဆင့်မြင့် Condo တိုက်များ၊ စက်ရုံအလုပ်ရုံများ Foundation ခိုင်ခံ့မှုရှိစေရန်အတွက် မြန်မာအမျိုးသားပိုင်ကုမ္ပဏီဖြစ်သော Power Wing Pile Co.,Ltd. မှ အရည်အသွေးပြည့်မီသော ကွန်ကရစ်ပိုင်ချောင်းများအား ထုတ်လုပ်ပေးခြင်းနှင့် ကျွမ်းကျင်သော ပညာရှင်များ၊ အင်ဂျင်နီယာများမှ ခေတ်မီစက်ကြီးများဖြင့် Pile Foundation & Load Test တို့အား လုပ်ငန်းအပ်နှံသူများနှင့် ညှိနှိုင်းသည့်အတိုင်း စိတ်တိုင်းကျ မှန်ကန်တိကျစွာ တာဝန်ယူဆောင်ရွက်ပေးနေပါသည်။

ဆက်သွယ်ရန် (ရုံး) အမှတ်(၂၈/၂၂)၊ ရွှင်စေတပုလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - 01-2304709, 01-510184, 09-43155652 Fax : 01-510543
Email : powerwingpile@gmail.com
(စက်ရုံ) အမှတ်(၃၁၄)၊ ဂန္ဓမာလမ်း၊ ဉာဏရုပ်ကွက်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - 09-420254214, 09-6503478
အမှတ် (၄၁၀ ဘီ / ၇၅က)၊ စကားဝါလမ်း၊ ပုလဲအိမ်ရာ၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - 09-6503436

နှစ်သစ်မှာ အကြိတ်အနယ်နွှဲရမယ့် ချန်ပီယံရှစ်ပွဲစဉ် (၂၄)

မိုးမြင့်လင်းလက်

ချန်ပီယံရှစ်ပွဲစဉ် (၂၄) ကို ဇန်နဝါရီ ၁ ရက်နဲ့ ၂ ရက်တွေမှာ ဆက်လက်ကစားမှာ ဖြစ်လို့ နှစ်သစ်ကူးကာလမှာတော့ ပွဲကောင်းတွေက စောင့်ကြိုနေပြန်ပါတယ်။

ဒီတစ်ပတ်မှာတော့ ရက်ဒင်းနဲ့ နော်တင်ဟမ်၊ ဘန်လေနဲ့ ဟက်ဒါဖီးလ်တို့ပွဲတွေဟာ ပရိသတ်အကြိုက်တွေ့မယ့်ပွဲတွေ ဖြစ်လာပါလိမ့်မယ်။

ရက်ဒင်းနှင့် နော်တင်ဟမ်

ခြေစွမ်းတူနေတဲ့ နှစ်သင်းမို့ အပြိုင်အဆိုင်နွှဲကြရမယ့်ပွဲပါပဲ။ တစ်လှည့်စီအနိုင်ယူနေကြတဲ့ ဒီနှစ်သင်းမှာ အိမ်ရှင်ဆိုတဲ့ အားသာချက်နဲ့ ရက်ဒင်းတို့အနိုင်သုံးမှတ်ကို ရအောင်ယူပါလိမ့်မယ်။

နော်တင်ဟမ်ဟာ အခုနောက်ပိုင်းပွဲစဉ်တွေမှာ ခြေစွမ်း မတည်ငြိမ်တာမို့ ဒီပွဲမှာတော့ အိမ်ရှင်တို့ အခွင့်အလမ်းကောင်းတွေ ရရှိနိုင်မှာဖြစ်ပေမယ့် ခက်ခဲမှုတွေနဲ့ ရင်ဆိုင်ရပါလိမ့်မယ်။

ဘန်လေနဲ့ ဟက်ဒါဖီးလ်

ပထမအကျော့ပွဲစဉ်မှာ ဘန်လေတို့ ရှုံးခဲ့လို့ ဒီပွဲမှာတော့ ဘန်လေတို့ အကြွေးပြန်ဆပ်ပါလိမ့်မယ်။ ဟက်ဒါဖီးလ်တို့က ခြေစွမ်းပြနိုင်တာမို့ အိမ်ရှင်တို့လည်း သိပ်တော့ မလွယ်ပါဘူး၊ ဟက်ဒါဖီးလ်ကို အနိုင်ကစားဖို့ ပြင်ဆင်ထားတဲ့ ဘန်လေဟာ အကြိတ်အနယ်နွှဲရမှာတော့ အသေအချာပါပဲ။

ရှက်ဖ်ဖီးနှင့် ဘလက်ပူး

ရှက်ဖ်ဖီးတို့ အိမ်ကွင်း ဆိုပေမယ့် ရင်ပူစရာကောင်းတဲ့ ပွဲဖြစ်ပါတယ်။ အိမ်ကွင်းမှာ ရှုံးပွဲတွေကြုံတွေ့နေတဲ့ ရှက်ဖ်ဖီးဟာ ဧည့်သည်ဘလက်ပူးကို အကျပ်အတည်းဖြစ်အောင်လုပ်နိုင်မလားဆိုတာ သံသယဖြစ်စရာပါပဲ။ ဒါပေမယ့်အမှတ်လိုအပ်နေတဲ့ ရှက်ဖ်ဖီးတို့ ဘလက်ပူးနဲ့ပွဲမှာအမှတ်ရအောင် ယူနိုင်ဖို့ ကြိုးစားပါလိမ့်မယ်။

အစ်ဆွစ်နှင့် ချာလ်တန်

အိမ်ကွင်းမှာ အနိုင်ရအောင်ကစားတတ်တဲ့ အစ်ဆွစ်အတွက်တော့ အခွင့်အရေးကောင်းတစ်ရပ်အဖြစ် သဘောထားပြီး အမှတ်ပြည့်ရအောင် စွမ်းဆောင်ပါလိမ့်မယ်။

ချာလ်တန်တို့ကတော့ အဝေးကွင်းမှာ ခြေစွမ်း မပြနိုင်တာမို့ ဒီပွဲမှာ မျှော်လင့်ချက် နည်းပါးစွာနဲ့ သွားရောက်ကစားရမှာ ဖြစ်ပါတယ်။ အိမ်ရှင်တို့ အားသာချက်ရှိမယ့်ပွဲပါ။

ဘော်လ်တန်နှင့် မစ်ဒယ်ဘရော့

ခြေစွမ်းမာတဲ့ မစ်ဒယ်ဘရော့ကို ဘော်လ်တန်ကို့ အိမ်ကွင်းဆိုပေမယ့် ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် ဘော်လ်တန်ဟာပုံမှန်ခြေစွမ်းရနေတာမို့ မစ်ဒယ်ဘရော့ရဲ့ဖိအားပေး ကစားမှုကို ကောင်းကောင်းဟန့်တားနိုင်ပါလိမ့်မယ်။ ရလဒ်ပိုင်းကောင်းအောင်ကြိုးစားတတ်တဲ့ ဘော်လ်တန်တို့ ခြေစွမ်းအပေါ် စိတ်ချမှုရှိရမှာပဲ ဖြစ်ပါတယ်။ ။



ပယ်နယ်တီရလို၍ ဆွာရက်ဇ် ဒိုင်ဗင်ထိုးဟုစွပ်စွဲ

လီဗာပူးက ချယ်လ်ဆီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်သည့်ပွဲတွင် လီဗာပူးတိုက်စစ်မှူးအနေဖြင့် ပယ်နယ်တီကန်ခွင့်ရလို၍ ဂိုးအတွင်း ဒိုင်ဗင်ထိုးခဲ့ကြောင်း ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက စွပ်စွဲပြောကြားလိုက်သည်။ ဆွာရက်ဇ်သည် အီတိုး ဂိုးသွင်းယူပြီးနောက် ချေပဂိုးသွင်းယူနိုင်ရန် ချယ်လ်ဆီးဂိုးဧရိယာအတွင်း လှဲချခဲ့သည်ဟု ဆိုသည်။

ဆီဇာအပီလီကျူတာကို တိုက်မိပြီး ဂိုးဧရိယာအတွင်း လှဲချခဲ့ကြောင်း မော်ရင်ဟိုက စွပ်စွဲပြောကြားသည်။ ဆွာရက်ဇ်သည် ယခုနှစ် ပရီမီယာလိဂ် ၁၄ ပွဲတွင် ၁၉ ဂိုးသွင်းယူပေးထားသည်။ ၎င်းသည် ပြီးခဲ့သော ရာသီက အီဗန်နိုဗစ်ကို ကိုက်ခဲ့သည့်အတွက် ၁၀ ပွဲ ပိတ်ပင်ခံရသည်။ ၂၀၁၁ ခုနှစ်ကလည်း မန်ယူကစားသမား အီဗရာကို ဆဲဆိုခဲ့၍ ရှစ်ပွဲ ပိတ်ပင်ခံရသည်။

ဖီအိုရင်တီးနားနောက်တန်းလူ ဆန်းဒါးလန်းရောက်

ဆန်းဒါးလန်းအသင်းက ဖီအိုရင်တီးနားနောက်တန်းကစားသမားမားကို့စ်အလွန်ဆိုကို ယခုနှစ်ရာသီကုန်သည်အထိ အငှားခေါ်ယူစာချုပ်လိုက်သည်။ အလွန်ဆိုသည် ဆန်းဒါးလန်းသို့ ဆေးစစ်ဆေးမှုခံယူရန် ရောက်ရှိလာသည်။ ဇန်နဝါရီလ ကစားသမားများခေါ်ယူရေး စတင်ဖွင့်လှစ်ချိန်တွင် ဆန်းဒါးလန်းသို့ ရောက်ရှိလာမည့် အသက် ၂၃ နှစ်အရွယ်ရှိ အလွန်ဆိုသည် မေလက ဘော်လ်တန်မှ ဖီအိုရင်တီးနားသို့ ပြောင်းရွှေ့ခဲ့သည်။ ၎င်းသည် ဘောလုံးသမားဘဝကို ရီးရဲမက်ဒရစ်၌ စတင်ခဲ့သည်။ သို့သော် အသင်း၌သာ အများဆုံးကစားခဲ့ရသည်။ ပထမတန်းအသင်းတွင် တစ်ကြိမ်သာကစားခဲ့ရသည်။ ၂၀၁၀ ခုနှစ် ဇူလိုင်လက ဘော်လ်တန်သို့ ရောက်ရှိခဲ့ပြီး ပွဲပေါင်း ၄၆ ပွဲတွင် ငါးဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဂိုးသွင်းအောင်ပွဲခံမှု မလုပ်ရန် အနယ်လ်ကာ သဘောတူ

ဝက်စ်ဘရွန်း တိုက်စစ်မှူး နီကိုလတ်စ်အနယ်လ်ကာသည် ဂိုးသွင်းအောင်ပွဲခံရာတွင် ခြေဟန်လက်ဟန်ပြပြီး အောင်ပွဲခံခြင်းမပြုလုပ်ရန် သဘောတူလိုက်သည်။ အသက် ၃၄ နှစ်ရှိ တိုက်စစ်မှူး အနယ်လ်ကာသည် ဒီဇင်ဘာ ၂၉ ရက်က ဝက်စ်ဟမ်းနှင့် ကစားသည့်ပွဲ တစ်ဖက်သုံးဂိုးစီသရေကျသည့်ပွဲတွင် နာဇီအမှတ်တံဆိပ်ပြောင်းပြန်လုပ်ပြသခဲ့သည်ဟုဆိုသည်။ အားကစားသမားတစ်ဦးအနေဖြင့် ယင်းကဲ့သို့ အပြုအမူမပြုလုပ်သင့်ကြောင်း ပြင်သစ်အားကစားဝန်ကြီးက စွပ်စွဲပြောကြားသည်။ တိုက်စစ်မှူး အနယ်လ်ကာအနေဖြင့် ယင်းကဲ့သို့ အပြုအမူများနောက်ထပ်မပြုလုပ်ရန် သဘောတူထားကြောင်း ဝက်စ်ဘရွန်းအသင်း၏ ကြေညာချက်တွင် ဖော်ပြသည်။ သို့ရာတွင် တိုက်စစ်မှူး အနယ်လ်ကာက နာဇီအမှတ်အသားမပြုလုပ်ကြောင်း ငြင်းဆိုထားသည်။

နည်းပြဟောင်း ဝီလ်ကင်းစ် ဖူလ်ဟမ် လက်ထောက်နည်းပြဖြစ်လာ

ဖူလ်ဟမ်က နည်းပြဟောင်း ဝီလ်ကင်းစ်အား နည်းပြ မူလန်စတီး၏ လက်ထောက်နည်းပြအဖြစ် ခန့်အပ်တာဝန်ပေးအပ်လိုက်ခြင်းဖြစ်သည်။ အသက် (၅၇နှစ်) ရှိ ဝီလ်ကင်းစ်သည် အလန်ကူဘစ်၍ နည်းစနစ်မှူးဖြစ်လာပြီးနောက် ဖူလ်ဟမ်အသင်း၏ လက်ထောက်နည်းပြဖြစ်လာသည်။

နည်းပြမူလန်စတီးက ဝီလ်ကင်းစ်အား ဖူလ်ဟမ်အသင်းကို တန်းဆင်းဇုန်အတွင်းမှ ရုန်းထွက်ရာတွင် ကူညီပေးနိုင်လိမ့်မည်ဟု ယုံကြည်ထားသည်။ ဝီလ်ကင်းစ်သည် ဖူလ်ဟမ်အသင်းကို လွန်ခဲ့သည့် ၁၅ နှစ်က နည်းပြအဖြစ်တာဝန်ယူကိုင်တွယ်ပေးခဲ့ခြင်းဖြစ်သည်။

ကောင်းမြတ်သူ - စုစည်းသည်

နိုင်ငံတကာအားကစားသတင်း

အင်္ဂလန်ပြည်တွင်းလိဂ်ပွဲစဉ်များ

သီဟ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ် - ၂၀ — ဇန်နဝါရီ ၁

ဆွမ်ဆီး	-	မန်စီးတီး	ည ၇း၁၅
အာဆင်နယ်	-	ကာဒစ်ဖ်	ည ၉း၃၀
ပဲလေ့စ်	-	နော့ဝှစ်ချ်	ည ၉း၃၀
ဖူလ်ဟမ်	-	ဝက်စ်ဟမ်း	ည ၉း၃၀
လီဗာပူး	-	ဟားလ်စီးတီး	ည ၉း၃၀
ဆောက်သမ်တန်	-	ချယ်လ်ဆီး	ည ၉း၃၀
စတုတ်	-	အဲဗာတန်	ည ၉း၃၀
ဆန်းဒါးလန်း	-	အက်စ်တွန်ဗီလာ	ည ၉း၃၀
ဝက်စ်ဘရွန်း	-	နယူးကာဆယ်	ည ၉း၃၀
မန်ယူ	-	စပါး	ည ၁၂း၀၀

အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ် - ၂၄ — ဇန်နဝါရီ ၁

အစ်ဆွစ်	-	ချာလ်တန်	ည ၉း၃၀
ရှက်ဖီးဝမ်းနက်စ်ဒေး	-	ဘလက်ပူးလ်	ည ၉း၃၀
ဘာမင်ဂမ်	-	ဘန်စလေ	ည ၉း၃၀
ဒါဘီ	-	ဝီဂန်	ည ၉း၃၀
ဘန်လေ	-	ဟက်ဒါဖီးလ်	ည ၉း၃၀
ကျူပီအာ	-	ဒွန်ကတ်စတာ	ည ၉း၃၀
မီဝေါလ်	-	လက်စတာ	ည ၉း၃၀
ဘရိုက်တန်	-	ဘုန်းမောက်	ည ၉း၃၀
ရီးဒင်း	-	နော်တင်ဟမ်	ည ၉း၃၀
ဘော်လ်တန်	-	မစ်ဒယ်ဘရော့	ည ၉း၃၀
လိဒ်	-	ဘလက်ဘန်း	ည ၉း၃၀
ယီအိုဗွီး	-	ဝက်ဖို့ဒ်	ည ၁၂း၀၀

ဝက်စ်ဘရွန်း Vs နယူးကာဆယ်

ပွဲစဉ် ၁၉ အပြီးမှာ ဝက်စ်ဘရွန်းသည် ရမှတ် ၁၈ မှတ်နဲ့ အဆင့် ၁၅ မှာ ရှိနေပြီး နယူးမှာ ရမှတ် ၃၃ မှတ်နဲ့ အဆင့်၈မှာ ရပ်တည်နေပါတယ်။ နယူး အသင်းသည်သူ့အထက်အဆင့် ၇ စပါးနှင့်တစ်မှတ်သာကွာပြီး စပါးသည် အဝေးကွင်းမှာ မန်ယူနဲ့ တွေ့ဆုံနေသဖြင့် နယူးတို့ ဒီအခွင့်အရေးကို အသုံးချနိုင်မယ်ဆိုရင် နောက်တစ်ဆင့်တက်ဖို့ အခြေအနေကောင်းနေပါတယ်။ နယူးအသင်း လက်ရှိခြေစွမ်းတည်ငြိမ်နေတာကြောင့် ဧည့်သည်တို့ သုံးမှတ်အပြည့်ယူသွားနိုင်မှာပါ။

ဝက်စ်ဘရွန်း					နယူးကာဆယ်
နောက်ဆုံးအိမ်ကွင်းလေးပွဲရလဒ်			နောက်ဆုံးအဝေးကွင်းလေးပွဲရလဒ်		
ဝက်စ်ဘရွန်း	၁-၁	ဟားလ်စီးတီး	ပဲလေ့စ်	၀-၃	နယူးကာဆယ်
ဝက်စ်ဘရွန်း	၀-၂	နော့ဝှစ်ချ်	မန်ယူ	၀-၁	နယူးကာဆယ်
ဝက်စ်ဘရွန်း	၂-၃	မန်စီးတီး	ဆွမ်ဆီး	၃-၀	နယူးကာဆယ်
ဝက်စ်ဘရွန်း	၂-၂	အက်စ်တွန်ဗီလာ	စပါး	၀-၁	နယူးကာဆယ်

အိမ်ကွင်း အဝေးကွင်း တွေ့ဆုံမှု

၃၀.၁၁.၂၀၁၃	နယူးကာဆယ်	၂-၁	ဝက်စ်ဘရွန်း
၂၀.၄.၂၀၁၃	ဝက်စ်ဘရွန်း	၁-၁	နယူးကာဆယ်
၂၈.၁၀.၂၀၁၂	နယူးကာဆယ်	၂-၁	ဝက်စ်ဘရွန်း
၂၅.၃.၂၀၁၂	ဝက်စ်ဘရွန်း	၁-၃	နယူးကာဆယ်
၂၁.၁၂.၂၀၁၁	နယူးကာဆယ်	၂-၃	ဝက်စ်ဘရွန်း
၂၂.၅.၂၀၁၁	နယူးကာဆယ်	၃-၃	ဝက်စ်ဘရွန်း
၅.၁၂.၂၀၁၀	ဝက်စ်ဘရွန်း	၃-၁	နယူးကာဆယ်
၁၈.၁.၂၀၁၀	နယူးကာဆယ်	၂-၂	ဝက်စ်ဘရွန်း

ပြည်တွင်းသတင်း

ရန်ကုန်တိုင်းဒေသကြီး လက်တွေ့ကျသော ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး ဒေသန္တရအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

ရန်ကုန်တိုင်းဒေသကြီး လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရေးဆိုင်ရာ ဒေသန္တရအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြင့်ဆွေက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်က အမှာစကားပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ အခြေခံပညာရေးဆိုင်ရာ မူဝါဒများကို မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနနှင့် အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးသိမ်းကြီးက လည်းကောင်း၊ အဆင့်မြင့် ပညာရေးဆိုင်ရာမူဝါဒများကို ရန်ကုန်ပညာရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအောင်မင်းကလည်းကောင်း တင်ပြဆွေးနွေးကာ တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် စက်မှု၊ သက်မွေးပညာရေးဆိုင်ရာမူဝါဒများကို ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်တာဝန်ခံပါမောက္ခချုပ် ဒေါက်တာသိဂ်ီကလည်းကောင်း၊ အမျိုးသားပညာရေး ဥပဒေရေးဆွဲရေးဆိုင်ရာကိစ္စရပ်များကို ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာခင်မာရီက လည်းကောင်း တင်ပြဆွေးနွေးကာ တက်ရောက်လာကြသူများကလည်း ပြန်လည်အကြံပြုဆွေးနွေးကြသည်။

အဆိုပါ အကြံပြုဆွေးနွေးချက်များအပေါ် ခြုံငုံသုံးသပ်ဆွေးနွေးပြီးနောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပေါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ NGO အဖွဲ့အစည်းများ၊ မိဘ၊ ဆရာ၊ ကျောင်းသား ကိုယ်စားလှယ်များ၊ သတင်းမီဒီယာများနှင့် စိတ်ဝင်စားသူများ တက်ရောက်ဆွေးနွေးကြသည်။

ယနေ့ကျင်းပသော ဒေသန္တရအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးခဲ့သော ပညာရေးဆိုင်ရာမူဝါဒများကို ရုပ်မြင်သံကြားစကားဝိုင်းများဖြင့်လည်း ဆွေးနွေးထုတ်လွှင့်လျက်ရှိပြီး ပြည်သူများ၏ အကြံပြုချက်များကိုလည်း ဖိတ်ခေါ်လျက်ရှိရာ အကြံပြုချက်များကို ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ တက္ကသိုလ်စာတိုက် ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ ၁၀-၁-၂၀၁၄ နောက်ဆုံးထား၍ ပေးပို့ရန် ဖိတ်ခေါ်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ *ရှေ့ဖုံးမှ*

အတွက် အမှတ်တရဖြစ်ကျန်ရစ်ခဲ့မှာပါ။ ဒီညနှစ်သစ်ကူးမှာ ပရိသတ်ကြီးနဲ့ ပြည်သူအပေါင်း စိတ်သစ်ကိုယ်သစ်နဲ့ ပျော်ရွှင်ချမ်းမြေ့စွာ ဖြတ်သန်းနိုင်ပါစေလို့ ဆုတောင်းခြွေခဲ့ပါတယ်"ဟု အဆိုပါ နှစ်သစ်ကူးရှိုးပွဲကြီးသို့ လာရောက်သီဆိုဖျော်ဖြေသည့် အိပ်မက်ဆုံရာ အမှတ်စဉ်(၅)တွင် Winner ဆုနှင့် Popular Choice award ဆုကို ရရှိခဲ့သည့် အောင်မြင့်မြတ်က နှစ်သစ်ကူးပျော်ရွှင်မှုနှင့်အတူ ရင်ဖွင့်ပီတိ စကားဆိုခဲ့သည်။

ယခုနှစ်ပြုလုပ်သည့် နှစ်သစ်ကူးရှိုးပွဲကြီးသည် ဒုတိယအကြိမ်ဖြစ်ပြီး Main Sponers များအဖြစ် ဗန်ကောက်အဲလိုင်း၊ Pond's နှင့် Signal တို့က အဓိကကူညီပံ့ပိုးပေးခဲ့သည်။ မိုင်ဒါကွင်းကြီးတွင် လာရောက်ကြည့်ရှုသူ ပရိသတ်များ ပြည့်လျှံစည်ကားစွာဖြင့် နှစ်သစ်ကို ပျော်ရွှင်စွာဖြတ်သန်းရင်းကြိုဆိုကြသည်ကို တွေ့ရသည်။ **(မြန်မာ့အလင်း)**

▲ *ကျောဖုံးမှ*

ဆောင်ရွက်သွားမည်ဖြစ်သည်။ ရထားလမ်းဘေးတစ်လျှောက် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန်၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝမထိခိုက်စေရန်၊ ရေရှည်ဘေးအန္တရာယ်ထိခိုက်မှုမရှိစေရန်၊ ဂေဟစနစ်မထိခိုက်စေရန် စသည့်အချက်များကို သတိပြုဆောင်ရွက်သွားမည်ဖြစ်သည်။

ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ပြီးပါက ယခု တစ်နာရီ ၄၅ မိုင်ခန့်သာ မောင်းနှင်နိုင်ရာမှ တစ်နာရီ မိုင် ၆၀ အထိ မောင်းနှင်နိုင်မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ဖိတ်ခေါ်တာဝေးအပြေးပြိုင်မည်

မန္တလေး ဒီဇင်ဘာ ၃၁

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဖိတ်ခေါ်တာဝေးအပြေးပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့ နံနက် ၆ နာရီတွင် အားကစားခန်းမရှေ့စုရပ်နေရာမှ ကောင်းမှုတော်ဘုရားအထိ အသွားအပြန် စစ်ကိုင်းမြို့နယ်ပြေးခုန်ပစ်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်း(ငြိမ်းသီရိဟိုတယ်)မှ အဓိကပံ့ပိုးကူညီမှုဖြင့် ပြေးခုန်ပစ်ကော်မတီတို့က ပူးပေါင်းကျင်းပမည်ဖြစ်ရာ အပြေးပြိုင်ပွဲဝင် အားကစားသမားများအနေဖြင့် စစ်ကိုင်းအားကစားကွင်းမှ ဦးအောင်သန်း၊ စစ်ကိုင်းမြို့ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၊ စစ်ကိုင်းပြေးခုန်ပစ်ဆပ်ကော်မတီ၊ ငြိမ်းသီရိဟိုတယ်တို့သို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း၊ ပြိုင်ပွဲတွင် ပထမဆုငွေကျပ် တစ်သိန်း၊ ဒုတိယဆုငွေကျပ် ခုနစ်သောင်း၊ တတိယဆု ငွေကျပ် ငါးသောင်း၊ စတုတ္ထဆု ငွေကျပ် သုံးသောင်း၊ ပဉ္စမဆု ငွေကျပ် နှစ်သောင်းနှင့် အထူးဆုငါးဆုအတွက် ငွေကျပ် တစ်သောင်းစီတို့ဖြင့် ငြိမ်းသီရိဟိုတယ်မှ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" လက်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ လုပ်ငန်းကဏ္ဍအလိုက် ကော်မတီများနှင့် လုပ်ငန်းအထောက်အကူပြုအဖွဲ့တို့ ရှေ့လုပ်ငန်းစဉ်များဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃၁

မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ လုပ်ငန်းကဏ္ဍအလိုက် ကော်မတီများနှင့် လုပ်ငန်းအထောက်အကူပြုအဖွဲ့တို့ ရှေ့လုပ်ငန်းစဉ်များဆိုင်ရာ ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျွမ်းကျင်ပညာရှင်များက အာဆီယံနိုင်ငံများနည်းတူ မြန်မာနိုင်ငံလုပ်သားများအား အလုပ်တာဝန်များ (Occupation)အလိုက် သတ်မှတ်ထားသော စံချိန်စံညွှန်းများအရ သင်ကြားလေ့ကျင့်ပေးရန် (Competency Based Training)၊ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်မှုအဆင့်များအား သတ်မှတ်ထားသောစံချိန်စံညွှန်းများအရ စစ်ဆေးသတ်မှတ်ပြဋ္ဌာန်းပေးရန် (Competency Based Assessment)၊ ကျွမ်းကျင်မှုလေ့ကျင့်ရန်လိုအပ်သော အလုပ်ရှင်၊ အလုပ်သမားများအတွက် ငွေကြေးထောက်ပံ့ပေးရန် ရန်ပုံငွေ (Skill Development Fun) စသည်တို့အပေါ် ပူးပေါင်းအကောင်ထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အလုပ်အကိုင် (Job Occup-ation)များအလိုက် လေ့ကျင့်ပေးခြင်းနှင့် ကျွမ်းကျင်မှုများအား နိုင်ငံအဆင့် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ခြင်းဖြင့် မြန်မာအလုပ်သမားများသည် ကျွမ်းကျင်မှုအဆင့်အလိုက် လုပ်ခလစာများအားရရှိ၍ အလုပ်ရှင်၊ အလုပ်သမားများ အငြင်းပွားမှုများ ကွယ်ပျောက်သွားနိုင်မည်ဖြစ်ပြီး အာဆီယံအသိုင်းအဝိုင်းတွင် အများနည်းတူ အလုပ်အကိုင်အခွင့်အလမ်းများအား လုပ်ကိုင်ဆောင်ရွက်နိုင်တော့မည် ဖြစ်သည်။

ဆွေးနွေးပွဲရလဒ်အပေါ် "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ အတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က "ဒီနေ့ ဆွေးနွေးပွဲက တစ်နိုင်ငံလုံးမှာရှိတဲ့ အလုပ်သမားတွေအတွက် ကျွမ်းကျင်မှုအရည်အသွေးအလိုက် "စံ" သတ်မှတ်ပြဋ္ဌာန်းနိုင်အောင်နဲ့ ကျွမ်းကျင်မှုအဆင့်အလိုက် ခံစားခွင့်တွေရရှိအောင် ရည်ရွယ်ပြီး ကျင်းပတာပါ၊ ဒီအဖွဲ့ကို ၂၀၀၇ ခုနှစ်ကတည်းက ဖွဲ့စည်းခဲ့ပေမယ့်လည်း လုပ်ငန်းထုထည်ပမာဏ ကြီးမားတဲ့အတွက် လုပ်ငန်းဆောင်ရွက်မှုမြန်ဆန်အောင် ၂၀၁၃ ခုနှစ်မှာ ဥပဒေပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေမပေါ်ပေါက်ခင်မှာ အမိန့်ကြော်ငြာချက်ပဲရှိပြီး လုပ်ငန်းကော်မတီတွေကိုလည်း တစ်ပါတည်းဖွဲ့စည်းထားတာပါ။ ဒီလိုအဓိကထားလုပ်ဆောင်ရတဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံလုပ်သားထုအတွက် သူတို့ပါဝင်ဆောင်ရွက်မယ့် ကဏ္ဍအလိုက်မှာ ကျွမ်းကျင်မှုရှိရမယ့်"စံ"တွေကို နားလည်ပြီး လိုအပ်တဲ့ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်အောင် ရည်ရွယ်တာပါ။ အခုလိုရည်ရွယ် ဆောင်ရွက်ရတာကလည်း လာမယ့် ၂၀၁၅ ခုနှစ်မှာ အာဆီယံရဲ့ Free Flow Skill Labour ဆိုတဲ့ တခြားနိုင်ငံက ကျွမ်းကျင်သူလုပ်သားတွေဝင်လာရင် သူတို့မှာ အသိအမှတ်ပြုလက်မှတ်တွေ အထောက်အထားတွေနဲ့လာပြီး အလုပ်လုပ်ကြမယ်။ ကိုယ့်နိုင်ငံက အလုပ်သမားတွေမှာလည်း အခုလိုမျိုး အထောက်အထားတွေ လက်မှတ်တွေကိုင်ဆောင်ပြီး ယှဉ်ပြိုင်လုပ်ကိုင်နိုင်အောင် ရည်ရွယ်ပြီး ဆောင်ရွက်ရခြင်းဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။

မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအပေါ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက "ကျွန်မတို့နိုင်ငံမှာ ကျွမ်းကျင်လုပ်သားတွေရှိလာဖို့ ဖွံ့ဖြိုးတိုးတက်လာဖို့ တစ်နည်းအားဖြင့် မြန်မာလုပ်သားထု ဖွံ့ဖြိုးတိုးတက်လာဖို့ကို ဝန်ကြီးဌာနအနေနဲ့ အစွမ်းကုန်လုပ်ဆောင်နေပါတယ်။ မြန်မာလုပ်သားထုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကိုလည်း ဆွဲပြီးနေပြီ။ လုပ်သားထုအတွက် လေ့ကျင့်ရေးစင်တာတွေ၊ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ဖို့ အစီအစဉ်တွေအားလုံးကို တစ်ပြိုင်တည်း လုပ်နေပါပြီ။ ကျွန်မတို့ဝန်ကြီးဌာနအနေနဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ အလုပ်သမားရေးရာတွေကို ဖြေရှင်းပေးနေပါတယ်။ အခုလိုဖြေရှင်းဆောင်ရွက်ရာမှာလည်း အလုပ်သမားဌာနတစ်ခုတည်းနဲ့ တာဝန်ယူဖြေရှင်းဆောင်ရွက်လို့မရပါဘူး။ သက်ဆိုင်ရာအဖွဲ့အစည်းတွေ၊ အစိုးရဌာနတွေ၊ ဝန်ကြီးဌာနပေါင်းစုံနဲ့ ပုဂ္ဂလိကတွေကော အကုန်လုံးပါဝင်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဒါကြောင့် NSSA ကို အသင်းအဖွဲ့ပေါင်းစုံက စိတ်ဝင်စားမှုရှိသော်လည်း သက်ဆိုင်ရာ ပင်မလုပ်ငန်းများကြောင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုအပိုင်းမှာ အားနည်းနေပါသေးတယ်။

ဒီလို အဖွဲ့အစည်း အသင်းအဖွဲ့တွေအပိုင်းက ပါဝင်ဆောင်ရွက်မှုတိုးတက်လာသည်နှင့်အမျှ ကျွန်မတို့နိုင်ငံက အလုပ်သမားထုအတွက် အနေအထား ပိုမိုကောင်းမွန်လာမှာဖြစ်တယ်။ အဓိကမျှော်မှန်းတာက FDI ဝင်လာမယ်။ ဝင်လာရင် ကျွန်မတို့နိုင်ငံက အလုပ်သမားတွေက သူတို့ရဲ့ စက်ရုံအလုပ်ရုံတွေမှာ ဝင်လုပ်မယ်၊ စက်ရုံအလုပ်ရုံတွေက အလုပ်ခန့်ချင်သော်လည်း ကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြုအထောက်အထားမရှိပါက စစ်ဆေးခြင်းမရှိဘဲ အထွေထွေလုပ်သားများအဖြစ် ခန့်အပ်မှာစိုးတဲ့အတွက် ဝန်ကြီးဌာနအပိုင်းကတော့ လိုအပ်တာတွေကို အလျင်အမြန် ဆောင်ရွက်နေပါပြီ။ အခုလက်ရှိမှာတော့ စမ်းသပ်ပရောဂျက်တွေကို လုပ်ထားတာရှိပါတယ်။ ဥပမာ ဂဟေပညာဆိုင်ရာကျွမ်းကျင်လုပ်သားတွေကို သတင်းစာကနေတစ်ဆင့်ခေါ်ယူပြီး စစ်ဆေးပါတယ်။ စစ်ဆေးရာမှာလည်း တိကျသေချာတဲ့ စက်တွေနဲ့ တိုင်းတာပြီး အရည်အချင်းအသိအမှတ်ပြုလက်မှတ် ထုတ်ပေးပါတယ်။ အခုလိုစစ်ဆေးပေးနိုင်ဖို့အတွက် လိုအပ်တဲ့ စက်ပစ္စည်းနဲ့ အထောက်အကူပြုပစ္စည်းတွေ ပြည့်စုံစွာရှိဖို့လိုအပ်ပါတယ်။

အဲဒီလိုမျိုး ပြည့်စုံတဲ့စင်တာမှာ လာဖြေခိုင်းတော့ တကယ့်အရည်အချင်းမှန်ကိုသိပြီး သက်ဆိုင်ရာအဆင့်အလိုက် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးတယ်။ ဒီလိုစစ်ဆေးမှုတွေ မပြုလုပ်ခင်မှာ အကြိုစမ်းသပ်မှုနဲ့ လိုအပ်တဲ့နည်းပညာပိုင်းဆိုင်ရာတွေကို သင်ကြားပေးပါတယ်။ ပြီးတော့ အောင်တဲ့အပေါ်မူတည်ကာ အသိအမှတ်ပြုလက်မှတ်ကို ထုတ်ပေးတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း အခက်အခဲတွေ့ရှိတယ်။ စမ်းသပ်စစ်ဆေးမှုတစ်ခုအတွက် လက်တွေ့ကိုင်တွယ်အသုံးပြုရတဲ့ ပစ္စည်းဖိုးတွေရှိတယ်။ ဒါကိုတော့ လာရောက်ဖြေဆိုသူအလုပ်သမားတွေအနေနဲ့ လက်ငင်းတတ်နိုင်စွမ်းမရှိပါဘူး။ "စံ"သတ်မှတ်ရေးအဖွဲ့အနေနဲ့လည်း အကုန်အကျခံနိုင်အောင်မရှိဘူး။ ဒီတော့ သူတို့ရဲ့အလုပ်ရှင်တွေကို ဒီလိုအသိအမှတ်ပြုလက်မှတ်ရခြင်းဖြင့် လုပ်ငန်းခွင်ကုန်ထုတ်စွမ်းအား တိုးတက်နိုင်တယ်ဆိုတာကို အသိပညာပေးပြီး သူ့ရဲ့လုပ်ငန်းခွင် အလုပ်သမားတွေအတွက် "စံ"အသိအမှတ်ပြုလက်မှတ်ရရှိအောင် အကုန်အကျခံဆောင်ရွက်ပေးလာကြတယ်။

ဒါပေမယ့် နောက်ပိုင်းကျရင် ဥပဒေအရ ကျွမ်းကျင်မှုဆိုင်ရာ ရန်ပုံငွေကနေ စိုက်ထုတ်ကျခံပြီး အလုပ်သမားထုရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှာဖြစ်တယ်။ အခုလို အလုပ်သမားတစ်ဦးအနေနဲ့ ကျွမ်းကျင်မှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ရရှိပါက ပထမဦးဆုံး သူ့အနေနဲ့ လုပ်ငန်းဆောင်ရွက်နိုင်စွမ်းအပေါ် ယုံကြည်မှုရှိလာမယ်။ မိမိရဲ့ကျွမ်းကျင်မှုအရည်အချင်းအလိုက် ခံစားရရှိမယ့်လုပ်ခလစာနဲ့ ပတ်သက်ပြီး ဥပဒေနဲ့အညီ တင်ပြတောင်းဆိုနိုင်ပါတယ်။ အခုလက်ရှိကြုံတွေ့နေရတဲ့ အလုပ်သမား၊ လုပ်ခ လစာကိစ္စတွေလည်း ဖြေရှင်းဆောင်ရွက်ပြီး ဖြစ်သွားနိုင်ပါတယ်" ဟု ၎င်းအမြင်ကို ရှင်းပြသည်။

လက်ရှိ မြန်မာနိုင်ငံတွင် ဝန်ကြီးဌာနအသီးသီး၊ ကုမ္ပဏီအသီးသီးသည် မိမိဌာန၊ ကုမ္ပဏီ၏ရည်မှန်းချက်၊ လိုအပ်ချက်အတိုင်း၊ သင်ကြားရေး၊ လေ့ကျင့်ရေး၊ အောင်လက်မှတ်ထုတ်ပေးရေးတို့ကို ဆောင်ရွက်နေသော်လည်း အများစုမှာ သမားရိုးကျသင်ကြားလေ့ကျင့်ရေးပုံစံဖြင့် သွားနေကြခြင်းဖြစ်သည်။ နိုင်ငံအဆင့် တစ်ပြေးညီ အသိအမှတ်ပြုရေးနှင့် ကျွမ်းကျင်မှု စစ်ဆေးရေးစနစ်ကို အခြားသောနိုင်ငံများကဲ့သို့မရှိပါ။

ထို့ကြောင့် ပြောင်းလဲလာသော အာဆီယံအခြေအနေနှင့် နိုင်ငံ၏ စီးပွားရေးပုံစံသစ်အရ နိုင်ငံအဆင့် တစ်ပြေးညီ ကျွမ်းကျင်အသိအမှတ်ပြုရေးစနစ်(လေ့ကျင့်ရေး၊ စစ်ဆေးရေး အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေး)များကို ထူထောင်ရန် လိုအပ်လာပြီဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ဒုတိယအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၃၁

၂၀၁၄ ခုနှစ် ဒုတိယအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးဦးစီး ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် မြို့တော်ဂေါက်ကွင်း အစည်းအဝေးခန်းမ၌ ကျင်းပ သည်။ **(အပေါ်ပုံ)**

ညှိနှိုင်းအစည်းအဝေးသို့ ပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးတင့်ဆန်း၊ အားကစားဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးလင်းအောင်၊ နေပြည်တော် ကောင်စီဝင် ဦးကံချွန်နှင့် ပြိုင်ပွဲကျင်းပ ရေးဆပ်ကော်မတီအသီးသီး၏ ဝန်ကြီး ဌာနများမှ တာဝန်ရှိသူများ တက် ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း က ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲသည် ယခင်နှစ်၌ ပထမအကြိမ်အဖြစ် ကျင်းပပြီးဖြစ်၍ ဒုတိယအကြိမ် ပြိုင်ပွဲအတွက် ကြိုတင် ပြင်ဆင်မှုပြုလုပ်ရာတွင် ကော်မတီ အလိုက် အတွေ့အကြုံများရရှိပြီးသား ဖြစ်ကြောင်း၊ ယခင်နှစ် ပြိုင်ပွဲထက် ပိုမိုသာလွန်ကောင်းမွန်ပြီး သပ်သပ် ရပ်ရပ်၊ မြိုင်မြိုင်ဆိုင်ဆိုင် အောင်မြင် စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။ ထို့နောက် ပြိုင်ပွဲ ကျင်းပရေးအတွက် ဆပ်ကော်မတီ အသီးသီးမှ တာဝန်ရှိသူများက ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပြိုင်ပွဲဆိုင်းဘုတ်မုခ်ဦးအား ပြိုင်ပွဲ ကျင်းပရေးနာယကများထံ ထပ်မံ အတည်ပြုရယူနိုင်ရေး၊ ဆုကြေးငွေ အား ယခင်နှစ်ကအတိုင်း သတ်မှတ် ပြင်ဆင်ထားရှိရေး၊ ပြင်ပ စပွန်ဆာများ ရရှိရေး၊ ပြိုင်ပွဲကျင်းပချိန် သတ်မှတ် ထားရှိရေး၊ ကွင်းအတွင်း ကြိုတင် ပြင်ဆင်မှုအား ယခုအချိန်မှစတင် ဆောင်ရွက်ရေး၊ အထူးဧည့်သည်တော် များ ဖိတ်ကြားရေးတို့ကို ဖြည့်စွက် မှာကြားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကျူးဘားနိုင်ငံ လွတ်မြောက်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင်ကျရောက်သော ကျူးဘားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်မြောက်ရေးနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘရူနို ရိုဒရီဂွဲဇ် ပါရီးလားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံ မဟာချိုင်မြို့တွင် စာပေဟောပြောပွဲကျင်းပ

မဟာချိုင် ဒီဇင်ဘာ ၃၁

ထိုင်းနိုင်ငံ မဟာချိုင်မြို့ ဝပ်စီမိန် ဘုန်းတော်ကြီးကျောင်း၌ မဟာချိုင် မြို့ရှိ မြန်မာ့လူငယ်များဦးဆောင်ကာ စာပေဟောပြောပွဲတစ်ရပ်ကို ဒီဇင် ဘာ ၃၁ ရက်တွင် ကျင်းပကြောင်း ထိုင်းနိုင်ငံရောက် မြန်မာများအဖွဲ့မှ ကိုစောမောင်၏ ဆက်သွယ်ပြောပြချက် အရ သိရသည်။

အဆိုပါ စာပေဟောပြောပွဲတွင် လင်းသိုက်ညွန့် (မြန်မာ့မြေ)မှ ထိုင်း နိုင်ငံရောက် မြန်မာများ စည်းလုံး ညီညွတ်စေရန်အတွက် အဓိကထား ပြောဆိုခဲ့ကြောင်းသိရပြီး ဗုဒ္ဓဂုဏ်ရည် သာသနာစောင့်ရှောက်ရေးအဖွဲ့မှ အရှင်အဂ္ဂဓမ္မ(နိက္ခမ) က မြန်မာနိုင်ငံ သားများအနေဖြင့် မိမိတို့၏ အမျိုး ဘာသာသာသနာတော်ကို ကာကွယ် စောင့်ရှောက်ကြရန် တိုက်တွန်း ဟောပြောခဲ့ကြကြောင်း သိရသည်။ ဟောပြောပွဲ၌ လင်းသိုက်ညွန့် (မြန်မာ့မြေ)၏စာအုပ်များ၊ အရှင်အဂ္ဂ ဓမ္မ(နိက္ခမ)၏ အမျိုးဘာသာ သာသနာတော်ကာကွယ်စောင့်ရှောက် ရေးလှုပ်ရှားမှု DVD များနှင့် စာအုပ်

များကို ဟောပြောပွဲရက်အတွင်း ရောင်းချပေးခဲ့ကြောင်း သိရသည်။

စိုးဝင်း(SP)

မိုးလေဝသအခြေအနေ

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပညာဒါနကုသိုလ်များနှင့်အတူ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားလာခဲ့သည့် ဝေါမြို့နယ်

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၏ တက္ကသိုလ်ဝင်တန်းအောင်မြင်မှုသည် ယခုနှစ်အတွင်း တိုင်းဒေသကြီးအဆင့် ဒုတိယနေရာသို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အဗျားဗိုလ်တဲကျေးရွာ၌ ဖွင့်လှစ်ထားသည့် ပရဟိတပညာဒါနကျောင်း၌ ဆရာများက တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားပေးနေစဉ်။

သည်။ လွန်ခဲ့သည့် ကိုးနှစ်တာကာလ က တက္ကသိုလ်ဝင်တန်းအောင်ချက် ရာခိုင်နှုန်းမှာ နောက်ဆုံးအဆင့်ဖြစ် ခဲ့ပြီး ယခုကဲ့သို့ ဆယ်စုနှစ်နီးပါး အတွင်း ပညာရေးတိုးတက်မြင့်မား လာခြင်းမှာ ကျောင်းသား ကျောင်းသူ များ၏ ကြိုးစားပညာသင်ကြားမှုနှင့် မွန်မြတ်သော ဆရာများနှင့်မိဘများ၊ အလှူရှင်များ ပံ့ပိုးကူညီမှုကြောင့်ဖြစ် ကြောင်း အဗျားဗိုလ်တဲကျေးရွာ ပညာ ရေးပဒေသာပင်လှူဒါန်းပွဲမှ သိရ သည်။

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အဗျားဗိုလ်တဲကျေးရွာ ပရဟိတပညာ ဒါနကျောင်း ဆရာတော် ဝေါအရှင် သုမင်္ဂလကဝေါမြို့နယ် ပညာရေး ပဒေသာပင်အဖြစ် အလှူငွေကျပ် သိန်း ၅၀ ကို လှူဒါန်းခဲ့သည်။ လှူဒါန်း ရခြင်းမှာ ဝေါမြို့နယ်အတွင်း ပညာ ရေးတွင် ထူးချွန်ပြီး တက္ကသိုလ် အသီးသီးသို့ တက်ရောက်နိုင်ရေး အတွက် အခက်အခဲရှိသည့် ကျောင်း သား ကျောင်းသူများအတွက် ရည် ရွယ်ကာ လှူဒါန်းရခြင်းဖြစ်ကြောင်း ဆရာတော်က မိန့်ကြားသည်။

ဆရာတော် ဦးသုမင်္ဂလက ကရုဏာပညာဖောင်ဒေးရှင်းကို တည် ထောင်ထားပြီး နိုင်ငံတစ်ဝန်းရှိ ဆင်းရဲ နွမ်းပါးသည့် အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များအထိ ဝင်ခွင့်ရရှိကာ ပညာဆက်လက်သင်ကြားရေး အခက် အခဲဖြစ်နေသူ ၂၅ ဦးအတွက် လစဉ် ပညာသင်စရိတ်တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်း ထောက်ပံ့ခဲ့သည်။

"သုံးနှစ်တာ ကာလရှိပါပြီ။ ပညာထူးချွန်တဲ့ကျောင်းသား ကျောင်း သူ ၂၅ ဦးအတွက် လစဉ်ပညာသင် စရိတ် အစဉ်ထောက်ပံ့ပေးနေပါတယ်။ ဦးပဥ္စင်းအနေနဲ့ မြန်မာပြည်တွင်းမှာ ရော၊ တောင်ကိုရီးယားနိုင်ငံအင်ချွန်း မြို့ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း မှာပါ သာသနာပြုရင်း ရရှိလာတဲ့ ဓမ္မဒါနအလှူငွေတွေကို ပရဟိတပညာ ဒါနလုပ်ငန်းတွေမှာ အသုံးပြုခဲ့တာ ၁၀ နှစ်ကျော် ကြာခဲ့ပြီဖြစ်ပါတယ်။ အခုလည်း ဝေါမြို့နယ်ရဲ့ ပညာရေးကို မြှင့်တင်လိုတာကြောင့် သက်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ တိုင်ပင်ပြီး ပရဟိတ ပညာဒါနသင်တန်းကို ဖွင့်လှစ်ပေးခဲ့တာ ခြောက်နှစ်ရှိပါပြီ။ အဲဒီလို ပညာရေးကို အများကြီး စုပေါင်းပံ့ပိုးနိုင်ခဲ့တာက တိုင်းဒေသ ကြီးအဆင့်မှာ ဦးပဥ္စင်းတို့ ဝေါမြို့နယ် က ဒုတိယအောင်ချက် အများဆုံး မြို့နယ်ဖြစ်ခဲ့ရပါတယ်" ဟု ဝေါမြို့နယ် အဗျားဗိုလ်တဲကျေးရွာ ပရဟိတပညာ ဒါန ကျောင်းဆရာတော် ဝေါအရှင် သုမင်္ဂလက မိန့်ကြားသည်။

သတင်းဆောင်းပါး
ခင်ရတနာ

အဆိုပါပညာဒါန သင်တန်းကို ရန်ကုန်မြို့မှ တက္ကသိုလ်ပါမောက္ခ၊ ကထိက၊ ဆရာများနှင့် တက္ကသိုလ်ဝင် တန်းဆရာ ဆရာမများအားဖိတ်ကြား ၍ ဝေါမြို့နယ်အတွင်းရှိ အထက ကျောင်းများ၊ တွဲဖက်အထကကျောင်းခွဲ များမှ ကျောင်းသား ကျောင်းသူများကို စုစည်းကာ ဆရာတော်ဖွင့်လှစ်သည့် အဗျားဗိုလ်တဲကျေးရွာပရဟိတပညာ ဒါနကျောင်းအတွင်း အောင်ချက် ကောင်းမွန်ရေး၊ ထူးချွန်ကျောင်းသား များထွက်ပေါ်ရေးတို့အတွက် စာအုပ် စာတမ်းအပြည့်အစုံ၊ နေထိုင် စားသောက်မှုစုံလင်စွာဖြင့် တာဝန် ယူကာ ပညာပါရမီဖြည့်ဆည်းပေးနေ ခြင်းဖြစ်သည်။

ယခုနှစ် ဝေါမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အောင်ချက်ရာခိုင်နှုန်း မြင့်မားရေး အတွက် ဒီဇင်ဘာ ၁၄ ရက်က ပညာ ဒါနသင်တန်းကို အဆိုပါ ကျောင်း၌ ကျင်းပခဲ့ပြီး ကျောင်းသား ကျောင်းသူ ၁၅၀၀ နှင့် ကြီးကြပ်သူဆရာဦးရေ ၈၀ တက်ရောက်ခဲ့ကြသည်။

၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပရဟိတပညာဒါနသင်တန်းအတွင်း ဝေါမြို့နယ် ပညာရေးပဒေသာပင် ငွေကျပ်သိန်း ၅၀ ကို အလှူရှင်များ ကိုယ်စား မြန်မာစာကထိက ဆရာ ကျော်(ရန်ကုန်တက္ကသိုလ်)က ဝေါ မြို့နယ် ပညာရေးမှူးကိုယ်စား အဗျား ဗိုလ်တဲကျေးရွာ အုပ်ချုပ်ရေးမှူးထံ ပေးအပ်လှူဒါန်းခဲ့သည်။

အဗျားဗိုလ်တဲကျေးရွာ ပရဟိတ ပညာဒါနကျောင်း တက္ကသိုလ်ဝင်တန်း သင်တန်းအတွက် ကထိက ဦးကျော် တင့် (ရန်ကုန်တက္ကသိုလ်)၊ ဦးခင်မောင် လှ (ကထိက-ရန်ကုန်အဝေးသင် တက္ကသိုလ်)၊ ပါမောက္ခ ဦးသိန်းမြင့်၊ ဒေါက်တာ ထွန်းအောင်၊ ပါမောက္ခ ဒေါက်တာ ခင်မောင်ထွန်း၊ တွဲဖက်ပါ မောက္ခ ဦးဟန်အေး၊ ဦးဘုန်းနိုင် (ဘောဂဗေဒ)တို့က လာရောက် သင်ကြားပေးခဲ့ခြင်းဖြစ်သည်။

ဘဝရပ်တည်မှုအတွက် အခြေခံ အုတ်မြစ်ဖြစ်သည့် အခြေခံပညာ အဆင့် ပညာတတ်မြောက်မှုသည် ကျောင်းသားလူငယ်များအတွက် မဖြစ် မနေလိုအပ်ပြီး နိုင်ငံတော်မှလည်း လူတိုင်းစာတတ်မြောက်ရေး အလေး ထားဆောင်ရွက်နေချိန်တွင် ပဲခူးတိုင်း ဒေသကြီးဝေါမြို့နယ် အဗျားဗိုလ်တဲ ကျေးရွာရှိ ပရဟိတပညာဒါန ကျောင်းဝင်းအတွင်းက တက္ကသိုလ်ဝင် တန်းဖြေဆိုကြမည့် ကျောင်းသား လူငယ်များ၏ ပညာသင်ကြားမှုသည် လည်း ဒေသခံဆရာတော်နှင့် စုပေါင်း အလှူရှင်များ၊ မြတ်ဆရာများ၏ပံ့ပိုး ကူညီမှုကြောင့် အောင်မြင်မှုရလဒ်များ မလွဲမသွေရရှိနိုင်မည်ဟု မျှော်လင့်မိ ပါကြောင်း။ ။

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အဗျားဗိုလ်တဲကျေးရွာ ပရဟိတပညာဒါနကျောင်း၌ ပညာသင်ယူနေကြသည့် တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအား တွေ့ရစဉ်။

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ မြန်မာရုံးမှဌာနေကိုယ်စားလှယ်အကြီးအကဲနှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၃၁

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ မြန်မာရုံးမှ ဌာနေကိုယ်စားလှယ်အကြီးအကဲ Mr.NAM Kwon Hyoung နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံဆွေးနွေးသည်။ (အောက်ပုံ)

တွေ့ဆုံပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အစီအစဉ်များ၊ ဆက်လက် ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားစေရေးအတွက် တိုးမြှင့်ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ကိုရီးယားနိုင်ငံမှ ကျွမ်းကျင်သူအကြံပေးပညာရှင်များ လာရောက် ကူညီပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ၁၉၉၈ ခုနှစ်မှစတင်၍ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်တွင် ပူးပေါင်းဆောင်ရွက်ခဲ့ရာ စီမံကိန်းအဆင့်(၁)ကို ၁၉၉၈ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ တုရင်တောင်စီမံကိန်းဧရိယာတွင် သစ်တောစိုက်ခင်း ဟက်တာပေါင်း ၁၂၀ တည်ထောင်နိုင်ခဲ့သည်။

စီမံကိန်းအဆင့် (၂)ကို ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ငှါလင်းပုတ်တောင်ဧရိယာ၌ သစ်တောစိုက်ခင်း ဟက်တာပေါင်း ၃၃၀ ကိုလည်းကောင်း၊ စီမံကိန်း အဆင့်(၃)အဖြစ် ၂၀၀၉-၂၀၁၀ ခုနှစ်တွင် တုရင်တောင်နှင့် ပုဂံမြို့ဟောင်းတို့၌ သစ်တောစိုက်ခင်း ဟက်တာပေါင်း ၁၅၀ ကိုလည်းကောင်း တည်ထောင်စိုက်ပျိုးနိုင်ခဲ့သည်။

စီမံကိန်းအဆင့်အလိုက် စိုက်ပျိုးတည်ထောင်ခဲ့ပြီးသော စိုက်ခင်းများအား အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး ရေ၊ မြေ ပတ်ဝန်းကျင်အခြေအနေများ ပြန်လည်စိမ်းလန်းစိုပြည် တိုးတက်ကောင်းမွန်လာခြင်း၊ ဒေသခံပြည်သူများအတွက် လမ်းများဖောက်လုပ်ပေးခြင်း၊ အဝီစိတွင်းများ တူးဖော်ပေးခြင်း၊ ပညာရေး၊ ကျန်းမာရေးတို့အတွက် အထောက်အကူပြုပေးခြင်းတို့ကြောင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာပြီး နေ့စဉ်ဘဝအတွက် လိုအပ်ချက်များလည်း ထောက်ပံ့ပေးနိုင်ကြောင်း သိရှိရသည်။

ယခုထပ်မံ၍ စီမံကိန်းအဆင့်(၄)အဖြစ် ညောင်ဦးမြို့နယ် ပလ္လင်ကုန်းဒေသ၌ သစ်တောစိုက်ခင်း ဟက်တာ ၂၄၀ တည်ထောင်ရန် စီမံကိန်း အကြိုလုပ်ငန်းများအဖြစ် ဖြစ်နိုင်စွမ်း အခြေအနေလေ့လာခြင်းများကို ဆောင်ရွက်ရာ၌ ဒေသခံများနှင့် ဆွေးနွေးခြင်း၊ မြေနေရာရွေးချယ်ခြင်း၊ နယ်နိမိတ်သတ်မှတ်ခြင်း၊ ဒေသခံအာဏာပိုင်များထံမှ မြေယာပိုင်ဆိုင်မှုထောက်ခံချက် ရယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ထပ်မံဆောင်ရွက်မည့် စီမံကိန်းတွင်လည်း ရေတွင်းတူးခြင်း၊ ကျေးရွာ ၂၀ တွင် ကျေးလက်လမ်းများ ပြင်ဆင်ခြင်း၊ ရေကန်များ ပြုပြင်ခြင်း၊ စွမ်းအားမြင့်မီးဖိုများ ဖြန့်ဖြူးခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပခြင်းတို့ ပြုလုပ်သွားရန် စီစဉ်ထားသည်။

အဆိုပါ စီမံကိန်းအစီအစဉ်များ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် စီမံကိန်းဧရိယာအတွင်းနှင့် ဆက်စပ်ဧရိယာရှိ ဒေသခံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရေရရှိရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စများကို ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးတို့ကို အထောက်အကူပြုစေသည့်အပြင် ကိုရီးယား-မြန်မာ နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကိုလည်း ပိုမိုခိုင်မာလာစေမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီအနေဖြင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး၊ ပတ်ဝန်းကျင် ရာသီဥတုကောင်းမွန်ရေး အခန်းကဏ္ဍများတွင်သာမက ဝန်ကြီးဌာနမှဝန်ထမ်းများ စွမ်းဆောင်ရည် မြင့်မားလာစေရေးနှင့် လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တက္ကသိုလ်၊ သစ်တောသုတေသနဌာနများ၌ တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အစီအစဉ်များကို လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အခန်းကဏ္ဍများတွင် စွန့်ပစ်ပစ္စည်းများ၊ ရေဆိုးများစီမံခန့်ခွဲခြင်း၊ ပတ်ဝန်းကျင်အကျိုးသက်ရောက်မှု ဆန်းစစ်ခြင်း၊ လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများ သတ်မှတ်ခြင်းတို့၌လည်းကောင်း ကိုရီးယားနိုင်ငံမှ ကျွမ်းကျင်သူပညာရှင်များ လာရောက်ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နှစ်သစ်ကူးပျော်ရွှင်စွာဆင်နွှဲ

နေပြည်တော် ဒီဇင်ဘာ ၃၁

၂၀၁၄ နှစ်သစ်ကူး အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော် သတင်းစာတိုက် ဘိုးဝဇီရခန်းမ၌ ဒီဇင်ဘာ ၃၁ ရက် ညနေ ၃ နာရီမှ စတင်၍ တေးသီချင်းသီဆိုပြိုင်ပွဲကို စတင်ကျင်းပခဲ့သည်။ **(အောက်ပုံ)**

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း လက်အောက်ရှိ မြန်မာ့အလင်း၊ ကြေးမုံ၊ The New Light of Myanmar၊ သတင်းစဉ်(ပြည်တွင်း)၊ သတင်းစဉ်(ပြည်ပ)နှင့် နေပြည်တော် သတင်းစာတိုက်မှ ဝန်ထမ်းများက နှစ်သစ်ကူးအထိမ်းအမှတ်ပွဲတော် တေးသီချင်းပြိုင်ပွဲကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲယှဉ်ပြိုင်ကြသည်။

ချီးမြှင့်ခဲ့

အဆိုပါ နှစ်သစ်ကူးအထိမ်းအမှတ်ပျော်ပွဲ ရွှင်ပွဲသို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးနှင့် အထွေထွေမန်နေဂျာ ဦးရဲနိုင်တို့ တက်ရောက်အားပေးခဲ့ကြသည်။ တစ်ဦးချင်းပြိုင်ပွဲတွင် ဆုရရှိသူငါးဦးအား အထွေထွေမန်နေဂျာ ဦးရဲနိုင်က ဆုပေးအပ်ချီးမြှင့်ပြီး စုံတွဲသီဆိုမှု ပြိုင်ပွဲတွင် ဆုရရှိသူ စုံတွဲငါးတွဲအား ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် နှစ်သစ်ကူးအထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲတေးသီချင်းပြိုင်ပွဲ အပြီးတွင် နှစ်သစ်ကူး ဆုတောင်းများဖြင့် ပျော်ရွှင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **ကျော်သူဝင်း**

❒ ရှေ့ဖုံးမှ

အစည်းအဝေးတွင် ဒုတိယသမ္မတက အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများကို အာဆီယံမသန်စွမ်း အားကစားအဖွဲ့ချုပ် (ASEAN Para Sport Federation- APSF) ၏စည်းမျဉ်းများနှင့်အညီ ကျင်းပလျက်ရှိရာ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့်နိုင်ငံက အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကိုပါ အိမ်ရှင်အဖြစ် ဆက်လက်လက်ခံ ကျင်းပပေးရပါကြောင်း၊ မိမိတို့နိုင်ငံက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အောင်မြင်စွာလက်ခံကျင်းပပြီးဖြစ်၍ ယခု (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲကို လက်ခံကျင်းပတော့မည် ဖြစ်ပါကြောင်း။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရေးအတွက် ချမှတ်ပေးခဲ့သည့် လုပ်ငန်းလမ်းညွှန်၌ "အားကစားကွင်း၊ အားကစားရုံ၊ အားကစားနေရာများ ပြင်ဆင်ရာတွင် မသန်စွမ်းအားကစားပြိုင်ပွဲများ အတွက်ပါ ကြိုတင်မျှော်တွေး၍ မသန်စွမ်းအားကစားသမားများနှင့်အားပေးသူပရိသတ်များအတွက် အထူးလိုအပ်ချက်များကို ထည့်သွင်းစီမံထားရန်၊ အားကစားအထောက်အကူပြုပစ္စည်းများကိုလည်း မသန်စွမ်းသူများ အပြည့်အဝအသုံးချနိုင်ရန်၊ တန်းတူညီမျှခြင်း၊ ပါဝင်ဆင်နွှဲခွင့်ရှိခြင်း၊ မျှဝေခံစားခြင်း(Equality, Participation and Sharing) ဦးတည်ချက်ကို ပုံဖော်ပေးနိုင်ရန်" ဟူသည့်အချက်ကို ထည့်သွင်းခဲ့ပါကြောင်း၊ အဆိုပါလမ်းညွှန်ချက်နှင့်အညီ ကြိုတင်မျှော်တွေးပြင်ဆင်မှုများကို ပြုလုပ်ခဲ့သဖြင့် ယခုအခါ ပြိုင်ပွဲကြီး လက်ခံကျင်းပရန် အသင့်အနေအထားရှိနေပြီ ဖြစ်ပါကြောင်း။

အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲသမိုင်းတစ်လျှောက် မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် လက်ခံကျင်းပခွင့်ရခြင်း ဖြစ်ပါကြောင်း၊ မြန်မာမသန်စွမ်း အားကစားအသင်းအတွက် ကိုယ့်မြေပေါ်တွင် ကိုယ့်ပရိသတ်ရှေ့မှောက်၌ အားကစားဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်နိုင်မည့် အခွင့်အလမ်းကောင်းကြီးပင် ဖြစ်ပါကြောင်း။

၁၉၉၄ ခုနှစ်မှစ၍ လေးနှစ်တစ်ကြိမ်ကျင်းပမြဲဖြစ်သော အရှေ့ဖျားနှင့် တောင်ပစိဖိတ်ဒေသဆိုင်ရာ မသန်စွမ်း အားကစားပွဲတော်များတွင်လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှစ၍ နှစ်နှစ်တစ်ကြိမ်ကျင်းပမြဲ အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများတွင်လည်းကောင်း၊ မြန်မာမသန်စွမ်းအားကစားမောင်မယ်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်များဆွတ်ခူးနိုင်ခဲ့သည့် အစဉ်အလာကောင်းရှိခဲ့ပါကြောင်း၊ "မသန်သော်လည်း စွမ်းပါသည်၊ နိုင်ငံ့ဂုဏ်ကိုမြှင့်တင်မည်" ဟူသောစိတ်ဓာတ်၊ သတ္တိ၊ ဇွဲတို့ဖြင့် ယှဉ်ပြိုင်ပြီး အောင်ပွဲခံ အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မသန်စွမ်း အားကစားမောင်မယ်များအနေဖြင့် အားကစားထူးချွန်မှုဂုဏ်ပုဒ်ကို ပိုင်ဆိုင်ခွင့်ရရှိစေရန်နှင့် ကမ္ဘာကြီးအား စိတ်ဓာတ်ခွန်အား ပေးစွမ်းနိုင်စေရန် ဟူသည့် မသန်စွမ်းအားကစား လုပ်ရှားမှု၏ မျှော်မှန်းချက်ကို အကောင်အထည်ဖော်ပေးနိုင်ကြပါစေဟု ဆန္ဒပြုပါကြောင်း၊ မသန်စွမ်း အားကစားပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ မြန်မာမသန်စွမ်းအားကစားမောင်မယ်များ အောင်ပန်းဆင်နိုင်ရေးတို့အတွက်လည်း ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများဖွဲ့စည်းပြီး လစ်ကွက်ဟာကွက် မရှိစေရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါကြောင်း၊ မသန်စွမ်းအားကစားမောင်မယ်များ၏ပွဲမဝင်ခင်အပြင်ကျင်းပဆိုသလို လေ့ကျင့်ပြင်ဆင်ထားမှုများမှာလည်း အားရဖွယ်ကောင်းပါကြောင်း၊ အားကစားဝန်ကြီးဌာနနှင့် အားကစားအဖွဲ့ချုပ်အသီးသီးကလည်း ဆိုင်ရာအားကစားနည်းများအလိုက် အနီးကပ်စောင့်ရှောက်အားပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် မသန်စွမ်း အားကစားမောင်မယ်များ၏ အားကျိုးမာန်တက်ကြိုးပမ်းအားထုတ်နေမှုများကို အသိအမှတ်ပြုပါကြောင်း၊ နေထိုင်စားသောက်သွားလာရေးနှင့် အားကစားလေ့ကျင့်ရေး ကိစ္စအဝဝအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးထားပါကြောင်း၊ တန်းတူညီမျှခြင်း၊ ညီညွတ်ခြင်း၊ ချစ်ကြည်ခြင်းတို့ကို ဖော်ဆောင်မည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီးတွင် မြန်မာ မသန်စွမ်းအားကစားမောင်မယ်များက အားကစားထူးချွန်၊ လူရည်မွန်များအဖြစ် နိုင်ငံ့ဂုဏ်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် (၇)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ တွဲဖက်အတွင်းရေးမှူး(၁) မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းတို့က ပြိုင်ပွဲကျင်းပရေးဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ လုံခြုံရေးကော်မတီ၊ ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ၊ သယ်ယူပို့ဆောင်ရေးကော်မတီ၊ တည်းခိုနေထိုင်ရေးနှင့် အစားအသောက် ဧည့်ခံကျွေးမွေးရေးကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုဆက်သွယ်ဆက်ဆံရေးကော်မတီ၊ လူထုစည်းရုံးလှုံ့ဆော်ရေးကော်မတီ၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေးကော်မတီ၊ ဆက်သွယ်ရေးကော်မတီ၊ ဘဏ္ဍာငွေ ရှာဖွေထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ၊ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကိုလည်း အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးနှင့် ရလဒ်ကောင်းများ ရရှိရေးအတွက်ကိုလည်း တာဝန်ရှိသူအသီးသီးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

(သတင်းစဉ်)

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်ပတ်သက်၍ အကြံပြုချက်တောင်းခံခြင်းအပေါ် ဌာန၊ အသင်းအဖွဲ့၊ ပါတီအသီးသီးနှင့် ပုဂ္ဂိုလ်များထံမှရရှိမှုအခြေအနေ သတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီ
သတင်းထုတ်ပြန်ချက် (၄/၂၀၁၃)
၁၃၇၅ ခုနှစ်၊ နတ်တော်လကွယ်
(၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)
ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်ပတ်သက်၍ အကြံပြုချက် တောင်းခံခြင်းအပေါ် ဌာန၊ အသင်းအဖွဲ့၊ ပါတီအသီးသီးနှင့် ပုဂ္ဂိုလ်များထံမှ ရရှိမှုအခြေအနေ သတင်းထုတ်ပြန်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီမှ သတင်းထုတ်ပြန်ချက် (၂/၂၀၁၃) ဖြင့် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေး မဏ္ဍိုင်များထံမှ လေ့လာသုံးသပ်ချက်များနှင့် အကြံပြုချက်များကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့မတိုင်မီ ပေးပို့နိုင်ကြောင်း သတင်းထုတ်ပြန်ခဲ့ပါသည်။

၂။ သတင်းထုတ်ပြန်ချက်အရ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ ၁၆၃၀ နာရီအထိ အကြံပြုချက် စောင်ရေစုစုပေါင်း (၂၈၂၄၇)စောင် ရရှိခဲ့ပါသည်။

၃။ သို့ပါ၍ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ အခန်းလိုက် အကြံပြုချက်များကို ဌာန၊ အသင်းအဖွဲ့၊ ပါတီအသီးသီးနှင့် ပုဂ္ဂိုလ်များမှ အောက်ပါအတိုင်း လက်ခံရရှိခဲ့ပါသည် -

(က) အခန်း(၁)တွင် အကြံပြုချက် (၁၄၀၆၂၄)ချက်၊
(ခ) အခန်း(၂)တွင် အကြံပြုချက် (၁၀၀)ချက်၊
(ဂ) အခန်း(၃)တွင် အကြံပြုချက် (၃၃၆၉)ချက်၊
(ဃ) အခန်း(၄)တွင် အကြံပြုချက် (၂၄၃၉၈)ချက်၊
(င) အခန်း(၅)တွင် အကြံပြုချက် (၁၀၇၈၃)ချက်၊
(စ) အခန်း(၆)တွင် အကြံပြုချက် (၄၆၉)ချက်၊
(ဆ) အခန်း(၇)တွင် အကြံပြုချက် (၇၂၄၂)ချက်၊
(ဇ) အခန်း(၈)တွင် အကြံပြုချက် (၂၀၇၇)ချက်၊
(ဈ) အခန်း(၉)တွင် အကြံပြုချက် (၂၁၃)ချက်၊
(ည) အခန်း(၁၀)တွင် အကြံပြုချက် (၄၃)ချက်၊
(ဋ) အခန်း(၁၁)တွင် အကြံပြုချက် (၃၃၈)ချက်၊
(ဌ) အခန်း(၁၂)တွင် အကြံပြုချက် (၁၀၅၂၃၃)ချက်၊
(ဍ) အခန်း(၁၃)တွင် အကြံပြုချက် (၂၉) ချက်၊
(ဎ) အခန်း(၁၄)တွင် အကြံပြုချက် (၅၉)ချက်၊
(ဏ) အခန်း(၁၅)တွင် အကြံပြုချက် (၂၆)ချက်၊
(တ) ဇယား(၁)တွင် အကြံပြုချက် (၈၁)ချက်၊
(ထ) ဇယား(၂)တွင် အကြံပြုချက် (၇၈)ချက်၊
(ဒ) ဇယား(၃)တွင် အကြံပြုချက် (၁၁)ချက်၊
(ဓ) ဇယား(၄)တွင် အကြံပြုချက် (၅)ချက်၊
(န) ဇယား(၅)တွင် အကြံပြုချက် (၂၆)ချက်၊
(ပ) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ပေးရန် သီးသန့်အကြံပြုထားသော အကြံပြုချက်/စောင်ရေ (၂၇၉၀၆) ချက်

၄။ စုစုပေါင်းအကြံပြုချက် (၃၂၃၁၁၀)ချက်ရရှိခဲ့ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်းကော်မတီ

လက်ကျန်နိုင်ငံရေးအကျဉ်းသားများစိစစ်ရေးကော်မတီ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာသတင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
လက်ကျန်နိုင်ငံရေးအကျဉ်းသားများစိစစ်ရေးကော်မတီ
သတင်းထုတ်ပြန်ချက် (၁/၂၀၁၃)
၁၃၇၅ ခုနှစ်၊ နတ်တော်လကွယ်
(၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)
လက်ကျန်နိုင်ငံရေးအကျဉ်းသားများစိစစ်ရေးကော်မတီ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာသတင်းထုတ်ပြန်ချက်

၁။ လက်ကျန်နိုင်ငံရေးအကျဉ်းသားများစိစစ်ရေးကော်မတီအား အစိုးရအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများမှ စုစုပေါင်းအဖွဲ့ဝင် ၁၆ ဦးဖြင့် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ထာဝရငြိမ်းချမ်းမှုဖော်ဆောင်ရေးအတွက် လည်းကောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် အားလုံးပါဝင်နိုင်ခွင့်ရရှိစေရေးအတွက်လည်းကောင်း၊ နိုင်ငံတော်၏မေတ္တာနှင့်စေတနာကို နားလည်ကြပြီး နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသည့် နိုင်ငံသားများအဖြစ်သို့ ပြုပြင်ပြောင်းလဲနိုင်စေရေးအတွက်လည်းကောင်း ရည်ရွယ်၍ ၂၀၁၃ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးမှ အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၁၃)ဖြင့် အစိုးရအဖွဲ့အစည်းများမှ (၆) ဦး၊ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများမှ(၇)ဦး၊ နိုင်ငံရေးပါတီများမှ (၆)ဦး စုစုပေါင်းအဖွဲ့ဝင် ၁၉ ဦးဖြင့် ကော်မတီအား တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

၃။ စိစစ်ရေးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးအား မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၌ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် စတင်ကျင်းပညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ ဒုတိယအကြိမ်အစည်းအဝေးအား ၂၀၁၃ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၌ပင် ထပ်မံကျင်းပပြီး အဖွဲ့ဝင်များ၏ သဘောတူညီထောက်ခံချက်များအရ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် အကျဉ်းသား/ အကျဉ်းသူ (၈၇) ဦးအား တင်ပြပြီး လွတ်ငြိမ်းချမ်းသာခွင့်ရရှိစေခဲ့ပါသည်။

၄။ စိစစ်ရေးကော်မတီ၏ တတိယအကြိမ်အစည်းအဝေးအား ၂၀၁၃ ခုနှစ်၊ မေလ ၁၁ ရက်နေ့တွင် ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် ကော်မတီဝင်များ၏ ထောက်ခံချက်များအရ အကျဉ်းသား/အကျဉ်းသူ (၂၃) ဦးအား တင်ပြခဲ့ပြီး လွတ်ငြိမ်းချမ်းသာခွင့်ရရှိစေခဲ့ပါသည်။

၅။ စတုတ္ထအကြိမ်အစည်းအဝေးအား ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် ကျင်းပခဲ့ပြီး ကော်မတီဝင်များ၏ ထောက်ခံချက်များအရ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် အကျဉ်းသား/အကျဉ်းသူ (၇၃) ဦးအား တင်ပြခဲ့ပြီး လွတ်ငြိမ်းချမ်းသာခွင့် ရရှိစေခဲ့ပါသည်။

၆။ ပဥ္စမအကြိမ် အစည်းအဝေးအား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် လည်းကောင်း၊ ဆဋ္ဌမအကြိမ် အစည်းအဝေးအား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပြီး ကော်မတီဝင်များ၏ ထောက်ခံချက်များအရ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် အကျဉ်းသား (၅၆) ဦးအား တင်ပြခဲ့ပြီး လွတ်ငြိမ်းချမ်းသာခွင့်ရရှိစေခဲ့ပါသည်။

၇။ သတ္တမအကြိမ် အစည်းအဝေးအား ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင်လည်းကောင်း၊ အဋ္ဌမအကြိမ်အစည်းအဝေးအား ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင်လည်းကောင်း၊ နဝမအကြိမ်အစည်းအဝေးအား ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင်လည်းကောင်း ကျင်းပခဲ့ပြီး ကော်မတီဝင်များ၏ ထောက်ခံချက်များအရ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် အကျဉ်းသား/အကျဉ်းသူ (၆၉) ဦးအား တင်ပြခဲ့ပြီး လွတ်ငြိမ်းချမ်းသာခွင့်ရရှိစေခဲ့ပါသည်။

၈။ ဒသမအကြိမ်အစည်းအဝေးအား ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင်လည်းကောင်း၊ ဧကဒသမအကြိမ်အစည်းအဝေးအား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင်လည်းကောင်းကျင်းပခဲ့ပြီး ကော်မတီဝင်များ၏ ထောက်ခံချက်များအရ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် အကျဉ်းသား/အကျဉ်းသူ (၄၁) ဦးအား တင်ပြခဲ့ပြီး လွတ်ငြိမ်းချမ်းသာခွင့် ရရှိစေခဲ့ပါသည်။

၉။ ဒွါဒသမအကြိမ်အစည်းအဝေးအား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပခဲ့ပြီး ကော်မတီဝင်များ၏ ထောက်ခံချက်အရ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် အကျဉ်းသား (၅) ဦးအား တင်ပြခဲ့ပြီး လွတ်ငြိမ်းချမ်းသာခွင့်ရရှိစေခဲ့ပါသည်။

၁၀။ လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီအား အဖွဲ့ဝင်ပေါင်း (၁၉) ဦးဖြင့် ဖွဲ့စည်း၍ လက်ကျန်နိုင်ငံရေးအကျဉ်းသားများအား စိစစ်ရွေးချယ်စေခဲ့ရာတွင် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့အထိ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန၌ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲ စုစုပေါင်း (၁၂)ကြိမ် ပြုလုပ်နိုင်ခဲ့ပြီး အကျဉ်းသား/အကျဉ်းသူ (၃၅၄) ဦးအား လွတ်ငြိမ်းချမ်းသာခွင့်ရရှိရေးအတွက် နိုင်ငံတော်သမ္မတထံသို့ တင်ပြဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၁။ ထို့အပြင် အခြားပြစ်မှုများနှင့်ငြိစွန်းသူများအတွက် နိုင်ငံရေးနှင့်သက်ဆိုင်သည်ဟုယူဆရသော ပြစ်မှုများပယ်ဖျက်နိုင်စေရန် နိုင်ငံတော်သမ္မတရုံးမှ အမိန့်အမှတ်(၅၁/၂၀၁၃)ဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အား ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

လက်ကျန်နိုင်ငံရေးအကျဉ်းသားများ စိစစ်ရေးကော်မတီ

လွတ်လပ်ရေးနေ့အထိမ်းအမှတ် တံဆိပ်ခေါင်းသစ်သုံးမျိုးထုတ်ဝေ

နေပြည်တော် ဒီဇင်ဘာ ၃၁

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာပို့တံဆိပ်ခေါင်းသစ် ၂၀၀ တန်တစ်မျိုးနှင့် ၁၀၀ တန်နှစ်မျိုးကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၄ ရက် (စနေနေ့) နံနက် ၉ နာရီမှစတင်၍ တိုင်းဒေသကြီး/ပြည်နယ်/ ခရိုင်/မြို့နယ် ဆက်သွယ်ရေးစခန်း (စာတိုက်) များ၌ ရောင်းချမည်ဖြစ်သည်။

တံဆိပ်ရိုက်နှိပ်ပေးမည်

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ထုတ်ဝေသည့် စာပို့တံဆိပ်ခေါင်းသစ် ၂၀၀ တန်နှင့် ၁၀၀ တန်နှစ်မျိုး။
(သတင်းစဉ်)

သားဖွားခန်းသစ် အဆောက်အအုံနှင့် သားဖွားခန်းသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၃၁

ဂျပန်နိုင်ငံ အိုကာယားမားမြို့နေ ကွယ်လွန်သူ ယိုရှီမြို့တော်ဝန် မစ္စတာ နီရှီယားမားခဆွတ်စ်တိုးရှိ အားရည်စူး၍ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းသို့ အလှူရှင်မစ္စတာ နီရှိယားမားခတရှိက လှူဒါန်းသော သားဖွားခန်းသစ် အဆောက်အအုံနှင့် သားဖွားခန်းသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၆၄ ရပ်ကွက် စက်မှုဇုန်(၁)လမ်း သူနာပြု အေးရိပ်ငြိမ်ဝင်းအတွင်းရှိ အဆိုပါ သားဖွားခန်း အဆောက်အအုံ၌ ကျင်းပသည်။

သားဖွားခန်းသစ် အဆောက်အအုံကို မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနန်းထွမ်းလှ၊ အလှူရှင်ကိုယ်စား မြန်မာ-ဂျပန်ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ရှီဂဲရူအိုဂါတာနှင့် မစ္စတာ တာကဲ မိုတိုအီချိရိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး မော်ကွန်းဆိုင်းဘုတ်ကို နံ့သာရည်များပက်ဖျန်းကာ သားဖွားခန်းသစ်၊ သားဖွားခန်းသုံး ပစ္စည်းများနှင့် ပတ်သက်သည့်စာရွက်စာတမ်းများကို အသင်းဒုတိယဥက္ကဋ္ဌ (၂)ပါမောက္ခ ဒေါ်ရင်မြထံ လွှဲပြောင်းပေးအပ်သည်။

သားဖွားခန်းသစ်မှာ အလျားပေ ၄၀၊ အနံ ၂၄ ပေရှိ သွပ်မိုး၊ အုတ်ကာ အာရ်စီတစ်ထပ် အဆောက်အအုံဖြစ်ပြီး သားဖွားခန်းသုံးပစ္စည်းများနှင့် ပရိဘောဂအပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ လေးသောင်းတန်ဖိုးရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ဒီဇင်ဘာ ၃၁ ရက်က နိုင်ငံတော် သမ္မတကြီး၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်အမှတ် (၅၁/၂၀၁၃)အရ ပြစ်မှုဆိုင်ရာ ၅၀၅၊ ၅၀၆၊ ၁၈၊ ၁၂၄ တို့အရ ပြစ်ဒဏ်များမှ လွတ်ငြိမ်းခွင့်နှင့် လွတ်မြောက်ကြမည့်သူများအား ၎င်းတို့၏မိတ်ဆွေ၊ ဆွေမျိုးမိတ်သင်္ဂဟများက အင်းစိန်အကျဉ်းထောင်ရှေ့တွင် လာရောက်ကြိုဆိုနေကြသည်ကိုတွေ့ရစဉ်။
မြင့်ဦး(အင်းစိန်)

ဗဟိုအကျဉ်းထောင်(အင်းစိန်)မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် နိုင်ငံရေးအကျဉ်းသားခြောက်ဦး ပြန်လည်လွတ်မြောက်

ရန်ကုန် ဒီဇင်ဘာ ၃၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် ဗဟိုအကျဉ်းထောင်(အင်းစိန်)မှ နိုင်ငံရေးအကျဉ်းသား ခြောက်ဦး ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။

ပြန်လည်လွတ်မြောက်လာသူများမှာ မောင်မောင်သန်း(ဘ)ဦးအလီ၊ တင်ဌေး(ဘ)ဦးစိုးမြင့်၊ ဝင်းမြင့်(ဘ)ဦးငြိမ်းမောင်၊ မောင်မောင်(ခ)ဆတ်သား(ဘ)ဦးရှကူး၊ ဝင်းရွှေ(ဘ)ဦးသာလှနှင့် တင်ထွဋ်(ခ)တင်ထွဋ်ပိုင်(ဘ)ဦးဌေးဝင်းတို့ ဖြစ်ကြသည်။ **(သတင်းစဉ်)**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မြို့တော်ဝန်ဖလား ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်

မန္တလေး ဒီဇင်ဘာ ၃၁

(၁၄)ကြိမ်မြောက် မြို့တော်ဝန် ဖိတ်ခေါ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲက ရေတံခွန်တောင်ဂေါက်ကွင်း ကလပ်ဟောက် မျက်နှာစာ၌ကျင်းပရာ မန္တလေးမြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်မောင်း တက်ရောက်၍ တံခွန်စိုက်ဆုနှင့် အခြားဆုများကို ပေးအပ်ချီးမြှင့်သည်။

ရှေးဦးစွာ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီမှ ကော်မတီဝင် ဦးမြင့်သိန်းက ဂေါက်သီးရိုက် အကဲဖြတ်ဒိုင်များ၊ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် ဂေါက်သီးရိုက်အသင်းမှ တာဝန်ရှိသူများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး အတွင်းရေးမှူး ဦးစန်းမောင်က သက်ကြီးအားကစားသမားဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ မြို့တော်ဝန်က ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမရရှိသော အုပ်မိုး (ချယ်ရီဝင်း)၊ ဒုတိယရရှိသော နောင်နောင် (MCDC)၊ တတိယရရှိသော မိုးဟိန်းထွန်း (မွန်ဆွန်း၊မန္တလေးနေ့စဉ်)နှင့် အခြားဆုများ ဆွေ့သည်တော် ဂေါက်သီးရိုက်ပြိုင်ပွဲမှ ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းက ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမနေ့နှင့် ဒုတိယနေ့များမှ အကောင်းဆုံးရိုက်ချက်ဆု ရရှိသူများကိုလည်းကောင်း၊ ကော်မတီဝင် ဦးခင်မောင်တင့်က တတိယနေ့နှင့်စတုတ္ထနေ့များတွင် အကောင်းဆုံးရိုက်ချက်ဆု ရရှိသူများကိုလည်းကောင်း၊ ကော်မတီဝင် ဦးထွန်းကြည်က အမျိုးသမီးပြိုင်ပွဲမှ ဆုရရှိသူများကိုလည်းကောင်း၊ ကော်မတီဝင် ဦးခင်မောင်တင်က အကြီးတန်းပညာရှင်အဆင့်ပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း၊ အောင်ကမ်ဘို ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက ပြိုင်ပွဲတစ်လျှောက်လုံးနှင့် အတန်းအသီးသီးမှ ပထမဆုရရှိသူများအား ဆိုင်ကယ်နှင့် ဟန်းဆက်တစ်လုံးစီကိုလည်းကောင်း၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဝါသနာရှင်အဆင့်နှင့် ပညာရှင်အဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ဒုတိယမှ ဒသမဆုအထိ ရရှိသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြို့တော်ဝန်က အမျိုးသမီးပြိုင်ပွဲတွင် တံခွန်စိုက်ရရှိသူ မေဦးခိုင်၊ အကြီးတန်းပညာရှင်အဆင့်ပြိုင်ပွဲတွင် တံခွန်စိုက်ရရှိသူ မြင့်ဆွေ၊ ဝါသနာရှင်အဆင့်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော မျိုးဝင်းအောင်နှင့် ပညာရှင်အဆင့်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော အောင်ဝင်းတို့အား ဆုများချီးမြှင့်သည်။

တင်မောင်(မန္တလေး)

သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းစည်းဝေး

မန္တလေး ဒီဇင်ဘာ ၃၁

မန္တလေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၃၀ ရက် ညနေ ၃ နာရီက မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင်နှင့် တိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီဝင်များ တက်ရောက်ကြသည်။ **(ယာပုံ)**

တိုင်းဒေသကြီး သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးအုန်းလွင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးသောင်းဇော်က ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးနှင့် ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိရေးအတွက် ဟောပြောပွဲများ၊ ဆောင်ရွက်မှုအခြေအနေများ၊ ကွပ်ကဲရေးရုံးဖွင့်လှစ်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စာရင်းကောက်နှင့် စာရင်းစစ် ဆရာ ဆရာမများရရှိရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ သင်တန်းများဖွင့်လှစ်ပို့ချရန် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။ **(ဝ၄ဝ)**

ဆောင်းသီးနှံစိုက်ပျိုးရန် စိုက်ပျိုးစရိတ်ထုတ်ချေး

မြို့သစ် ဒီဇင်ဘာ ၃၁

မကွေးခရိုင် မြို့သစ်မြို့နယ်တွင် ဆောင်းရာသီအတွက် တောင်သူဦးကြီးများ ဆောင်းသီးနှံစိုက်ပျိုးနိုင်ရန်နှင့် အထောက်အကူရရှိစေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာနှင့် ဝန်ထမ်းများက ဒီဇင်ဘာ ၃၀ ရက်က ဆက်လက်ထုတ်ချေးပေးလျက်ရှိသည်။ ထို့နောက် အုပ်စုခုနစ်အုပ်စုတွင်ရှိသော မြတ်လေးကုန်း၊ ငွေးကုန်း၊ အင်းရွာကြီး၊ ဆူးတပ်ကြီး၊ ပုတီးတုန်းကျေးရွာများနှင့် မြို့မရှိဘုရားကြီး၊ ဈေးရပ်၊ လယ်ပြင်၊ ကွက်သစ်ရပ်ကွက်များအတွက် ငွေကျပ် ၃၀၈၅ ဒသမ ၄၀ ကို ထုတ်ချေးပေးလျက်ရှိပြီး ကျန်ရှိသော မကြီးကုန်းကြီးအုပ်စုကိုလည်း ဒီဇင်ဘာ ၂၇ ရက်တွင် အပြီးထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ဇော်ဇော်(မြို့သစ်)

လွတ်လပ်ရေးနေ့အထိမ်းအမှတ် တာဝေးအပြေးပြိုင်ပွဲကျင်းပမည်

မန္တလေး ဒီဇင်ဘာ ၃၁

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဖိတ်ခေါ်တာဝေးအပြေးပြိုင်ပွဲကို ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) နံနက် ၆ နာရီတွင် အားကစားခန်းမရှေ့ စုရပ်နေရာမှ ကောင်းမှုတော်ဘုရားအထိ အသွားအပြန် စစ်ကိုင်းမြို့နယ် ပြေးခုန်ပစ်ဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်း(ငြိမ်းသီရိဟိုတယ်)မှ အဓိကပံ့ပိုးကူညီမှုဖြင့် ပြေးခုန်ပစ်ကော်မတီတို့က ပူးပေါင်းကျင်းပမည်ဖြစ်ရာ အပြေးပြိုင်ပွဲဝင် အားကစားသမားများအနေဖြင့် စစ်ကိုင်းအားကစားကွင်းမှ ဦးအောင်သန်း၊ စစ်ကိုင်းမြို့ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၊ စစ်ကိုင်းပြေးခုန်ပစ်ဆပ်ကော်မတီ၊ ငြိမ်းသီရိဟိုတယ်တို့သို့ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း၊ ပြိုင်ပွဲတွင် ပထမဆု ငွေကျပ် တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သောင်း၊ တတိယဆု ငွေကျပ် ငါးသောင်း၊ စတုတ္ထဆု ငွေကျပ် သုံးသောင်း၊ ပဉ္စမဆု ငွေကျပ် နှစ်သောင်းနှင့် အထူးဆုငါးဆုအတွက် ငွေကျပ် တစ်သောင်းစီတို့ဖြင့် ငြိမ်းသီရိဟိုတယ်မှ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ကင်းထောက်လူငယ်များ ကွင်းဆင်းလေ့ကျင့်

မကွေး ဒီဇင်ဘာ ၃၁

မကွေးတိုင်းဒေသကြီး မကွေးမြို့ အထက(၂)မှ (၁/၂၀၁၃) ကင်းထောက်သင်တန်းတက်ရောက်ကြသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မွန်ဦးနှင့် ဆရာ ဆရာမကိုးဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် နှစ်ဦးတို့ ဦးဆောင်ကြီးကြပ်၍ ဒီဇင်ဘာ ၃၀ ရက်က လက်တွေ့ကွင်းဆင်းပွဲ ကျင်းပကြသည်။

အဆိုပါ သင်တန်းသားများသည် ကျောင်းနှင့် နှစ်မိုင်ကျော်ဝေးသော ဆီးခြံသို့ ခြေကျင်ခရီးလမ်းလျှောက်၍ တဲထိုးခြင်း၊ သဘာဝဘေးအန္တရာယ် ကာကွယ်မှုဟောပြောခြင်း၊ ကစားနည်းများကို တစ်ဖွဲ့လျှင် ရှစ်ဦးနှုန်းဖြင့် အမျိုးသားခြောက်ဖွဲ့၊ အမျိုးသမီးခြောက်ဖွဲ့ ဖွဲ့၍ပြိုင်ပွဲဝင်ခဲ့ကြသည်။ ဆုရရှိသည့် အဖွဲ့များအား သင်တန်းဆင်းသည့်နေ့တွင် ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် သင်တန်းကာလမှာ ဒီဇင်ဘာ ၂၄ ရက် မှ ၃၁ ရက်အထိ ရှစ်ရက်ဖြစ်ကြောင်း သိရသည်။

ကောင်းသုတ(မင်းဘူး)

ဒီဇင်ဘာလ စုပေါင်းလမ်းလျှောက်

ဖာပွန် ဒီဇင်ဘာ ၃၁

ကရင်ပြည်နယ် ဖာပွန်မြို့နယ် အားကစားနှင့်ကာယပညာကော်မတီက ကြီးမှူး၍ ၂၀၁၃ ခုနှစ် ဒီဇင်ဘာအားကစားလ စတုတ္ထပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၅ နာရီခွဲက ရပ်ကွက်(၂)ရွှေတောင်ကျောင်းရှေ့ လမ်းဆုံစုရပ်၌ ကျင်းပရာ ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောမြတ်ထွဋ်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်အားကစားဦးစီးအရာရှိ ဦးကျော်စိုးနိုင်နှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၇၀၀ ကျော်တို့က စုရပ်နေရာမှစတင်၍ လေယာဉ်ကွင်းအထိ စုပေါင်းလမ်းလျှောက်ပွဲပါဝင်ဆင်နွှဲကြပြီး လေယာဉ်ကွင်း၌ တက်ရောက်လမ်းလျှောက်ကြသူများက ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းအတွဲ(၁)၊ (၂) တို့ကို စုပေါင်းပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **(ဝ၄ဝ)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြန်မာ့မသန်စွမ်း(သံလုံးပစ်)အားကစားသမားများ ရွှေမျှော်မှန်း

နေပြည်တော် ဒီဇင်ဘာ ၃၁

မြန်မာနိုင်ငံမှ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ မြန်မာမသန်စွမ်း အားကစားသမား(ပြေးခုန်ပစ်) အဖွဲ့သည် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းများသို့ ရောက်ရှိလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

မြန်မာမသန်စွမ်း(ပြေးခုန်ပစ်) အဖွဲ့သည် အမျိုးသား ၄၁ ဦး၊ အမျိုးသမီး ၁၇ ဦး၊ စုစုပေါင်း ၅၈ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲတွင် ကျန်းမာရေးအဆင့်သတ်မှတ်ချက်အရ ပြိုင်ပွဲဝင်အဆင့်ခွဲခြားသတ်မှတ်ယှဉ်ပြိုင်ရမည်ဖြစ်၍ အဆင့်လိုက် ရွှေတံဆိပ်ရရှိရေး ပြင်းထန်စွာလေ့ကျင့်နေမှုများကို မြန်မာမသန်စွမ်း အားကစား(သံလုံးပစ်) အားကစားနည်းအတွက် မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ်မှ နည်းပြဒေါ်အေးအေးနွယ်က တာဝန်ယူ၍ ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း(၁)၌ လေ့ကျင့်ပေးလျက်ရှိသည်။

"ကျွန်မတို့ မြန်မာမသန်စွမ်း အားကစားသမားကလေးများအတွက် နိုင်ငံတော်မှထောက်ပံ့ပေးသလိုပုဂ္ဂလိကအလှူရှင်များကလည်း အလှူငွေများ ပေးအပ်ထောက်ပံ့တဲ့အတွက် ကျွန်မတပည့်ကလေးများ အလွန်ဝမ်းသာနေသလို ကျွန်မကိုယ်တိုင်လည်း ဝမ်းသာကြည်နူးမိပါတယ်" ဟု နည်းပြဆရာမဒေါ်အေးအေးနွယ်က လိုက်လံစွာရင်တွင်းစကား ပြောကြားခဲ့သည်။

ကျော်သူရ(နေပြည်တော်)

ရိုးမ-ရန်ကုန်အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲ ပထမဆုရသူအတွက် ကန်ဒေါ်လာ ၂၅၀၀ ချီးမြှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၃၁

၂၀၁၄ ခုနှစ် ရိုးမ-ရန်ကုန် အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် First Myanmar Investment Co.,Ltd. တို့ ပူးပေါင်း၍ ဇန်နဝါရီ ၁၉ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။

စာရင်းပေးသွင်း

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့်သူများ ဒီဇင်ဘာ ၂၅ ရက်မှ ၃၁ ရက်အထိ စာရင်းပေးသွင်းခဲ့ပြီး ယခုလက်ရှိ စာရင်းပေးသွင်းသူအရေအတွက်မှာ ၂၄၀၀ ရှိနေပြီဖြစ်ပြီး ၇၈ ရာခိုင်နှုန်း (၁၈၇၅ ဦး)မှာ မြန်မာနိုင်ငံသားများဖြစ်ကြောင်း သိရသည်။

မာရသွန်ပြိုင်ပွဲတွင် ၄၂ ကီလိုမီတာ၊ ၂၁ ကီလိုမီတာ(အမျိုးသား) နှင့် ၄၂ ကီလိုမီတာ၊ ၂၁ ကီလိုမီတာ (အမျိုးသမီး)ရှိပြီး နှစ်မျိုးစလုံးတွင် ပထမဦးဆုံး ပန်းဝင်လာသည့် အမျိုးသားသုံးဦးနှင့် အမျိုးသမီးသုံးဦးကို ငွေသားဆုချီးမြှင့်သွားမည်ဖြစ်ရာ ၄၂ ကီလိုမီတာ (အမျိုးသား၊ အမျိုးသမီး) အတွက် ပထမဆု ကန်ဒေါ်လာ ၂၅၀၀၊ ဒုတိယဆု ကန်ဒေါ်လာ ၁၂၀၀၊ တတိယဆု ကန်ဒေါ်လာ ၈၀၀ဖြစ်ပြီး ၂၁ ကီလိုမီတာ (အမျိုးသား၊ အမျိုးသမီး)အတွက် ပထမဆု ကန်ဒေါ်လာ ၁၅၀၀၊ ဒုတိယဆုကန်ဒေါ်လာ ၈၀၀၊ တတိယဆု ကန်ဒေါ်လာ ၄၀၀ အသီးသီးချီးမြှင့်သွားမည်ဖြစ်သည်။ ၄၂ ကီလိုမီတာ (အပြည့် မာရသွန်) ပန်းဝင်သူများကို ပန်းဝင်လက်ဆောင် တီရှပ်များပေးအပ်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးအစားနှစ်မျိုးစလုံးတွင် ပန်းဝင်သည့်သူများကို ပန်းဝင်အထိမ်းအမှတ် ဆုတံဆိပ်များ ပေးအပ်၍ ပန်းဝင်သူအားလုံးအတွက် ကံစမ်းမဲ ၁၀ ခုလည်း ဖောက်ပေးမည်ဟု သိရသည်။

ယင်းပြိုင်ပွဲဝင်ရာတွင် လိုအပ်သည့် ပစ္စည်းများပါဝင်သော အိတ်ကို သုဝဏ္ဏမိုးလုံလေလုံအားကစားရုံတွင် ဇန်နဝါရီ ၁၆ ရက်မှ ၁၈ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လာရောက်ထုတ်ယူနိုင်ပြီး အဆိုပါအိတ်တွင် ရိုးမ-ရန်ကုန်အပြည်ပြည်ဆိုင်ရာမာရသွန် တီရှပ်၊ ပြိုင်ပွဲဝင်နံပါတ်နှင့် အပြေးလမ်းကြောင်းတို့ ပါဝင်မည်ဖြစ်သည်။

လှူဒါန်း

အဆိုပါပြိုင်ပွဲတွင် နိုင်ငံတကာမှ အပြေးသမားများ ပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲမှရရှိသော ဝင်ကြေးများကို မြန်မာနိုင်ငံရှိ ကလေးသူငယ်များ၏ ပညာရေးနှင့် ကျန်းမာရေးကို ကြည့်ရှုစောင့်ရှောက်ပေးသောအဖွဲ့အစည်းသုံးခုသို့ လှူဒါန်းသွားမည်ဖြစ်သည်။ ယင်းအဖွဲ့အစည်းသုံးခုမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲမှ ဦးစီးသောနေ့ကလေးထိန်းကျောင်း၊ HIV ဝေဒနာခံစားနေရသော မိဘမဲ့ကလေးများကို စောင့်ရှောက်ပေးသော သုခရိပ်မြုံလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာနှင့် မုံရွာမိဘမဲ့ဂေဟာတို့ဖြစ်ကြောင်း သိရသည်။

သိမ့်သိမ့်မိုး

အမျိုးသားအလွတ်တန်း ဖူဆယ်ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကျင်းပ

မန္တလေး ဒီဇင်ဘာ ၃၁

၂၀၁၃ ခုနှစ် ဒီဇင်ဘာအားကစားလအထိမ်းအမှတ် မန္တလေးခရိုင် ဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်းဖူဆယ်ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ဒီဇင်ဘာ ၂၉ ရက် ညနေပိုင်းက ရွှေမန်းတောင် အားကစားကွင်း၌ ကြယ်တစ်ပွင့်အသင်းနှင့် စိမ်းလဲ့စတား(က) အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ကြယ်တစ်ပွင့်အသင်းက ကိုးဂိုး-ရှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ရာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရ အောင်သိန်း(ဂ) (ကြယ်တစ်ပွင့်အသင်း)အား မန္တလေးခရိုင် ဘောလုံးဆပ်ကော်မတီဝင် ဦးနိုင်လေးကလည်းကောင်း၊ ဒုတိယဆုရ စိမ်းလဲ့စတား (က)အသင်းအား မန္တလေးခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးကြည်သောင်းကလည်းကောင်း ချီးမြှင့်သည်။ **(အောက်ပုံ)**

ချီးမြှင့်

ထို့နောက် ပထမဗိုလ်စွဲခဲ့သည့် ကြယ်တစ်ပွင့်အသင်းအား မန္တလေးခရိုင် ဘောလုံးဆပ်ကော်မတီအဖွဲ့ဝင် ဘဏ္ဍာရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌဦးနေအောင်က ဆုငွေနှင့် ပထမတံခွန်စိုက်ဆုဖလား ချီးမြှင့်ခဲ့ပြီး အဆိုပါ ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် ၄၆ သင်းတို့ပါဝင်ကာ ဒီဇင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ယှဉ်ပြိုင်ကြကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ပြည်တွင်းသတင်း

မြန်မာစာပေချစ်မြတ်နိုးသူများအသင်း ပထမအကြိမ်နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၁

မြန်မာစာပေ ထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာစာပေပြန့်ပွားတိုးတက်ရန်၊ မြန်မာစာပေ၏ ဂုဏ်ကိုမြှင့်တင်ရန်၊ မြန်မာစာပေချစ်မြတ်နိုးသူများ တိုးပွားစေရန်၊ မြန်မာစာပေချစ်မြတ်နိုးမှုကိုအခြေခံ၍ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကောင်းများ ထိန်းသိမ်းတတ်စေရန်၊ မြန်မာစာပေစွမ်းအားဖြင့် နိုင်ငံနှင့် နိုင်ငံသားတို့၏ အကျိုးကိုသယ်ပိုးရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည့် မြန်မာစာပေချစ်မြတ်နိုးသူများအသင်း ပထမအကြိမ်နှစ်ပတ်လည် အခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြန်မာစာပေချစ်မြတ်နိုးသူများ အသင်းဥက္ကဋ္ဌ ဂုဏ်ထူးဦးသိန်းနိုင်က အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာစာပေ ပြန့်ပွားရေးအသင်း (မြန်၊စာ၊ပြန့်)၊ ပန်းတိုင်စာပေ ပြန့်ပွားရေးအသင်း၊ မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂတို့မှ တာဝန်ရှိသူများက သဝဏ်လွှာနှင့် ရည်ရွယ်ချက်၊ ရည်မှန်းချက်တူညီခြင်းအတွက် ကျေးဇူးတင်စကားနှင့် မုဒိတာစကားများပြောကြားကြသည်။

ထို့နောက် အမျိုးသားစာပေ တစ်သက်တာဆုရ ဆရာ ဆရာမကြီးများအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။ ထို့နောက် စာရေးဆရာကြီး သိပ္ပံမှူးတင်က ကျေးဇူးတင်စကား ပြောကြားခဲ့သည်။ ၎င်းနောက် ဦးအေးချို (မဟာဝိဇ္ဇာ)က မင်းများ၏သီလကို သြဝါဒဖြင့် မွမ်းမံခြင်းစာတမ်းကို ဖတ်ကြားခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာစာပေချစ်မြတ်နိုးသူများအသင်း ပထမအကြိမ်နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်မြို့ တော်ဝင်နှင်းဆီခန်းမ၌ ဒီဇင်ဘာ ၂၉ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပခဲ့ကြောင်း သိရသည်။

မြတ်စန္ဒီသင်းဇော်

မိုးစပါးဈေးကောင်းသော်လည်း ပုသိမ်ကြီးတွင် အလုပ်သမားရှား

ပုသိမ်ကြီး ဒီဇင်ဘာ ၃၁

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်းရှိ ဆည်ရေသောက် မိုးစပါးစိုက်ဧကမှာ ၂၉၃၈၂ ဧကဖြစ်သည်။ အဓိကစိုက်ပျိုးသော စပါးမှာ ဧရာမင်း (မဂျမ်းတော)၊ မနောသုခ၊ ရွှေသွယ်ရင်၊ ပုလဲသွယ်စပါးများ ဖြစ်သည်။ မိုးစပါး (ကောက်ကြီးစပါး)စိုက်ပျိုးရာတွင် သက်တမ်းရှည် ဧရာမင်း (မဂျမ်းတော)စပါးနှင့် ပုလဲသွယ်စပါးများကိုသာ အများဆုံးစိုက်ပျိုးကြသည်။ နွေစပါးများအတွက် ကောင်းသော်လည်း မိုးစပါးမှာ တစ်ဧကလျှင် ပျမ်းမျှ တင်း ၈၀ ကျော်သာ ထွက်ရှိသည်။ သို့သော်လည်း စပါးဈေးကောင်းသောကြောင့် တောင်သူဦးကြီးများ ပျော်ရွှင်လျက်ရှိသည်။ စပါးဈေးမှာ တင်း ၁၀၀ လျှင် ငွေကျပ် ၆၀၀၀၀၀ ဝန်းကျင် ရရှိကြောင်း၊ မနှစ်ကနှင့်နှိုင်းယှဉ်လျှင် စပါးဈေးကောင်းကြောင်း တောင်သူတစ်ဦးက ပြောပြသည်။

ပုသိမ်ကြီးမြို့နယ်အတွင်းရှိ မိုးစပါးများ ရိတ်သိမ်းခြွေလှေ့ခဲ့ရာ အောင်မြင်ပြီးစီးတော့မည်ဖြစ်သည်။ လယ်တစ်ဧက၏ ကုန်ကျမှုနှင့် စိုက်ပျိုးမှုများမေးမြန်းကြည့်ရာ တစ်ဧကကုန်ကျမှုမှာ ငွေကျပ်နှစ်သိန်းမှ နှစ်သိန်းကျော်အထိ ကုန်ကျကြောင်း၊ အလုပ်သမား (လယ်ရိတ်သူ) ရှားပါးမှုကြောင့် တချို့သော တောင်သူများမှာ လယ်မြေလုပ်ခြင်းကို စွန့်လွှတ်လျက်ရှိကြောင်း၊ တစ်ဧကလျှင် အလုပ်သမား ၁၂ ဦးမှ ၁၅ ဦးအထိ ငှားရကြောင်း၊ တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ငှားရကြောင်း၊ စပါးခြွေလှေ့ရာတွင် တစ်ဦးလျှင် ငွေကျပ် ၃၅၀၀ ပေးရကြောင်း တောင်သူဦးကြီးတစ်ဦးက ပြောပြသည်။ မိုးစပါးများ ရိတ်သိမ်းပြီးချိန်တွင် လယ်ကော(ကုန်းပိုင်းကျသော) လယ်မြေများတွင် ကုလားပဲများစိုက်ပျိုးကြသည်ကို တွေ့မြင်ရသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃၁-၁၂-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၄၆၅၀၀-၆၀၈၅၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၄၉၅၀၀-၆၁၁၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၇-၉၉၀	ကျပ်
ဥရောပ	တစ်ယူရို	၁၃၄၅-၁၃၆၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၁-၇၈၃	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၅-၃၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၃-၁၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၉-၁၆၃	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၅-၃၀၇	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၈၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၄၇၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၀၀-၃၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၈၀၀-၇၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၀၀၀-၇၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၂၀၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၃၂၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၇၅၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၅၀၀၀
၂။ ပေါ်ကွဲ(အသစ်)	တစ်အိတ်	၁၆၀၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၁၀၀၀-၂၃၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၄၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၅၃
၆။ မြင်းခြံကြက်သွန်နီ(အသစ်)	တစ်ပိဿာ	၂၀၀-၈၇၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၀၀-၁၈၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၀၂၅-၁၁၀၀
၉။ အာလူး(အောင်ပန်း)	တစ်ပိဿာ	၆၀၀-၇၄၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၇၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၅၀၀၀
၁၂။ သကြား	တစ်ပိဿာ	၉၀၀-၉၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငှတင်ပြသည်။

ကြက်သွန်နီစိုက်တောင်သူများအတွက် မြေခွဲဝေပေး

ဆိပ်ဖြူ ဒီဇင်ဘာ ၃၁

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့တွင် ဒီဇင်ဘာ ၂၈ ရက် နံနက်မှစတင်၍ မြို့ပေါ်ရပ်ကွက်များဖြစ်သည့် ယောဝ၊ အလယ်ပိုင်း၊ အနောက်ပိုင်းရပ်ကွက်တို့ရှိ ကြက်သွန်နီစိုက် တောင်သူ ၉၈ ဦးတို့ကို ယောချောင်း၊ သောင်မြေတွင် ဒေသစီးပွားဖြစ် ကြက်သွန်နီစိုက်ပျိုးနိုင်ရန်အတွက် မြို့ပေါ်သုံးရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်လယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့တို့ ပူးပေါင်း၍ ပေါ်မြေများကို တိုင်းတာ၍ ကြက်သွန်နီစိုက်ပျိုးရန်အတွက် စိုက်ပျိုးမြေကွက်များကို တိုင်းတာပြီး တောင်သူတို့ကိုမဲနှိုက်၍ အညီအမျှ ခွဲဝေပေးခဲ့ကြရာ တောင်သူတစ်ဦးလျှင် ၀ ဒသမ ၂ ဧကစီ ရရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းတံတားလုပ်ငန်းများအတွက် သံပြား တန် ၅၀၀၀ နှင့် သံချောင်းလုံး တန် ၂၀၀အား သံမဏိစက်ရုံအမှတ်(၂)၊မြောင်းတကာ(မှော်ဘီ)နှင့် သံမဏိစက်ရုံအမှတ်(၁)၊ ကျောက်စွယ်ကျိုး(အောင်လံ)မှ ရန်ကုန်မြို့၊ တံတားလေးသိုလှောင်ဝင်းအရောက် သယ်ယူပို့ဆောင်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၁-၂၀၁၄ ရက်(ရုံးချိန်အတွင်း)

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၆-၁-၂၀၁၄ရက် မွန်းတည့် ၁၂ နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၆-၁-၂၀၁၄ရက် မွန်းလွဲ ၁၂း၃၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

၆။ သတ်မှတ်ရက်၊ သတ်မှတ်ချိန်ထက်နောက်ကျသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ပစ္စည်းသိုလှောင်ရေးနှင့်ဖြန့်ဖြူးရေးရုံး(ရန်ကင်း)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဖုန်း-၅၅၅၇၁၂၊ ၅၅၅၃၉၄

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၂/၂၀၁၃)

၁။ နေပြည်တော်ကောင်စီနယ်မြေနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စုနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန် ထပ်မံလိုအပ်သည့် လမ်းလုပ်ငန်းသုံးပစ္စည်းလေးမျိုးအား လမ်းအလိုက်၊အပိုင်းအလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

စဉ် အမျိုးအစား	အရေအတွက်
၁။ ခွဲကျောက်(ရွယ်စုံ)	၂၁၇၄ကျင်း
၂။ ကျောက်ရောမြေ	၁၁၉၆ကျင်း
၃။ သံမဏိအကာအကွယ်တန်း	၂မိုင်
၄။ အုတ်	၂၇၁၆၂၀လုံး

တင်ဒါပုံစံရောင်းချမည့်ရက် - ၂-၁-၂၀၁၄ ရက်မှ ၁၁-၁-၂၀၁၄(ရုံးချိန်အတွင်း)
တင်ဒါဖွင့်မည့်ရက် - ၁၀-၁-၂၀၁၄ရက် မွန်းတည့် ၁၂ နာရီ

အသေးစိတ်အချက်အလက်များကို လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ပျဉ်းမနားမြို့တွင် ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၆၇-၂၁၁၀၂၊ ၀၉-၄၄၂၀၇၄၈၉၂၊ ၀၉-၄၂၀၇၁၂၀၃၆

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဥက္ကာမြတ်သူ ၁၂/ဥကတ(နိုင်)၁၇၂၁၃၉၏ CDC/Passport/ 4 tickets/Presea/ STD Card/SSA လက်မှတ်များ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ဖုန်း-၀၉-၄၇၂၀၀၀၅၅

စာအုပ်စာပေ လူ့မိတ်ဆွေ

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၄၊ မြေကွက်အမှတ်၂၀၄၊ မြေကွက်တည်နေရာ ၉၄၊ ရတနာလမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ် ဒေါ်ခင်သင်းသင်းနိုင် အမည်ပေါက် နှစ် ၆၀ မြေငှားဂရန် (စီမံချက်ဂရန်)မြေအား အမည်ပေါက် ဒေါ်ခင်သင်းသင်းနိုင်ထံမှ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်၂၁၂၅၂/၃၀-၁၀-၁၃ ဖြင့်ရရှိသူ ဦးမြင့်သောင်း(ခ)ဦးသောင်း ၁၂/ကမရ(နိုင်)၀၃၈၀၈၇ မြေရာဇဝင်မှတ်ချက်ရှိ ကမရ/ပုံ/၂၄၃၇/၀၆ (၁၀-၈-၀၆)ဖြင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခဲ့ရာ အဆိုပါ အရောင်းမြေပုံမူရင်းပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အဆောက်အအုံဆောက်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လင်မယားအဖြစ် ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နေ ဦးအေးသွင်၏သား ဦးဇင်မင်းဦး ၁၂/ကတန(နိုင်)၀၇၇၇၂၀ နှင့် ပဲခူးမြို့၊ အဝေရာလမ်း၊(၄)ရပ်ကွက်၊ အမှတ်၂၂နေ ဦးသောင်းစိန်၏သမီး ဒေါ်ခင်သီတာထွန်း ၇/ပခန(နိုင်) ၂၅၂၈၅၅ တို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြပါသည်။ ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိသဖြင့် ဆက်လက်ပေါင်းသင်းရန် မဖြစ်နိုင်သောကြောင့် ၂၅-၁၀-၂၀၁၃ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ် ချုပ်ဆိုကွာရှင်းပြီးဖြစ်ပါကြောင်း၊ နောက်နောင် ဦးဇော်မင်းဦးနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်မယူ မဖြေရှင်းပေးနိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်သီတာထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးလှိုင် LL.B အထက်တန်းရှေ့နေ(စဉ်-၃၃၂၁၁)
အမှတ် ၁၄၂၊ မဇင်း ၁လမ်း၊ ပဲခူးမြို့

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဒုတိယအကြိမ်ဆောင်ရွက်မည့်လုပ်ငန်းများ အိတ်ဖွင့်တင်ဒါဖွင့်

ထားဝယ် ဒီဇင်ဘာ ၃၁

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဒုတိယအကြိမ်ဆောင်ရွက်မည့် လုပ်ငန်းများ၏ အိတ်ဖွင့်တင်ဒါဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ဒေသဆိုင်ရာကော်မတီ အတွင်းရေးမှူး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လွင်က အမှာစကားပြောကြားပြီး ဒေသဆိုင်ရာကော်မတီတွဲဖက်အတွင်းရေးမှူး ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဦးအောင်ကျော်မြင့်က အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ တက်ရောက်လာသော အိတ်ဖွင့်တင်ဒါယှဉ်ပြိုင်သူ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ လုပ်ငန်းရှင်များက လုပ်ငန်းစုအလိုက် အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများ တင်သွင်းပြီး တင်ဒါစိစစ်ရေးကော်မတီမှ အိတ်ဖွင့်တင်ဒါများစိစစ်၍ တင်ဒါအောင်မြင်သူများကို ဒေသဆိုင်ရာကော်မတီမှ တွဲဖက်အတွင်းရေးမှူး ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ဦးအောင်ကျော်မြင့်က ဖွင့်ဖောက်ကြေညာသည်။

အဆိုပါ အိတ်ဖွင့်တင်ဒါ Logo ၁၆ ခု၊ ယှဉ်ပြိုင်သူ ကုမ္ပဏီ၊ အဖွဲ့အစည်း၊ လုပ်ငန်းရှင် ၄၀ ရှိပြီး ယှဉ်ပြိုင်အောင်မြင်သည့် Jewel Ocean ကုမ္ပဏီ၊ F-22 ဆန်နီဆောက်လုပ်ရေးကုမ္ပဏီ၊ ဦးမြင့်သန်း လုပ်ငန်းရှင် (သရက်ချောင်းမြို့နယ်) Generate ကုမ္ပဏီ၊ ဦးလေးလေး လုပ်ငန်းရှင် (လောင်းလုံမြို့နယ်)၊ ဦးကိုကိုဦး လုပ်ငန်းရှင်(မြိတ်)၊ ဦးသိန်းဝင်းထွန်း လုပ်ငန်းရှင်(ပုလောမြို့နယ်)၊ ဦးလှစိုး လုပ်ငန်းရှင်(ပုလောမြို့နယ်)၊ ဦးဇော်မျိုးဝင်း လုပ်ငန်းရှင်(ပုလောမြို့နယ်)၊ ဆန်းသစ်အောင်ကုမ္ပဏီ၊ မြရောင်ကြယ်ကုမ္ပဏီ၊ ဦးတိုးဝင်းထွန်း လုပ်ငန်းရှင်(မြိတ်)၊ တောက်ပသောအာရှဘုရင်ကုမ္ပဏီနှင့် တော်ဝင်လှိုင်းကုမ္ပဏီတို့က တင်ဒါအောင်မြင်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သုံးဦးစီးနင်းလာသောဆိုင်ကယ် အရှိန်လွန်ကာ လမ်းဘေးကျောက်တိုင်ကို တိုက်မိပြီး တစ်ဦးသေဆုံး

ခရမ်း ဒီဇင်ဘာ ၃၁

ဒီဇင်ဘာ ၂၉ ရက် နံနက် ၆ နာရီ ၄၅ မိနစ်က ခရမ်းမြို့နယ် ကြာကန်ကျေးရွာ ခရမ်း-ဘုရားပျို-ရေကျော်ကားလမ်းအတိုင်း ဦးသံချောင်း ခရမ်းမြို့နယ်နေသူ စီးနင်းမောင်းနှင်လာသော ဝေ့ဗ်-၁၁၀ ခဲနက်ရောင်ဆိုင်ကယ်သည် ကြာကန်ကျေးရွာထိပ် လမ်းကွေ့အရောက် အရှိန်လွန်ပြီး လမ်းဘေးကျောက်တိုင်ကို တိုက်မိ၍ တိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဆိုင်ကယ်တိမ်းမှောက်မှုကြောင့် ဆိုင်ကယ်မောင်းနှင်သူ ဦးသံချောင်းမှာ ဦးခေါင်းကြေမွဒဏ်ရာဖြင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ဆိုင်ကယ်နောက်တွင်စီးနင်းလိုက်ပါလာသော ခရမ်းမြို့နယ်နေသူများဖြစ်သည့် ကိုသန်းကျော်နှင့် ကိုအောင်မိုးဇော်တို့တွင် ဒဏ်ရာများရရှိကာ ရန်ကုန်ဆေးရုံကြီး၌ အတွင်းလူနာများ(စိုးရိမ်ရ)အဖြစ် တင်ပို့ကုသရသောကြောင့် ဆိုင်ကယ်မောင်းနှင်သူ ဦးသံချောင်းကို ခရမ်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ တရားမဝင်သစ်များ ဖမ်းဆီးရမိ

ကျိုင်းတုံ ဒီဇင်ဘာ ၃၁

ဒီဇင်ဘာ ၂၁ ရက်မှ ၂၈ ရက်အထိ ရှမ်းပြည်နယ်(အရှေ့ပိုင်း) သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်သိန်း ဦးဆောင်သော မိုင်းဆတ်မြို့နယ်၊ မိုင်းပျဉ်းမြို့နယ်၊ မိုင်းတုံမြို့နယ် ဖမ်းဆီးရေးအဖွဲ့ကလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခင်ဦး ဦးဆောင်သော မိုင်းဆတ်ခရိုင်အတွင်း ဖမ်းဆီးရေးအဖွဲ့ကလည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူးဦးသက်ဦး ဦးဆောင်သော တာချီလိတ်ခရိုင်အတွင်း ဖမ်းဆီးရေးအဖွဲ့ကလည်းကောင်း တရားမဝင်သစ်များ ခိုယူ၊ ခုတ်လှဲ၊ ခိုးထုတ်၊ သယ်ဆောင်နိုင်သည့် လမ်းကြောင်းများနှင့် ဆက်စပ်စုပုံနိုင်သောနေရာများသို့ နယ်မြေရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ပိတောက်ခွဲသား ၀ ဒသမ ၄၉၁၂ တန်၊ ထင်းရှူးခွဲသား ၃၈ ဒသမ ၄၇၆၂ တန်၊ သစ်အယ်ခွဲသား ၁ ဒသမ ၁၃၀၉ တန်၊ ပန်းတမာခွဲသား ၀ ဒသမ ၂၆၉၁ တန်၊ ပန်းဆွဲလဲခွဲသား ၁ ဒသမ ၁၇၃၀ တန်၊ ယင်းတိုက်အနှစ်မျောတိုင် ၄ ဒသမ ၃၉၆၀ တန် စုစုပေါင်း ၄၅ ဒသမ ၉၁၆၄ တန်တို့ကို ပိုင်ရှင်မဲ့အပါအဝင် ဖမ်းဆီးရမိခဲ့ပြီး မိုင်းပျဉ်းမြို့နယ်တွင် ဖမ်းဆီးရမိသော ပြစ်မှုကျူးလွန်သူ ဦးစိုင်းလုံ ယာဉ်အမှတ် ၁ခ/----Nissan Diesel ခြောက်ဘီးယာဉ်နှင့် ကျိုင်းတုံမြို့နယ်တွင် ဖမ်းဆီးရမိသော ပြစ်မှုကျူးလွန်သူ ဦးဝင်းရွှေ၊ ဦးဖြိုးမောင်မောင်၊ ယာဉ်အမှတ် ၂ဂ/--- Nissan Diesel ၁၂ ဘီးယာဉ်တို့ကို တရားစွဲဆို အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကလေးဝ-တမူးလမ်းပေါ်ရှိ ဝါးရဲချောင်းတံတားကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်

ကလေး ဒီဇင်ဘာ ၃၁

အိန္ဒိယ-မြန်မာချစ်ကြည်ရေးလမ်းမကြီးပေါ်ရှိ ကလေးဝ-တမူးလမ်း မိုင်တိုင်အမှတ် (၄/၅)နှင့် (၄/၆)ကြားရှိ ဝါးရဲချောင်းတံတားကို သံကူကွန်ကရစ်နှစ်လမ်းသွားလမ်းမကြီးအဖြစ် နိုင်ငံတော်က ငွေကျပ်သန်း ၇၀၀ အကုန်အကျခံ တည်ဆောက်လျက်ရှိကြောင်း၊ တံတားအရှည်မှာ ပေ ၂၉၀ ဖြစ်ကြောင်း၊ လွန်တူးဘိုးပိုင် အမျိုးအစားဖြစ်ကြောင်း ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက ပြောကြားသည်။

အဆိုပါ တမူး-ကျီကုန်း-ကလေး -ကလေးဝလမ်းမကြီးကို အိန္ဒိယနိုင်ငံမှ ၂၀၀၃ ခုနှစ်တွင် စတင်တိုင်းတာပြီး အိန္ဒိယ-မြန်မာ ချစ်ကြည်ရေးလမ်းမကြီးအဖြစ် ခင်းပေးခဲ့ကာ သုံးနိုင်ငံမဟာမိတ်လမ်းမကြီးအဖြစ်ထင်ရှားပြီး တမူးမှ ကလေး ၈၃ မိုင်၊ ကလေးမှကလေးဝ ၂၃ မိုင်၊ ကလေးဝမှ မုံရွာ ၁၁၅ မိုင်၊ မုံရွာမှ မန္တလေး ၈၆ မိုင်ရှိကြောင်း သိရသည်။ **သျှင်နေမင်း**

အဝေရာ(အခမဲ့)လူမှုကူညီရေးအသင်းသို့ နိဗ္ဗာန်ယာဉ်တစ်စီးလှူဒါန်း

ပေါက် ဒီဇင်ဘာ ၃၁

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်၌ လူမျိုးဘာသာ ဆင်းရဲချမ်းသာမရွေး နာရေးကြုံတွေ့လာပါက အချိန်မီပို့ဆောင်နိုင်ရန်အတွက် နာရေးတင်ယာဉ် တိုယိုတာတစ်စီး၊ ယာဉ်ပြင်ဆင်ရန်အတွက် ငွေကျပ်တစ်သိန်း နှင့် အဝေရာလူမှုကူညီရေးအသင်းအတွက် ငွေပဒေသာပင် ကျပ်တစ်သိန်းကို ပေါက်မြို့ အောင်ချမ်းသာရပ်ကွက်နေ ဦးအောင်စိုးဝင်းနှင့် ဇနီးဒေါ်သင်းသင်းစိုး မိသားစုတို့က အဝေရာလူမှုကူညီရေးအသင်းသို့ ရေစက်ချလှူဒါန်းပွဲကို ပေါက်မြို့ ရွှေပေါက်ပင်ရပ်ကွက် ကံစွယ်ကျောင်းတိုက်၌ ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက ကျင်းပသည်။ ဆက်လက်၍ ဒေါ်ဝင်းဝင်း(ပုဏ္ဏမာစတိုး) မိသားစုတို့က အဝေရာလူမှုကူညီရေးအသင်းအတွက် ငွေပဒေသာပင် ကျပ်ငါးသောင်းနှင့် နာရေးကူညီမှုအသင်းအတွက် ငွေကျပ်ငါးသောင်းလှူဒါန်းခဲ့သည်။ ထိုသို့ လှူဒါန်းမှုအစုစုတို့အတွက် စေတနာရှင်၊ အလှူရှင်မိသားစုတို့ကို အဝေရာလူမှုကူညီရေးအသင်းနာယက ကံစွယ်ကျောင်းတိုက်ဆရာတော်ဦးကေသရကလည်း တရားရေအေးချိုးမြှင့်ပြီး ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်သူများအသင်းအစည်းအဝေး ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

မြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းများဆိုင်ရာဝန်ဆောင်သူများအသင်း၏ (၁၇)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ဇန်နဝါရီ ၅ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ရှိ မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ မပျက်မကွက် အစည်းအဝေးတက်ရောက်ကြရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ **အောင်သူရ**

သစ်တောသစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလေ့တိုး

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်အတွင်းရှိ ပင်လောင်းမြို့နယ်မှ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်တွင်ဆောင်ရွက်မည့် ပြည်ထောင်စု လမ်း၊တံတားလုပ်ငန်းမှ ယာဉ်အန္တရာယ်ကာကွယ်ရန်အတွက် Aluminium Guard Rail (ပေ၅၂၈၀)အား စိုက်ထူရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ဆောင်ရွက်လိုပါသဖြင့် တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၁။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၆-၁-၂၀၁၄ရက် (၁၆း၃၀)နာရီ

၂။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၃-၁-၂၀၁၄ရက် (၉း၀၀)နာရီ

၃။ **တင်ဒါ/တင်သွင်း စိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၁၂၁၁၄၂

၄။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာဆုတောင်း

မေတ္တာတရားကြီးမား၍ သားသမီးအပေါ် နွေးထွေးမှုအပြည့်ဖြင့် ချစ်မြတ်နိုးသော ဖေကြီး ဗဟိုသိမ်းဆောင်နှင့် မေကြီးဒေါ်ထွေးမြင့်တို့၏ ၁-၁-၂၀၁၄ ရက်တွင် ကျရောက်သော နှစ်(၅၀)ပြည့် ရွှေရတုရက်မြတ်မှသည် စိန်ရတု မင်္ဂလာရက်များတိုင် ချစ်သောသမီးများနှင့်အတူ စိတ်ချမ်းသာ၊ကိုယ်ကျန်းမာစွာဖြင့် ပျော်ရွှင်သာယာသောဘဝလမ်းကို အတူတကွ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သား၊ သမီး၊ မြေး၊ မြစ်များ

မွေးနေ့ဆုတောင်း

သားကြီးမျိုးမြင့်ခိုင်

BE(P & H)Antra koh Pte Ltd. (Singapore) ၏

၃၀-၁၂-၂၀၁၃ရက် မွေးနေ့မှသည် နောင်နှစ်ပေါင်း ၁၀၀ ကျော်တိုင် ကိုယ်၊ စိတ် ကျန်းမာရွှင်လန်းစွာဖြင့် ဘဝရည်မှန်းချက်များ ပြည့်စုံအောင်မြင်ပါစေရန် နှစ်သစ်တွင် ဆုမွန်ကောင်းတောင်းပေးပါသည်။

ဖေကြီး - **ကိုကိုခိုင် ဆောက်လုပ်ရေး(ပုသိမ်)**

မေကြီး - **ဖြူဖြူမော်**

ညီမ - **နှင်းသဇင်ခိုင်** 1st Year (Eco)

ညီမငယ် - **သင်းသန္တာအောင်** B.Tech(Civil)

ညီမလေး - **ဆုရွှေရည်** 3rd Year(IS) Yadanarbon cyber city (Pyin Oo Lwin)

မွေးနေ့ဆုတောင်း

ဒေါ်သန်းသန်းထူး

(အထပြ-ငြိမ်း အထက-၂ မကွေး) နေပြည်တော်

ချစ်သောမေမေ

၁-၁-၂၀၁၄ ရက်မှာကျရောက်သည့် မွေးနေ့မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင် ချစ်သော သား၊ သမီး၊ မြေးများနှင့်အတူ ပျော်ရွှင်ကျန်းမာချမ်းသာပြီး သာသနာအကျိုး ဝိပဿနာအကျိုးများကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သမီးကြီး - **မောင်မောင်သာ(လထ ညွှန်မှူး-ငြိမ်း)-သိမ့်သိမ့်မင်း(BA-Myanmar) Dip in Computer Application(Y.U)**

သမီးငယ် - **ဗိုလ်မှူးထင်အောင်ကျော်-ဗိုလ်ကြီးစိမ့်စိမ့်မင်း**

သားငယ် - **သန်းနိုင်မင်း BE.Mech၊ ကထိက ပြည် GTU-ကြည်ကြည်ဝင်း(အလပြ)**

မြေးများ

ကံကောင်း

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြိုင်သာယာ၊ VIP 80'x60' လုံးချင်းတိုက်များ၊ သိန်း၄၀သွင်းရသော VIP မြေကွက်များ၊ သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။

(သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်

ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉

၀၉-၄၂၀၁၈၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၆/၂၇/သမိုင်း)၊ မြေကွက်အမှတ်(၄ စီအက်ဖ် ၁၀)၊ ဧရိယာ (၄၆'×၅၀') ဧကရှိ မြေကွက်အား ဒေါ်အိဖြူဝင်း ၁၂/အစန (နိုင်) ၁၈၄၈၀၄ အမည်ဖြင့် မြေငှားစာချုပ်(အထူးဂရန်) ထုတ်ပေးမည် ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက မြေငှားစာချုပ် (အထူးဂရန်) ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်

ကြော်ငြာ

၂၀၁၄ ခုနှစ် နှစ်သစ်ကူးအခါသမယမှစ၍
မြန်မာနိုင်ငံတဝှမ်းလုံးရှိ မိဘပြည်သူများအားလုံး
စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း
၂၀၁၄ ခုနှစ်၏ နှစ်သစ်ကူးမင်္ဂလာနေ့ရက်တွင်
Elite Express မိသားစုမှ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

Elite Express

မြန်မာ့စီးပွားရေး၏ အဓိကမောင်းနှင်အား လယ်ယာကဏ္ဍ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ (ရာမည-သွေးမွန်)

စပါးရိတ်သိမ်းခြွေလှေ့နေသော စက်မှုလယ်ယာလုပ်ငန်းခွင်မြင်ကွင်း။

ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှုသည် စားနပ်ရိက္ခာ၏ လိုအပ်ချက်အရ တိုးမြှင့်ရမည်ဖြစ်သည်။ ကမ္ဘာ့လူဦးရေ၏ တိုးတက်လာမှုအခြေအနေအပေါ် မူတည်၍ ဆန်စပါးတိုးမြှင့်ထုတ်လုပ်ရန်လိုအပ်ခြင်းဖြစ်သည်။ ဆန်စပါးကို အဓိကအားပြုစားသုံးကြသော နိုင်ငံများတွင် မိမိတို့နိုင်ငံ၏ လူဦးရေတိုးတက်မှုနှုန်းနှင့် အလျဉ်မီစွာ ဆန်စပါးထုတ်လုပ်နိုင်ရန် ကြိုးပမ်းကြရသည်။

လွန်ခဲ့သော ၁၉၄၀ ခုနှစ်က အရှေ့တောင်အာရှနိုင်ငံများ ရိက္ခာရှားပါးပြတ်လပ်မှုအတွက် နည်းမျိုးစုံသုတေသနပြု အားထုတ်ကြရာတွင် ဆန်အတုများထုတ်လုပ်ရန် ကြံစည်စိတ်ကူးခဲ့ကြဖူးသည်။ အထူးသဖြင့် ၁၉၅၂ ခုနှစ်က ဂျပန်နိုင်ငံတွင် ဆန်အတုများထုတ်လုပ်ကြသည်။ သို့သော်လည်း ဈေးကွက်သို့ဝင်ဆံ့နိုင်ခြင်းတော့မရှိခဲ့ချေ။ လူဦးရေ မတန်တဆများပြားသော အိန္ဒိယနိုင်ငံတွင် အာတာလွတ်၊ ပီလောပီန်၊ ပိန်းဥ၊ မျောက်ဥစသည်များမှ ထုတ်လုပ်ရန်လည်း ကြိုးစားခဲ့ကြဖူးသည်။ ဆန်အစားထိုးနိုင်ခြေမရှိခဲ့ပါ။

မိမိတို့နိုင်ငံတွင်မူ လူဦးရေနှင့် စားနပ်ရိက္ခာဆန်စပါးထုတ်လုပ်မှုအချိုးသင့်တင့်မျှတသည်ဟု ဆိုရပါမည်။ ပြည်ပသို့ပင် တင်ပို့နိုင်ခဲ့သည်။ စစ်မဖြစ်မီကာလကပင် ပြည်ပသို့ ဆန်တင်ပို့နိုင်မှုမှာ ၁၉၃၈-၁၉၃၉ ခုနှစ်တွင် တန်ချိန် ၃၃၂၉၀၀၀၊ ၁၉၄၇-၁၉၄၈ ခုနှစ်တွင် တန်ချိန် ၁၂၅၄၀၀၀နှင့် ၁၉၅၀-၁၉၅၁ ခုနှစ်တွင် ၁၃၆၅၀၀၀ တန် တင်ပို့နိုင်ခဲ့ကြောင်း မြန်မာ့စွယ်စုံကျမ်း(၈-စင်း) "စပါး"ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည်။ လက်ရှိတွင်လည်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ စာရင်းအရ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် မက်ထရစ်တန် ၈၉၈၈၇၀၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ၅၃၈၆၄၀၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၁၄၇၇၅၀၃ တန်ဟု ပြည်ပသို့ ဆန်တင်ပို့မှုအခြေအနေကို သိရသည်။

သို့ဖြစ်ရာ မိမိတို့နိုင်ငံသည် ပြည်တွင်းစားသုံးရန် လုံလောက်စိတ်ချရပြီးဖြစ်သည်။ ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက်နှင့် ဒေသတွင်းရိက္ခာဖူလုံရေးအတွက် ဆန်စပါးတိုးမြှင့်ထုတ်လုပ်နိုင်ရန် စိုက်ပျိုးမြေတိုးချဲ့ခြင်း၊ မျိုးကောင်းမျိုးသန့်အထွက်တိုး စပါးမျိုး ရွေးချယ်စိုက်ပျိုးခြင်း၊ သိပ္ပံနည်းကျ ခေတ်မီစိုက်ပျိုးနည်းစနစ် ပြောင်းလဲစိုက်ပျိုးရမှာဖြစ်ကြောင်း အားလုံးကသဘော ပေါက်ထားကြပြီးလည်း ဖြစ်သည်။

ယင်းသို့သော ပြုပြင်ပြောင်းလဲရေးအတွက် ခေတ်မီလယ်ယာမြေစနစ်မဖြစ်မနေပြုပြင်ကြရန် နှိုးဆော်တိုက်တွန်းထားပြီးလည်းဖြစ်သည်။ ပြုပြင်ပြောင်းလဲရေးတွင် "သမားရိုးကျလယ်ကွက်ငယ်များကို လက်မှုလယ်ယာစနစ်မှ ဧကကွက်၊ ဟက်တာကွက်များအဖြစ်ပြုပြင်ကာ စက်မှုလယ်ယာစနစ် (Mechanized Farming) သို့ ပြောင်းလဲဆောင်ရွက်ကြရန် တိကျခိုင်မာစွာ လမ်းညွှန်ထားပြီးလည်းဖြစ်သည်။

ငွေကြေး ရင်းနှီးမြှုပ်နှံနိုင်မှု အင်အားနည်းပါးကြသော တောင်သူလယ်သမားများအတွက်လည်း နည်းလမ်းများအရ သမဝါယမကဏ္ဍမှ ပံ့ပိုးကူညီရန် နိုင်ငံတော်က စီစဉ်လျက်ရှိသည်ကို အများပြည်သူအသိဖြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စပါးအထူးပြုပုဂ္ဂလိက ကုမ္ပဏီများနှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနကလည်း မိမိတို့ရည်မှန်းထားသည့် ပြည်သူလူထုဗဟိုပြုသော ဖွံ့ဖြိုးတိုးတက်ရေး (People Centered Development) လုပ်ငန်းများ အောင်မြင်ရမည်ဖြစ်သည်။ မည်သို့ဖြစ်စေ မိမိတို့၏ လယ်ယာမြေများကို စက်မှုလယ်ယာစနစ်သို့ ပြုပြင်ပြောင်းလဲပြီးပါက ရရှိနိုင်မည့် အကျိုးကျေးဇူးများအဖြစ် (က) စက်ကိရိယာများအလွယ်တကူ ဝင်ထွက်လုပ်ကိုင်နိုင်ပြီး အချိန်နှင့်လူအင်အား သက်သာစေနိုင်ခြင်း၊ (ခ) လုပ်ငန်းမြန်မြန်ဆန်ဆန် ပြီးစီးနိုင်သဖြင့် နှစ်သီး၊ သုံးသီး သီးထပ်များ စိုက်ပျိုးနိုင်ကာ တောင်သူများ ဝင်ငွေ တိုးတက်လာစေမည့်အပြင် တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုလည်း တိုးတက်လာစေခြင်း၊ (ဂ) ကုန်ထုတ်လမ်းများပါရှိသဖြင့် ကောက်လှိုင်းသယ်ထုတ်ခြင်း၊ မြေဆီအိတ်များ လူဖြင့်ထမ်းသယ်ခြင်းကဲ့သို့သော မလိုလားအပ်သည့် စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်များ လျော့ကျသက်သာစေခြင်း၊ (ဃ) စက်အားဖြင့် အချိန်မီရိတ်သိမ်းသိုလှောင်နိုင်သဖြင့် လေလွင့်ဆုံးရှုံးမှုမှ သက်သာစေသည့်အပြင် အရည်အသွေးကောင်းထုတ်ကုန်များ ရရှိပြီး၊ ဈေးကောင်းရသဖြင့် တောင်သူတို့ဝင်ငွေတိုးတက်ကာ ဆင်းရဲမှုလျော့ကျစေရေးကို QuickWin ဆောင်ရွက်ပေးနိုင်ခြင်း၊ (င) လယ်ကွက်အတွင်း မြေသားများညီညာမှုရှိရုံမျှမက ရေသွင်းရေထုတ် ကောင်းမွန်စွာလုပ်ကိုင်နိုင်သဖြင့်လည်း သီးနှံအထွက်နှုန်းမြင့်မားတိုးတက်လာကာ ဝင်ငွေတိုးတက်ရရှိလာမှာ သေချာပါကြောင်း ရေးသားလိုက်ရပါသည်။

စာပေဟောပြောပွဲ ကျင်းပမည်

မုံရွာ ဒီဇင်ဘာ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ သလ္လာ (၁၁) ရပ်ကွက် မြဝတီလမ်းရှိ မြသိန်းတန်ကမ္ဘာအေး ရှစ်မျက်နှာဘုရားပွဲအကြို စာပေဟောပြောပွဲကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃ ရက် ည ၇ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စာပေဟောပြောပွဲတွင် စာရေးဆရာများဖြစ်ကြသော ဗေလုဝ၊ ဒေါ်ခိုင်ဦး၊ ချောအိမွန်တို့က စာပေဗဟုသုတများ ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

သတင်းဆောင်းပါးနှင့်နယ်သတင်း

ဒီဇင်ဘာ စုပေါင်းလမ်းလျှောက်ပွဲများကျင်းပ

တိုက်ကြီး

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်တွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားလုပ်ငန်းများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၈ ရက် နံနက် ၅ နာရီက စတုတ္ထပတ် လူထုလမ်းလျှောက်ပွဲကို အထက မြို့မကျောင်းစုရပ်မှ ကန်သာယာ ဥယျာဉ်ခြံအထိ စုပေါင်းလမ်းလျှောက်ကြရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုး၊ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ စုစုပေါင်း ၄၂၀၀ကျော် ပါဝင်ဆင်နွှဲခဲ့ကြသည်။ **ထွန်းလှိုင်(မြိုင်)**

မူဆယ်

ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ နောက်ဆုံးပတ်ကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၅ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ မြို့တော်ခန်းမရှေ့စုရပ်နေရာ၌ ကျင်းပသည်။

စုပေါင်းလမ်းလျှောက်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံဦး၊ မူဆယ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်အတူ မြို့ပေါ်ရပ်ကွက်မှ ဒေသခံပြည်သူများ စုစုပေါင်း ၁၅၀၀ ကျော် ဆင်နွှဲခဲ့ကြပြီး စုရပ်နေရာမှစတင်၍ မူဆယ်-လားရှိုးပြည်ထောင်စုလမ်းမတစ်လျှောက် ၃ မိုင်အကွာရှိ နမ့်ခွမ်ရွာစုရပ်အထိ စုပေါင်းလမ်းလျှောက်ကြပြီးအပြန် လေယာဉ်ကွင်းပြည်သူ့အပန်းဖြေ အားကစားကွင်းပြင်ကျယ်တွင် ကာယလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **အယ်လ်စိုး(iprd)**

ပေါင်

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လူထုလမ်းလျှောက်ပွဲများ အပတ်စဉ်ဆင်နွှဲခဲ့ရာ ပြည်သူအားလုံးပါဝင်ဆင်နွှဲသည့် ဒီဇင်ဘာနောက်ဆုံးပတ် လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၅ နာရီက ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့၌ ကျင်းပသည်။

အဆိုပါလူထုလမ်းလျှောက်ပွဲသို့ ပေါင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာပြည်သူများ စုစုပေါင်း ၂၀၀၀ ကျော်တို့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့မှစတင်ပြီး ကဒါ မြို့သစ်အမှတ်(၁) တံတားရှေ့သို့ စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မုဒုံ

မွန်ပြည်နယ် မုဒုံမြို့နယ်၏ စတုတ္ထပတ်လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၅ နာရီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၂၀၀ ကျော်ခန့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှေ့မှ မြို့တစ်ပတ်လမ်းလျှောက်ပြီး မြို့နယ်အားကစားကွင်းသို့ ဝင်ရောက်၍ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးများ စုပေါင်းလုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။ **(၁၀၈)**

တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ထားဝယ်မြို့နယ်၊ ဟိန္ဒားသတ္တုတွင်းရှိ မြန်မာပွန်ပီပက်သတ္တုတူးဖော်ရေးကုမ္ပဏီမှ အောက်ပါသတ္တုတူးဖော်ရေးလုပ်ငန်းအတွက် မြေကြီးတူးဖော်သယ်ယူခြင်းလုပ်ငန်းများကို စာချုပ်ချုပ်ဆိုလုပ်ကိုင်လိုပါသည်။

လုပ်ငန်းအမျိုးအစား - သတ္တုတူးဖော်ရေးလုပ်ငန်းနှင့်သက်ဆိုင်သော မြေကြီးတူးဖော်သယ်ယူခြင်းလုပ်ငန်းများ။ (တစ်လလျှင် မြေသားပမာဏ ၄၅၀၀၀ ကုဗမီတာခန့် အနည်းဆုံးဆောင်ရွက်ရမည်၊ တစ်ရက် လုပ်ငန်းဆောင်ရွက်ချိန်မှာ ၂၄ နာရီဖြစ်ပါသည်။)

လုပ်ငန်းဆောင်ရွက်ရမည့်ကာလ - ၁-၂-၂၀၁၄ ရက်မှ ၃၁-၁၂-၂၀၁၄ ရက်အထိ

လုပ်ငန်းဆောင်ရွက်ရမည့်နေရာ - ဟိန္ဒားသတ္တုတွင်း၊ ထားဝယ်မြို့နယ်။

၂။ **တင်ဒါပိတ်ရက်** - ၁၀-၁-၂၀၁၄ ရက်

၃။ စိတ်ပါဝင်စားလုပ်ကိုင်လိုသော ကုမ္ပဏီများသည် ကုမ္ပဏီစာရွက်စာတမ်းများ၊ ယာဉ်၊ စက်ယန္တရားစာရင်း၊ စက်ပြင်စာရင်းနှင့် တစ်ကုဗမီတာလျှင်ရရှိလိုသည့်ဈေးနှုန်း (Bidding Price) တို့ကိုဖော်ပြ၍ အောက်ပါလိပ်စာများအတိုင်း တင်သွင်းနိုင်ပါသည်။

အမှတ်(၆)၊ အာဇာနည်လမ်း၊ ရှမ္မလည်ဆွဲရပ်၊ ထားဝယ်မြို့
ဖုန်း-၀၅၉-၂၃၀၆၂၊ ၀၉-၅၀၀၈၂၇၁
မြန်မာပွန်ပီပက်ကုမ္ပဏီ၊ ဟိန္ဒားသတ္တုတွင်း၊ ထားဝယ်မြို့နယ်
ဖုန်း-၀၉-၈၇၄၂၆၈၂
E-mail:heindamine@gmail.com

တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လေယာဉ်ကွင်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၆)၊ မြိတ်မြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လေယာဉ်ကွင်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၆)၊ မြိတ်မြို့မှ လိုအပ်လျက်ရှိသော အောက်ပါပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ဝင်စားသည့်လုပ်ငန်းရှင်များ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

(က)	လမ်းခင်းကျောက်(ရွယ်စုံ)	၁၉၆၃.၅၉၃ ကျင်း
(ခ)	မြစ်သဲ	၇၅.၆၇၆ ကျင်း
(ဂ)	သစ်မာ(ရွယ်စုံ)	၅၁.၈၅ တန်
(ဃ)	တောသစ်(ရွယ်စုံ)	၁၀.၂၈ တန်
(င)	ဘိလပ်မြေ	၆၁.၆၀ တန်
(စ)	³⁄₈" Ø သံချောင်း	၂.၅၇ တန်
(ဆ)	³⁄₄" Ø သံချောင်း	၃.၇၂ တန်

၂။ **တင်ဒါပုံစံစတင်ရောင်းချရက်** - ၁-၁-၂၀၁၄ ရက်

၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၅-၁-၂၀၁၄ ရက် ၁၇:၀၀ နာရီ

၄။ **တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၁၆-၁-၂၀၁၄ ရက် ၁၀:၀၀ နာရီ

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး
လေယာဉ်ကွင်းအထူးအဖွဲ့(၆)၊ မြိတ်မြို့
ကန်ဖျားလမ်းမကြီး(ဘောလုံးကွင်းအရှေ့)၊ ဖုန်း-၀၅၉-၄၁၉၁၈

တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ထားဝယ်ခရိုင်နှင့် လမ်းအထူးအဖွဲ့(၁၆)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး(ဖြည့်စွက်)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် လိုအပ်သည့်ကတ္တရာများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

ပစ္စည်းအမျိုးအစား	အရေအတွက်
ကတ္တရာ (၈၀/၁၀၀)	- ၁၀၁.၆၅ တန်
တင်ဒါလျှောက်လွှာရောင်းချမည့်ရက်	- ၃၀-၁၂-၂၀၁၃ ရက် (တနင်္လာနေ့)
တင်ဒါလျှောက်လွှာပိတ်မည့်ရက်	- ၉-၁-၂၀၁၄ ရက် (ကြာသပတေးနေ့)
တင်ဒါလျှောက်လွှာပိတ်မည့်အချိန်	- မွန်းတည့် ၁၂ နာရီ
အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်ရက်	- ၉-၁-၂၀၁၄ ရက် (ကြာသပတေးနေ့)
အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်မည့်အချိန်	- မွန်းလွဲ ၁ နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

အင်ဂျင်နီယာမှူးကြီးရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
တနင်္သာရီတိုင်းဒေသကြီး
ဖုန်း-၀၅၉-၂၁၁၁၄၊ ၀၅၉-၂၃၅၇၀

တေဇဂေါက်သီးရိုက်ပြိုင်ပွဲ

တေဇကျောင်းဆင်းညီအစ်ကိုများ၏ (၂၄)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တေဇကျောင်းဆင်းအရာရှိများ ပါဝင်ဆင်နွှဲနိုင်ရန်နှင့် ပြိုင်ပွဲမကစားသူများပါ တက်ရောက်ချီးမြှင့်နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၅-၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
အချိန် - ၀၆:၀၀ နာရီ
နေရာ - တပ်မတော်ဂေါက်ကွင်း၊ မင်္ဂလာဒုံ

ပြိုင်ပွဲကျင်းပရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး(ဖြည့်စွက်)ရန်ပုံငွေများဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်
(၁)	ခွဲကျောက်(အရွယ်စုံ) ၆"-၉"၊ ၂"-၄"၊ <၃"၊ ၁"-၂"၊ -၁/၂"-၃/၄"၊ ၃/၈"၊ လိပ်သဲကျောက်များ
(၂)	ဂဝံကျောက်(ကော့မှူး)(ဖူးကြီး)(မုပ္ပလင်)
(၃)	တောင်မြေ(ဂဝံ)၊ ဂဝံမြေကြီး
(၄)	ဘိလပ်မြေ
(၅)	မြစ်သဲ
(၆)	မြစ်ကျောက်စရစ်
(၇)	အုတ်
(၈)	တောသစ်(ပျဉ်)(ထု)

၂။ **တင်ဒါတင်သွင်းရမည့်ရက်** - ၂-၁-၂၀၁၄ ရက်မှ ၉-၁-၂၀၁၄ ရက် ညနေ ၁၆:၀၀ နာရီ

တင်ဒါစိစစ်ရွေးချယ်ရမည့်ရက်နှင့်အချိန် - ၁၀-၁-၂၀၁၄ ရက် နံနက် ၉:၃၀ နာရီ

တင်ဒါစိစစ်ရွေးချယ်မည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ ဖုန်း-၀၅၆-၂၁၀၅၆၊ ၀၅၆-၂၁၀၇၉

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့တွင် ၂-၁-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

နှလုံးအစားထိုးပြီး အရှည်ကြာဆုံး အသက်ရှင်သူ ဂင်းနက်စ်ကမ္ဘာ့မှတ်တမ်းဝင်ပြီ

နှလုံးအစားထိုးကုသပြီးနောက် အရှည်ကြာဆုံး အသက်ရှင်သူအဖြစ် ဗြိတိသျှသား တစ်ဦးက ဂင်းနက်စ်ကမ္ဘာ့မှတ်တမ်းဝင်သွားခဲ့ပြီဖြစ်သည်။

အသက် ၇၁ နှစ်အရွယ်ရှိ ဂျွန်အမ်ကယ်ဖာတီ (John MCafferty) ဆိုသူ အမျိုးသားသည် **(အောက်ပုံ)**ယခင် အမေရိကန်နိုင်ငံသား တင်ထားခဲ့သော အနှစ် ၃၀၊ ၁၁လ၊ ၁၀ရက်စံချိန်ကို ချိုးပြီး စံချိန်သစ် တင်ခဲ့ခြင်းဖြစ်သည်။ ယခင် စံချိန်ရှင်သည် ၂၀၀၉ခုနှစ်က ကွယ်လွန်ခဲ့သည်။

ဂျွန်အမ်ကယ်ဖာတီသည် အသက် ၃၁ နှစ်အရွယ်က နှလုံးအစားထိုး ကုသမှုပြုလုပ်ခဲ့သည်။ ခွဲစိတ်ပြီးနောက် ငါးနှစ်ခန့် အသက်ဆက်လက်ရှင်သန်နိုင်မည်ဟု ခန့်မှန်းခဲ့ကြသည်။ ယခုလို မှတ်တမ်းဝင်ခဲ့ခြင်းသည် နှလုံးအစားထိုးခွင့်ရရန် စောင့်ဆိုင်းနေရသည့် သူ့လိုဝေဒနာရှင်များအတွက် မျှော်လင့်ချက်ပေးနိုင်လိမ့်မည်ဟု ၎င်းကပြောကြားသည်။

" ကျွန်တော် ဂင်းနက်စ်မှတ်တမ်းဝင်ချင်ပါတယ်၊ ဒီမှတ်တမ်းကြောင့် နှလုံးအလှူရှင်ကို စောင့်မျှော်နေရတဲ့ ဝေဒနာရှင်တွေနဲ့ ကျွန်တော့်လိုပဲ နှလုံးအစားထိုးကုသမှု ခံယူထားတဲ့သူတွေကြားမှာ အားတက်ဖွယ်ရာ လှုံ့ဆော်မှုတစ်ခုဖြစ်စေချင်လို့ပါ၊ ကျွန်တော် အကြံပြုချင်တာကတော့ မျှော်လင့်ချက်နဲ့ အသက်ရှင်ပါ၊ အကောင်းမြင်စိတ်ထားပါ၊ ဆရာဝန်ရဲ့လမ်းညွှန်ချက်တွေကိုလိုက်နာပါ။" ဟု မစ္စတာ ကယ်ဖာတီက ပြောကြားသည်။

၎င်းသည် ၁၉၈၂ ခုနှစ် အောက်တိုဘာလ ၂၀ ရက်တွင် နှလုံးအသစ်ကို လက်ခံရရှိခဲ့ပြီး အစီအစဉ်အတိုင်း ခွဲစိတ်ကုသမှု ပြုလုပ်ခဲ့သည်။ တာဝန်ယူ ခွဲစိတ်ပေးသူသည် ကမ္ဘာကျော် ခွဲစိတ်ဆရာဝန်ကြီး ဆာမဂ်ဒီ ရကော့ဘ် (Sir Magdi Yacoub) ဖြစ်သည်။

၎င်းခံစားခဲ့ရသော ဝေဒနာသည် နှလုံးရုတ်တရက်ရပ်ဆိုင်းမှုဖြစ်စေသည့် နှလုံးရောဂါများထဲမှ တစ်ခုဖြစ်သည့် Dilaed Cardiomyopathy ခေါ် နှလုံးကြွက်သားကြီးထွား ပျက်စီးလာသည့်ရောဂါဖြစ်သည်။ ၎င်းရောဂါကြောင့် နှလုံးနံရံတွင်အနာဖြစ်ပြီး ကြွက်သားများ ကြီးထွားပျက်စီးလာသည်။ ထို့ကြောင့် နှလုံးအားနည်းလာပြီး ပုံမှန်အလုပ်မလုပ်နိုင်ခြင်းဖြစ်သည်။

ကမ္ဘာ့ပထမဆုံး အောင်မြင်ခဲ့သည့် နှလုံးအစားထိုး ကုသမှုသည် တောင်အာဖရိကနိုင်ငံတွင် ၁၉၆၇ ခုနှစ်က ပြုလုပ်ခဲ့သည်။ ဆေးကုသမှုခံယူခဲ့သော ဝေဒနာရှင်သည် လူးဝစ်ဝက်ရှ်ကန်စကီး (Louis Washkansky) ဖြစ်ပြီး သူ၏နှလုံးအသစ်ဖြင့် ၁၈ ရက်ကြာ အသက်ဆက်နိုင်ခဲ့သည်။

ဘာသာပြန်-ဇင်ဇင်မင်းလွင်

ခိုကိုးရာမဲ့အဘွားအိုကို အနောက်ပိုင်းပြည်သူ့ဆေးရုံမှ ဆည်းဆာရိပ်သို့လွှဲပြောင်း

ကျန်းမာရေးချို့တဲ့ကာ ခိုကိုးရာမဲ့ဖြစ်နေသည့် အဘိုးအဘွားများအား ဆည်းဆာရိပ်မှကယ်တင်စောင့်ရှောက်ပေးခဲ့သည့် သတင်းများကို သတင်းအဖြစ်ရေးသားဖော်ပြပေးခဲ့ခြင်းကြောင့် ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာနှင့် စာရေးသူတို့သံယောဇဉ်အမျှင်တန်းနေကြသည်။ အပေးအယူလည်း မျှနေကြသည်။ သတင်းကုန်ကြမ်းများပေး၍စာရေးသူကသတင်းယူရေးသားပေး၍ ကောင်းမွန်စွာနေထိုင် စားသောက်နေရသော ခိုကိုးရာမဲ့ဘိုးဘွားများအတွက် ပီတိဖြစ်ကာ ကုသိုလ်မျှခွဲဝေရနေသည်။

ဒီဇင်ဘာ ၂၇ ရက် နံနက် ၈ နာရီက ဖုန်းသတင်းတစ်ခုဝင်လာခဲ့သည်။ ကြည့်မြင်တိုင် ဗဟိုစံပြ ငါးဈေးကြီးရှေ့ လူသွားစင်္ကြံပလက်ဖောင်းပေါ်တွင်အာဟာရပြတ်လဲကျနေသော ခိုကိုးရာမဲ့နေသည့်အသက် ၈၀ ကျော်အရွယ် အစ္စလာမ်ဘာသာဝင်အဘွားအိုတစ်ဦးကို အနောက်ပိုင်းပြည်သူ့ဆေးရုံပေါ်မှ ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာသို့ ခေါ်ဆောင်ကယ်တင်သွားသည့် သတင်းဖြစ်သည်။ တွေ့မြင် ကြားသိရသူများအတွက် မုဒိတာပွားစရာမင်္ဂလာသတင်းပေမို့ ချက်ချင်းပင်ထလိုက်သွားမိသည်။

ရန်ကုန် အနောက်ပိုင်းပြည်သူ့ဆေးရုံကြီးတွင်ဖြစ်၏။ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) ၁၂ ရပ်ကွက် မဟောသဓလမ်းတွင်ဖွင့်လှစ်ထားသည့် ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာ၏ အမှုဆောင်ဦးသစ်လွင်၊ ရိပ်သာဘဏ္ဍာရေးမှူး ဒေါ်ထွေးမြင့်၊ စာရင်းစစ်ဒေါ်ခင်ခင်သန်းတို့က ခိုကိုးရာမဲ့အဘွားအိုအား အနောက်ပိုင်းပြည်သူ့ဆေးရုံကြီးက လွှဲပြောင်းလက်ခံရန် အဖွဲ့ပိုင်မော်တော်ယာဉ်ဖြင့်ရောက်ရှိလာကြသည်။ အနောက်ပိုင်းဆေးရုံကြီး၏ ဆေးလူမှုဆက်ဆံရေး အရာရှိ ဦးအောင်ခင်က "အဘွားအမည်က ဒေါ်သန်းသန်း၊ အသက် (၈၆ နှစ်) လှိုင်သာယာမှာနေတယ်လို့ ပြောပါတယ်။ လိပ်စာအတိအကျကို မပြောပါဘူး။ အဘွားကို ဒီဇင်ဘာ ၁၅ ရက် မနက် ၁၁ နာရီလောက်မှာ ဒီဆေးရုံကြီးကို လာပို့သွားပါတယ်။ လာပို့သူက ကြည့်မြင်တိုင်ဗဟိုစံပြ ငါးဈေးကြီးရှေ့မှာ ထမင်းဆိုင်ဖွင့်ရောင်းနေတဲ့ ဦးတင်အေးဆိုသူပါ။ လူသွားစင်္ကြံ ပလက်ဖောင်းပေါ်မှာ လဲကျနေတာတွေ့လို့ လူတွေဝိုင်းအုံကြည့်နေပြီး ဝိုင်းမေးတော့လည်း စကားမပြောနိုင်ဘူး။ အသက်ဆုံးရှုံးသွားမှာ စိုးလို့ဆိုပြီး အမျိုးသမီး အဖော်နှစ်ဦးနဲ့အတူလာပို့သွားတာပါ။ ဆေးရုံမှာ ဆရာဝန်ကြီးစစ်ဆေးကြည့်တော့ အာဟာရပြတ်ပြီး အအေးမိဖျားနေတာ တွေ့ရပါတယ်။ ချော်လဲထားလို့ခါးနာနေတယ်လို့လည်း သိရပါတယ်။ ဒါကြောင့် ၁၂ ရက်ကြာ ဆေးကုသပေးပြီး နေကောင်းသွားတော့ သွားလာစရာနေရာမရှိဘူးလို့ ပြောပါတယ်။ ကျွန်တော်တို့က ဆေးရုံပါ။ လူနာကို ကျန်းမာရေးစောင့်ရှောက်ကုသပေးဖို့ပဲရှိတယ်။ ရက်ရှည်ကြာ ထိန်းသိမ်းစောင့်ရှောက်ဖို့တော့ အခက်အခဲရှိပါတယ်။ ဒါ့ကြောင့် ဆည်းဆာရိပ်ကို ဆက်သွယ်အကြောင်းကြားပေးလိုက်ရတာပါ" ဟု အဘွားအိုဆေးရုံရောက်ရှိလာပုံကို ရှင်းပြပြောဆိုသည်။

အဘွားအို ဒေါ်သန်းသန်းအား မေးမြန်းကြည့်ရာ "ကျွန်မနာမည် ဗမာလို ဒေါ်သန်းသန်းပါ၊ မူဆလင်လိုရေဆူဘီ၊ မြန်မာမူဆလင်ပါ၊ သားသုံးယောက်ရှိတယ်။ တစ်ယောက်ကတော့ သေသွားပြီ၊ ကျန်တဲ့တစ်ယောက်နဲ့နေတယ်။ လှိုင်သာယာမှာ၊ သားကအသက် ၆၀ ကျော်ပြီ၊ သားခရီးသွားနေတုန်း ထွက်လာခဲ့တာ၊ လမ်းကလျှောက်တဲ့ပိုက်ဆံတွေလည်း ပျောက်ကုန်ပြီ၊ အခုအလွှာက သူတော်ကောင်းတွေဆီ ကယ်တင်ပို့လိုက်တယ်"ဟု မျက်ရည်များကျကာ ပြောသည်။

ဆည်းဆာရိပ်၏အမှုဆောင်အဖွဲ့ဝင် ဦးသစ်လွင်က "ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာသည် ဆွေမျိုးဉာတိမရှိ၊ ကျန်းမာရေးချို့တဲ့နေသည့် ခိုကိုးရာမဲ့သောအသက် ၇၀ ကျော် ဂိလာနဘိုးဘွားများကိုသာ ကယ်တင်စောင့်ရှောက်ပေးသည့် ရိပ်သာဖြစ်၍ လူမျိုး၊ ဘာသာမခွဲခြားဘဲ၊ ကန့်သတ်စည်းမျဉ်းနှင့် ကိုက်ညီပါက လက်ခံပါကြောင်း၊ တစ်နေ့အာဟာရငါးကြိမ်ကျွေးမွေးပြီး ကြိုက်သည့် ဘာသာကိုးကွယ်ခွင့် ရှိပါကြောင်း၊ ဒေါ်သန်းသန်းက သားများ၏လိပ်စာကိုအတိအကျမပြောသဖြင့် သူတို့ထံဆက်သွယ်ရန်အခက်အခဲရှိကြောင်း၊ လိပ်စာအမှန်မပြောချင်၍လည်း ဖြစ်နိုင်ကြောင်း၊ ဆေးလူမှုမေတ္တာရပ်ခံချက်အရသော်လည်းကောင်း၊ ဆေးရုံမှဆင်းလာပြီး နေထိုင်စားသောက်စရာ အခက်အခဲရှိနေခြင်းအတွက် ယာယီထိန်းသိမ်းစောင့်ရှောက်ပေးထားမည် ဖြစ်ကြောင်း၊ ယခုလည်း ပြည်သူ့ဆေးရုံမှလွှဲပြောင်းခြင်းကိုလက်ခံရန် အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရဖြစ်ကြောင်း၊ သားသမီးဆွေမျိုးသားချင်းများသိရှိပြီး ပြန်ခေါ်ယူမည်ဆိုပါက ပြန်လည်အပ်နှံပေးမည်ဖြစ်ပါကြောင်း၊ ပြန်လည်ခေါ်ယူသူမရှိပါက ရိပ်သာမှပင် ဆက်လက်တာဝန်ယူကျွေးမွေးစောင့်ရှောက်သွားမည် ဖြစ်ကြောင်း" ပြောကြားသည်။

အနောက်ပိုင်းဆေးရုံကြီးမှ ဆေးလူမှုဆက်ဆံရေးအရာရှိဦးအောင်ခင်၊ ဆက်ဆံရေးမှူး ဒေါ်နွယ်နီလွင်၊ ဒေါ်မိုးမိုးဝါနှင့် ဆေးရုံဝန်ထမ်းများ၊ ဆည်းဆာရိပ်အဖွဲ့ဝင်များက ခိုကိုးရာမဲ့ အစ္စလာမ်အဘွားအိုဒေါ်သန်းသန်းအား မိသားစုပမာ အာဟာရများကျွေးမွေးပြီး ကြင်နာယုယစွာဖြင့် အင်္ကျီ၊ ထဘီများလဲလှယ်ပေးသည့်အပြင် အပေါ့အလေးစွန့်ရင်လည်း အခက်အခဲမရှိစေရန်၊ ခါးတွင် ဒိုင်ဘာဝတ်ဆင်ပေး၍ ဆေးရုံကြီးမှ ဂိလာနဘိုးဘွားရိပ်သာသို့ ဆည်းဆာရိပ်မော်တော်ယာဉ်ဖြင့် ခေါ်ဆောင်သွားခဲ့သည်။ သက်ကြီးရွယ်အို အဘွားအိုတစ်ဦးအား စေတနာ၊ ကရုဏာပြည့်ဝစွာဖြင့် အသက်ကယ် ကူညီရိုင်းပင်းဆောင်ရွက်ပေးခဲ့သည့် ကြည်နူးဖွယ်မြင်ကွင်းကို ရေးသားမျှဝေ တင်ပြလိုက်ရပါကြောင်း။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
ဗန်းမော်တက္ကသိုလ်
ဆဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

ဗန်းမော်တက္ကသိုလ်က ကျင်းပခဲ့သော ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့၊ မဟာဝိဇ္ဇာ/သိပ္ပံဘွဲ့၊ မဟာသုတေသနဘွဲ့စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် ဗန်းမော်တက္ကသိုလ် ဆဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင် တက်ရောက်ဘွဲ့ယူရန်နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများတင်သွင်း လျှောက်ထားနိုင်ပါသည်။ (နောက်ဆက်တွဲဖြေဆိုအောင်မြင်သူများအပါအဝင်) လျှောက်လွှာများ တင်သွင်းလျှောက်ထားနိုင်သည်။

ဘွဲ့နှင်းကြေး

တက်ရောက်ဘွဲ့ကြေး	၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)
အဝေးရောက်ဘွဲ့ကြေး	၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)
လျှောက်လွှာတင်သွင်းရမည့်ရက်	၂၆-၁၂-၂၀၁၃ ရက်မှ ၉-၁-၂၀၁၄ ရက်အထိ

မှတ်ချက်

၁။ သတ်မှတ်လျှောက်လွှာပုံစံများကို စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနခွဲမှ ဖြည့်စွက်ပြီး လျှောက်ထားရမည်။

၂။ လွန်ခဲ့သော(၃)လအတွင်း ရိုက်ကူးထားသော (၂"×၁½")ဓာတ်ပုံ စတစ်ကာ(၃)ပုံ ပူးတွဲ၍ လျှောက်ထားရမည်။

၃။ သတ်မှတ်ဘွဲ့ကြေးများကို ဗန်းမော်တက္ကသိုလ် ငွေကိုင်ဌာနတွင် ပေးသွင်းရမည်။

၄။ ရပ်ဝေးမှ ပေးပို့သူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့်သာ ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏အောက်ခြေတွင် **ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း**ဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏အမည်၊ စာမေးပွဲအောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြု ဘာသာ စသည်များကို တိကျစွာဖော်ပြ၍ ပါမောက္ခချုပ်၊ ဗန်းမော်တက္ကသိုလ်သို့ လိပ်မူ၍ လျှောက်ထားရမည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံမည် မဟုတ်ပါ။)

၅။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ(အမျိုးသား)တို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။ မြန်မာ့ယဉ်ကျေးမှုဓလေ့နှင့် ကိုက်ညီမှုမရှိသော ဝတ်စားဆင်ယင်မှုဖြင့် တက်ရောက်ခြင်းကို (အစမ်းလေ့ကျင့်ပွဲအပါအဝင်) လုံးဝခွင့်ပြုမည်မဟုတ်ပါ။

၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများကို အဝေးရောက်ဘွဲ့လက်မှတ်များထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည် ဖြစ်ပါသည်။

၇။ ယခင်နှစ်က ဘွဲ့စာမေးပွဲအောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၈။ အသေးစိတ်အချက်အလက်များကို စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနခွဲ၊ ဖုန်း-၀၇၄-၅၀၅၂၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

(စိုးဝင်း)
မော်ကွန်းထိန်း
ဗန်းမော်တက္ကသိုလ်

စက်မှုဝန်ကြီးဌာန
စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းမှ ဆိုင်ခန်းနှင့်တိုက်ခန်းများငှားရမ်းရန်
အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းမှ အောက်ဖော်ပြပါဆိုင်ခန်း ၁၇ခန်းနှင့် တိုက်ခန်းတစ်ခန်းအား ပုဂ္ဂလိကသို့ ငှားရမ်းရေးဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) အမှတ်(၃၆-ဘီ)၊ သမိန်ဗရမ်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဝ ဒသမ ၆၅ဧကပေါ်ရှိပေ(၁၀×၂၀)ဆိုင်ခန်း(၁၇)ခန်း၊၃၁-၁၂-၂၀၁၃ ရက်သက်တမ်းကုန်။

(ခ) မြန်မာ့ထီးစက်ရုံခွဲ(လှိုင်)ပိုင် တိုက်ခန်းအမှတ်(၁၉၈)၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ပေ(၁၅×၃၆)၊ ခြောက်ထပ်တိုက်၊ မြေညီထပ်(ထပ်ခိုးပါ)တိုက်ခန်းတစ်ခန်း၊ ၃၁-၁-၂၀၁၄ ရက် သက်တမ်းကုန်။

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က)	**တင်ဒါပုံစံများစတင်ရောင်းချမည့် ရက်/အချိန်/နေရာ**	- ၆-၁-၂၀၁၄ရက်၊နံနက် ၉း၃၀နာရီမှ ၁၆း၀၀နာရီအထိ၊ ရုံးအမှတ်(၄၁)၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း၊စီမံခန့်ခွဲရေးဌာန၊ နေပြည်တော်။
(ခ)	**တင်ဒါတင်သွင်းရမည့် ရက်/အချိန်/နေရာ**	- ၁၀-၁-၂၀၁၄ရက်၊၉း၃၀နာရီမှ ၁၅း၀၀နာရီအထိ၊ ဒုတိယဝန်ကြီး(၁)ရုံးခန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။
(ဂ)	**တင်ဒါပိတ်မည့်ရက်/အချိန်**	- ၁၀-၁-၂၀၁၄ ရက်၊ ၁၅း၀၀ နာရီ။

၃။ အသေးစိတ်အချက်အလက်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၃၈၉၊ ၀၆၇-၄၀၈၄၂၀၊ ၀၆၇-၄၀၈၂၀၆တို့တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း

အမည်ပြောင်း

ဦးမြင့်စိုး၏သမီး ကျိုင်းတုံမြို့၊ အထက(၂)၊ ပထမတန်း(ဂ)မှ မကြွေရည်မွန်အား မကြွေရှီမွန်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

မကြွေရှီမွန်

စက်မှုဝန်ကြီးဌာန
အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း
အရောင်းပြခန်းများဖွင့်လှစ်ရန်ဖိတ်ခေါ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် ၄၆ ရှိ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၁)အကြီးစားစက်ရုံ(ရန်ကုန်)၏ ကမ္ဘာအေးဘုရားလမ်းမကို မျက်နှာစာပြုထားသည့် အလျားပေ ၁၀၀ × အနံ ၃၅ပေရှိသော မြေကွက်များပေါ်တွင် အကျိုးတူအရောင်းပြခန်းဆောက်လုပ်ဖွင့်လှစ်ရန် စိတ်ပါဝင်စားသူများ အနေဖြင့် ၁၄-၁-၂၀၁၄ ရက်အထိ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း အောက်ပါလိပ်စာသို့ လာရောက် ဆက်သွယ်ဆွေးနွေးနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

ပစ္စည်းစီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၃၊ ၀၆၇-၄၀၅၀၅၄

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မီးချောင်းဝိုင်ယာကြိုးမှ အပူရှိန်လွန်ပြီး မီးလောင်မှုဖြစ်

ပျဉ်းမနား ဒီဇင်ဘာ ၃၁

နေပြည်တော်ကောင်စီ နယ်မြေ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက် အရှေ့မစိုးရိမ်ရပ် ဦးသာလှလမ်း အမှတ်(၁၄/၁၁၁)နေအိမ်မှ မီးချောင်းဝိုင်ယာကြိုးမှ အပူရှိန်လွန်ကဲကာ အောက်ထပ်ကြမ်းပြင်၌ မီးလောင်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နေပြည်တော် ပျဉ်းမနား ရွှေချီရပ်ကွက် အရှေ့မစိုးရိမ်ရပ် ဦးသာလှလမ်း အမှတ်(၁၄/၁၁၁)နေ ဦးနီ(ခ) ကိုကိုကြီး၏ နေအိမ်တွင် ဒီဇင်ဘာ ၂၈ ရက် ညနေ ၆ နာရီ ၄၅ မိနစ်ခန့်တွင် မီးချောင်းဝိုင်ယာကြိုးမှ အပူရှိန်လွန်ကဲကာ စတင်လောင်ကျွမ်းခဲ့ပြီး ညနေ ၆ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။ အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ ပျဉ်းမနားမြို့နယ်မှ မီးသတ်စခန်းမှူး ဦးမျိုးမင်းသိန်းနှင့် မီးသတ်ယာဉ်ငါးစီး၊ သန္နေမီးသတ် ၂၀၊ အရန်အင်အား ၁၅ ဦး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်စိုး၊ ရွှေချီ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးဦးပါ ၃၀၊ ပျဉ်းမနားရဲတပ်ဖွဲ့မှ ခေတ္တမြို့နယ်မှူး ဒုတိယရဲမှူး တင်စောထွန်းနှင့် ရဲတပ်ဖွဲ့ဝင် ၂၀တို့က ကြီးကြပ်ကာ ငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း သုံးပင်အိမ်တစ်လုံး လောင်ကျွမ်းခဲ့ပြီး တန်ဖိုးငွေကျပ် တစ်သိန်းခန့်ဆုံးရှုံးကြောင်းသိရသည်။

အရေးယူ

အိမ်ရှင်ဦးနီ(ခ) ကိုကိုကြီးအား ပျဉ်းမနားရဲတပ်ဖွဲ့စခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ကိုမျိုး(ရွှေပေါက်ကံ့)

သုံးဘီးယာဉ်ရှောင်ရာမှ ကြံတင်ယာဉ် နောက်ပိုင်းလန်

နေပြည်တော် ဒီဇင်ဘာ ၃၁

နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ရပ်ကွက် ခါးပြတ်လမ်းပေါ်၌ ဒီဇင်ဘာ ၂၉ရက် မွန်းတည့် ၁၂ နာရီက ကြံများတင်ဆောင်လာသော ကုန်တင်ယာဉ်တစ်စီး နောက်ပိုင်းလန်ခဲ့ကြောင်းသိရသည်။ ဖြစ်စဉ်မှာ ယာဉ်မောင်း ဦးမြင့်အောင် (၄၉နှစ်) မြဝတီရပ်ကွက် တပ်ကုန်းနေသူ မောင်းနှင်သော ယာဉ်အမှတ်ဆ/--- ဒေါ့ဂျစ် ခြောက်ဘီးယာဉ် နီပြာအရောင်သည် ကြံများသယ်ဆောင်လာပြီး လမ်း၏ ဘယ်ဘက်မှခါးပြတ် လမ်းပေါ်အတက် အရှေ့ဘက်မှ မောင်းနှင်လာသော သုံးဘီးဆိုင်ကယ်ကို ရှောင်တိမ်းရာ ကြံကုန်အလေးချိန်ကြောင့် ယာဉ်၏နောက်ပိုင်း လန်ခဲ့ကြောင်း၊ အဆိုပါ ကားနောက်ပိုင်းလန်မှုကြောင့် **(အပေါ်ပုံ)**ကားပေါ်ရှိ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ ထိခိုက်ဒဏ်ရာ တစ်စုံတစ်ရာမျှ မရှိခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

တာဝန်ကျယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်ကို ထိုးကြိတ်သူအား အရေးယူထား

နေပြည်တော် ဒီဇင်ဘာ ၃၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ ယာဉ်မှုစစ်ဌာနမှ ရဲတပ်သားမျိုးဝင်းနောင်သည် ရွှေဘိုမြို့ အမှတ်(၇)ရပ်ကွက် စည်ပင်သာယာဈေးအရှေ့ဘက် အောင်ဇေယျလမ်းမပေါ်တွင် ဒီဇင်ဘာ ၂၇ ရက် ညနေ ၃နာရီခွဲက ယာဉ်စစ်ဆေးရေးတာဝန်ဆောင်ရွက်နေစဉ် အောင်ဇေယျလမ်းအတိုင်း တောင်မှမြောက်သို့ ခင်ဦးမြို့နယ် ဝက်သဲကျေးရွာနေ နိုင်တူး(၃၀ နှစ်)က ဆိုင်ကယ် လမ်းပြောင်းပြန်စီးနင်းလာသည်ကို တွေ့ရှိရသဖြင့် ရပ်တန့်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ နိုင်တူးက မချေမငံပြောဆိုသဖြင့် ယာဉ်ထိန်းရုံးသို့လိုက်ပါရှင်းလင်းရန် ခေါ်ဆောင်စဉ် နိုင်တူးက မလိုက်နိုင်ကြောင်း ပြောဆိုပြီး လက်သီးနှင့်ထိုးသဖြင့် ရဲတပ်သားမျိုးဝင်းနောင်တွင် ဖူးရောင်ဒဏ်ရာရရှိခဲ့သောကြောင့် နိုင်တူးအား ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ကိုရဲ

သစ်သားတံတားပြုပြင်ရန် ပြည်သူများမျှော်လင့်

မန်စီ ဒီဇင်ဘာ ၃၁

ကချင်ပြည်နယ် မန်စီမြို့နယ် စီကော်ကျေးရွာသည် ဗန်းမော်-မန်စီ-မိုးကုတ်-မန္တလေးကားလမ်းမပေါ်တွင်ရှိ၍ ဗန်းမော်မြို့နှင့် ၄၂ မိုင်ကွာဝေးသည်။ ဗန်းမော်မှ စီခမ်းကြီး၊ နန့်ဟန်ပြေးဆွဲနေသော ကုန်တင်ကားကြီးများ စီးနင်းလိုက်ပါသွားလာ၍ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ကြရသည်။ ကားလမ်း တစ်ခုတည်းကိုသာ အားကိုး၍သွားလာကြရသဖြင့် ဗန်းမော်ဘက်မှအသွား စီကော်ရွာအဝင် သစ်သားတံတား ခန့်မှန်း အကျယ် ၁၄ ပေ၊ အလျားပေ ၃၀ ခန့်သည် ကြမ်းခင်းများကျိုးပေါက်ပျက်စီးလျက်ရှိသည်။ **(အပေါ်ပုံ)** မော်တော်ယာဉ်များ ဖြတ်သန်းသွားလာရာတွင် တိမ်းမှောက်နိုင်ပြီး ပြည်သူများ၏ အသက်အန္တရာယ်စိုးရိမ်ရသဖြင့် ပြုပြင်ပေးရန် ဒေသခံပြည်သူများ မျှော်လင့်လျက်ရှိနေကြသည်။

ဆိမ်းခုံ-နန်းရီ

နမ့်ခမ်းမြို့နယ်တွင် ဘိန်းစိမ်း ၁ ဒသမ ၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၉၄၀ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၃၁

ဒီဇင်ဘာ ၂၈ ရက် မွန်းတည့် ၁၂ နာရီက ရှမ်းပြည်နယ် အမှတ်(၂၂)မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(မူဆယ်)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ နမ့်ခမ်းမြို့နယ် မန့်နောင်ကူးတို့ဆိပ်တွင် စောင့်ဆိုင်းနေစဉ် နမ့်ခမ်းမြို့နယ် လောကြူရွာနေ အားမြင့်(ခ) ဖန်ကျိုင်မြင့် (၂၃နှစ်)စီးနင်းလာသည့်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးခဲ့သည်။ ထိုသို့ရှာဖွေရာ ဆိုင်ကယ်ဖင်ထိုင်ခုံအောက်မှ ဘိန်းစိမ်း ၁ ဒသမ ၅ ကီလို တန်ဖိုးငွေကျပ် ၁၅ သိန်းနှင့် WY စာတန်းပါ နီညိုရောင်စိတ်ကြွဆေးပြား ၅၉၄၀ တန်ဖိုးငွေကျပ် ၁၁၈ ဒသမ ၈ သိန်းကို သိမ်းဆည်းရမိခဲ့သောကြောင့် အားမြင့်(ခ)ဖန်ကျိုင်မြင့်အား နမ့်ခမ်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်းသိရသည်။

ကိုရဲ

လေးကောင်ဂျင် လောင်းကစားပြုလုပ်သူများကို အရေးယူထား

နေပြည်တော် ဒီဇင်ဘာ ၃၁

ဒီဇင်ဘာ ၂၆ ရက် ည ၁၂ နာရီခွဲက မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် လင်းကယ်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် ဒဟတ်ပင်ရေနံမြေ လုပ်ကွက်(၅)တွင် လေးကောင်ဂျင် လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ ချောက်မြို့နယ် ဝွေးချိုရွာနေ အောင်မိုး(၄၈နှစ်)၊ မင်းလှမြို့နယ် မလွန်ရွာနေ မောင်မောင်စိုး(၄၀ နှစ်)နှင့် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် တောရွာလေးရွာနေ မောင်သူ(၂၅ နှစ်)တို့ သုံးဦးကို လေးကောင်ဂျင်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့်ကိရိယာများ၊ လောင်းကြေးငွေကျပ် ၄၇၀၅၀ တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သောကြောင့် မင်းလှမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

လူကုန်ကူးမှု ပပျောက်ဖို့ တစ်မျိုးသားလုံး ပါဝင်ကြစို့

သုံးခွမြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပေးအပ်

သုံးခွ ဒီဇင်ဘာ ၃၁

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သုံးခွမြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇)များကို ရပ်ကွက်နှင့် ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌများအား ပေးအပ်ခဲ့သည်။ တောင်သူများအနေဖြင့် လက်မှတ်များရရှိပြီးဖြစ်သဖြင့် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ လဲလှယ်၊ ပေးကမ်းခွင့်များနှင့် အမွေဆက်ခံခွင့်များကို ရရှိခံစားရမည်ဖြစ်ကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၆၂)၊ ၁၃ လမ်းနေ
ဦးနေမျိုးနိုင်+ဒေါ်ဘေဘီတို့၏ သားကြီး
ဒေါက်တာကျော်ရိုးမိုးနိုင် M.B.,B.S(Ygn)
နှင့်
ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မြောင်းမြလမ်း၊ အမှတ်(၉၁)နေ
ဦးအေးလွင်(ခ)ဦးသန်း+ဒေါ်သန်းအောင်တို့၏ သမီး
ဒေါက်တာခင်နွေ့အောင် M.B.,B.S(Ygn)
တို့သည် နှစ်ဖက်မိဘများ၏ သဘောတူညီမှုဖြင့် မြန်မာ့ဓလေ့အရ ၂၅-၁၂-၂၀၁၃(ကြာသပတေးနေ့)တွင် ရန်ကုန်တိုင်းဒေသကြီးတိုင်းတရားရုံး၌ လက်ထပ်ပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့် Dr.ကျော်ရိုးမိုးနိုင် - Dr.ခင်နွေ့အောင်

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာဆုတောင်း

ကျေးဇူးရှင် ချစ်ဖေဖေ ဦးကျော်မောင်(မြို့ပြအင်ဂျင်နီယာ)နှင့် ချစ်မေမေ ဒေါ်လှရှန်(ဗိသုကာအင်ဂျင်နီယာ)တို့၏ ဇန်နဝါရီ ၁ ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သော သားသမီးများနှင့်အတူ ပျော်ရွှင်ကျန်းမာချမ်းသာပြီး အမျိုးဘာသာ၊ သာသနာအကျိုးများကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်သော သား သမီးများ
ချစ်သမီးကြီး-ဒေါက်တာမေသွယ် M.B.,B.S
ချစ်သားကြီး-မောင်ကောင်းထက် 4th year Law
ချစ်သမီးငယ်-မလေးနွယ် B.Tech 3rd year
ချစ်သားလတ်-မောင်ကောင်းမြတ် B.Tech 1st year
ချစ်သားငယ်-မောင်သောင်းဆက်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၅၉၈၂ Mitsubishi Canter FB 50 1B, Light Truck ယာဉ် လက်ဝယ်ရှိသူ ဦးသောင်းဆွေ ၅/ဘတလ(နိုင်) ၀၃၈၉၆၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာမြို့)

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မဆုမွန်ထွန်း(ခ)ဖူးဖူး ၁၃/ကလန(နိုင်)၀၇၅၇၆၅သည် မိဘ၏သွန်သင်ဆုံးမမှုများကို လေးစားလိုက်နာခြင်းမရှိသည့်အပြင် မိဘများ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသည့်လုပ်ရပ်များကိုလုပ်ဆောင်ပြီး မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်များကိုမဆို လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
မိခင်-ဒေါ်ခင်ခင်စိုး
၁၃/တကန(နိုင်)၀၂၄၃၅၁

အောင်ဆန်းသူရိယလှသောင်း(ဘော်ဒါ) ကျောင်းသားဟောင်းများ(၁၉၆၁-၁၉၇၂)၏ (၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ဘော်ဒါ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲကို ၄-၁-၂၀၁၄ ရက် (လွှတ်လပ်ရေးနေ့) နံနက် ၉နာရီတွင် ကျောင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်

၁။	ဗိုလ်မှူးကြီးသောင်းတင်(ငြိမ်း)	ဖုန်း-၀၉-၄၉၂၈၆၃၇၃
၂။	ဦးဖိုးသန်းမြင့်	ဖုန်း-၀၉-၇၃၁၃၁၆၃၃
၃။	ဒုဗိုလ်မှူးကြီးသူရိန်နိုင်(ငြိမ်း)	ဖုန်း-၀၉-၈၆၃၅၁၂၆
၄။	ဦးထွန်းရှိန်	ဖုန်း-၀၉-၇၃၁၀၀၈၀၄
၅။	ဦးသိန်းထွန်းအောင်	ဖုန်း-၅၇၈၃၇၇
၆။	ဦးလှစိုး	ဖုန်း-၀၉-၅၁၁၁၈၆၅
၇။	ဦးခင်ညိုလှိုင်	ဖုန်း-၀၉-၆၅၀၃၆၃၅

ကျင်းပရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်-စက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၄/စက်မှု၊ မြေကွက်အမှတ် ၅/A၊ ၅/B၊ ၅/C၊ ဧရိယာ ၁၁ဒသမ ၅၉၄ဧက အကျယ်အဝန်းရှိ မခွဲမစိတ်ရသေးသော မြေကွက်ကြီးအနက်မှ လေးဧကအကျယ်အဝန်းရှိ မြေကွက်အမှတ် ၅/C မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ ဦးအောင်မိုး ၇/ညလပ(နိုင်)၀၀၉၆၂၄ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှလှလွင်(စဉ်-၅၇၇၃)
ဒေါ်လွင်မာ(စဉ်-၈၉၀၉)
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၅၅(ဒုတိယထပ်)၊ အခန်း ၇၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈

ဦးအောင်ကျော်ကျော်မြတ်(စဉ်-၂၇၀၀၉)
ဦးထွန်းထွန်းနိုင်(စဉ်-၃၅၅၃၄)
ဒေါ်သန္တာမော်(စဉ်-၃၉၂၄၂)
ဒေါ်လှဲ့လှဲ့ဝင်း(စဉ်-၃၉၈၈၀)
ဒေါ်သဇင်အေး(စဉ်-၄၁၄၅၉)
ဒေါ်ရည်မွန်ထက်(စဉ်-၄၃၀၆၂)
အထက်တန်းရှေ့နေများ

မှုခင်းသတင်းနှင့်ကြော်ငြာ

ဗန်းမောက်မြို့နယ်အတွင်း၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ဗန်းမောက် ဒီဇင်ဘာ ၃၁

ကသာခရိုင် ဗန်းမောက်မြို့နယ် ဂဏန်းလိပ်စော ကျေးရွာတွင် ဒီဇင်ဘာ ၂၅ ရက်က မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာကသာခရိုင်ဗန်းမောက်မြို့နယ် ဂဏန်းလိပ်စောရဲကင်းမှူး ဒုရဲအုပ် မောင်ဇော်နှင့်အဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ကသာခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးမြင့်၏ မူးယစ်ဆေးဝါး ပပျောက်ရေး စီမံချက်ဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် မူးယစ်ဆေးဝါး ရှာဖွေဖမ်းဆီးခွင့်ဖြင့် ဗန်းမောက်မြို့နယ် ဂဏန်းလိပ်စောရွာနေ ဒေါ်တင်စိန်၏နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်ဘုရားစင်ရှေ့၌ အိမ်ရှင် ဒေါ်တင်စိန်၊ ဧည့်သည် သောင်းညွန့်၊ မင်းအောင်တို့အား ရှာဖွေတွေ့ရှိရာ မင်းအောင်လွယ်ထားသော လွယ်အိတ်အတွင်းမှ ပလတ်စတစ်ဘူးဖြင့် ထည့်လျက် ဘိန်းဖြူဟု ယူဆရသော အဖြူမှုန့် ဝဒသမ ၃ ဂရမ်ခန့်၊ဆပ်ပြာခွက် အနီရောင်တစ်ခွက်အတွင်းမှပလတ်စတစ်အိတ်ဖြင့် ထည့်လျက် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် ၁ ဒသမ ၃ ဂရမ်ခန့်ပါ ပင်နီဆီလင် ပုလင်းဖြင့်ထည့်လျက် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် ဝ ဒသမ ၁ ဂရမ်ခန့်၊ ပုလင်းတစ်ခု၊ အပြာရောင်ကပ်ခွာအိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားဟု ယူဆရသော အနီရောင်ဆေးပြား ၁၀ ပြား၊ အလေးချိန် ၁ ဂရမ်ခန့်၊ အဖြူရောင် ပလတ်စတစ်အိတ်အတွင်းထည့်လျက် ဘိန်းမည်းဟုယူဆရသော အမည်းရောင်အစေး ၂ ဂရမ်ခန့်ပါ တစ်ထုပ် စုစုပေါင်း တန်ဖိုးငွေကျပ် ၂၈၀၀၀၀ ခန့်တို့အား တွေ့ရှိ သိမ်းဆည်းရမိ၍ မင်းအောင် (၂၉နှစ်)၊ သောင်းညွန့် (၂၉နှစ်)၊ ဒေါ်တင်စိန် (၆၂နှစ်) ဗန်းမောက်မြို့နယ်နေသူတို့အား မံစီကြီးရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်းသိရသည်။

လှအောင်(ကသာ)

မူဆယ်မြို့တွင် ငွေကျပ်သိန်း ၁၂၀ တန်ဖိုးရှိ ဘိန်းဖြူဆပ်ပြာခွက်များ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၃၁

ရှမ်းပြည်နယ် အမှတ်(၂၂) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (မူဆယ်)မှ တပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲက သတင်းအရ သက်သေများနှင့်အတူ မူဆယ်မြို့ စွမ်စော်ရပ်ကွက် စီးကရက်စက်ရုံအနီး စိုက်ပျိုးမွေးမြူခြံရှိ မလိအားဟွမ်(ခ) လှလှဝင်း (၃၂နှစ်)၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ နေအိမ်ခန်းအတွင်း ခုတင်ခြေရင်းရှိ အမည်းရောင် ပလတ်စတစ်ပုံးအတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၅၀ အလေးချိန် ၆၀၀ ဂရမ်၊ တန်ဖိုးငွေကျပ်သိန်း ၁၂၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးချက်အရ အဆိုပါဘိန်းဖြူဆပ်ပြာခွက်များမှာ မူဆယ်မြို့ ရွှေသမင်ရပ်ကွက်နေ ရန်စီယုံ (ခ)အားယုံနှင့် စပ်တူဝယ်ယူထားသည့် ပစ္စည်းများဖြစ်ကြောင်း သိရှိရသဖြင့် သွားရောက်ရှာဖွေဖမ်းဆီးရာ ရန်စီယုံ(ခ)အားယုံ(၃၀နှစ်) အား ၎င်း၏နေအိမ်မှ ဖမ်းဆီးရမိခဲ့ပြီး မလိအားဟွမ် (ခ) လှလှဝင်းနှင့် ရန်စီယုံ(ခ) အားယုံတို့နှစ်ဦးအား မူဆယ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)** **ကိုရဲ**

စစ်တွေမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၃၁

ရခိုင်ပြည်နယ် အမှတ်(၄၇) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(စစ်တွေ)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ဒီဇင်ဘာ ၂၈ ရက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် စစ်တွေမြို့ ဆင်ကူးလမ်းရပ်ကွက် အမြန် ရေယာဉ်ဆိပ်ကမ်းတွင် စစ်တွေမှ ဘူးသီးတောင်သို့ ရွှေနဒီအမြန်ရေယာဉ်ဖြင့် လိုက်ပါမည့် ရသေ့တောင်မြို့နယ် လောင်းချောင်းကျေးရွာနေ အောင်ရန်သိန်းလတ်(၃၆နှစ်)ကို ရှာဖွေစစ်ဆေးရာ ၎င်းလွယ်ထားသော ကျောပိုးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးချက်အရ အောင်ရန်သိန်းလတ်ထံမှ ဖမ်းဆီးရမိသော စိတ်ကြွရူးသွပ်ဆေးပြားများမှာ စစ်တွေမြို့ ရွှေသဇင်ဟိုတယ် အခန်းအမှတ်(၄၀၅)တွင် တည်းခိုနေထိုင်သူ ဗဟန်းမြို့နယ် ဆရာစံမြောက်/အနောက်ရပ်ကွက်နေ အေးမြင့်(၃၇နှစ်)မှပေးလိုက်သော ပစ္စည်းများဖြစ်ကြောင်းသိရသဖြင့် ရွှေသဇင်ဟိုတယ် အခန်းအမှတ် ၄၀၅ကို ဝင်ရောက်ရှာဖွေရာ အေးမြင့်အား ဖမ်းဆီးရမိခဲ့သောကြောင့် အောင်ရန်သိန်းလတ်နှင့် အေးမြင့်အား စစ်တွေနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်းသိရသည်။ **ကိုရဲ**

ပင်လောင်းမြို့နယ်တွင် ဘိန်းစိမ်းများဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၃၁

ရှမ်းပြည်နယ် အမှတ်(၂၆) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ပင်လောင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲက ပင်လောင်းမြို့နယ် လုံးပြင်ကျေးရွာအနောက်ဘက် နန်းနိမ့်-ဘောရန်လမ်းမပေါ်တွင် ဘောရန်ကျေးရွာမှ လုံးပြင်ကျေးရွာသို့ ပင်လောင်းမြို့နယ် နဂါးပတ်ကျေးရွာနေသူများဖြစ်သည့် အောင်ခမ်းထီး(၂၃နှစ်)နှင့် ဦးဖေ(၄၀နှစ်)တို့မောင်းနှင်လာသော ဆိုင်ကယ်များကို ရပ်တန့်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ အောင်ခမ်းထီး၏ ဘေးလွယ်အိတ်အတွင်းမှ ဘိန်းစိမ်း ၄ ဒသမ ၅ကီလိုနှင့် ဦးဖေ၏ ပလိုင်းအတွင်းမှ ဘိန်းစိမ်း ၄ ဒသမ ၅ ကီလို စုစုပေါင်းဘိန်းစိမ်း ၉ ကီလို တန်ဖိုးငွေကျပ် ၅၈ ဒသမ ၅ သိန်းကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အောင်ခမ်းထီးနှင့်ဦးဖေတို့ နှစ်ဦးအား ပင်လောင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်းသိရသည်။ **(အောက်ပုံ)** **ကိုရဲ**

ငြမ်းစင်ထိပ်ရှိ မူလီပြုတ်ထွက်ရာ ဦးခေါင်းကိုထိမှန်၍ လူတစ်ဦးသေဆုံး

နေပြည်တော် ဒီဇင်ဘာ ၃၁

ဒီဇင်ဘာ ၂၈ ရက် ညနေ ၄ နာရီခွဲခန့်က မြိုင်မြို့နယ် ဝယ်တောင်ကျေးရွာ၏ တောင်ဘက် နှစ်မိုင်ခန့်အကွာ တရုတ်ကုန်းရေနံမြော်အတွင်း ဦးတိုက်ရွှေ၏ ရေနံကျင်းတွင် ဝယ်တောင်ကျေးရွာနေ ဇော်နိုင် (၃၃နှစ်)နှင့် မြိုင်မြို့နယ် ဆူးဝင်းကျေးရွာနေ လင်းနိုင် (၂၄ နှစ်) အတူ ရေနံကျင်းထောင်နေစဉ် ထိခိုက်မှုဖြစ်ပွားကြောင်း ဝယ်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူးက အကြောင်းကြားလာသဖြင့် ဗဟင်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာ ရေနံကျင်းထောင်နေစဉ် ငြမ်းစင်ထိပ်ရှိ မူလီပြုတ်ထွက်ရာ ရေနံကျင်း ထောင်လုပ်သား ဇော်နိုင်၏ ဦးခေါင်းကို ထိမှန်ပြီး ဒဏ်ရာတစ်ချက်ရရှိ၍ အခင်းဖြစ်နေရာတွင် သေဆုံးနေသည်ကို တွေ့ရှိခဲ့သောကြောင့် မြိုင်မြို့နယ် ဗဟင်းနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုရဲ**

လောက်ကိုင်မြို့နယ်တွင် ဘိန်းဖြူ ၂၀၀ ဂရမ်ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၃၁

ရှမ်းပြည်နယ်အမှတ်(၂၁) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (ကွမ်းလုံ)မှတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၈ရက် ညနေ ၃ နာရီက လောက်ကိုင်-ရန်လုံကျိုင်းကားလမ်း ရန်လုံကျိုင်းရွာအဝင်မုခ်ဦးတွင် မော်တော်ယာဉ်များကို ပိတ်ဆို့ရှာဖွေစစ်ဆေးနေစဉ် လောက်ကိုင်မှ ရန်လုံ ကျိုင်းသို့ အငှားဆိုင်ကယ်ချိန်ဆွမ်းချိုက် မောင်းနှင်ပြီး နောက်မှ တရုတ်နိုင်ငံ ရိုးချွမ်းပြည်နယ် ရွှမ်းရှန့်ယိုချင်းကျန့်မြို့နေ ချိန်ချင်ရှမ်း(၁၉ နှစ်)လိုက်ပါလာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ ချိန်ချင်ရှမ်းလွယ်ထားသည့် ကျောပိုးအိတ်အတွင်းမှ ဘိန်းဖြူဘလောက်တုံး ၃၃ တုံး၊ အလေးချိန် ၂၀၀ ဂရမ် စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၄၀ ကိုသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ တရုတ်နိုင်ငံ ရိုးချွမ်းပြည်နယ် ဖန်လိုင်သွန်မြို့နေ ကြာပန်းရုံကန် (၂၄ နှစ်)နှင့်အတူ တရုတ်နိုင်ငံ နန်ဆန်မြို့သို့သွားရောက်ရောင်းချရန်နှင့် ကြာပန်းရုံကန်မှာ ကိုးကန့်ဟိုတယ် အနီးတွင် စောင့်ဆိုင်းနေကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ၎င်းကိုင်ဆောင်သော တရုတ်ဖုန်းဖြင့် ဆက်သွယ်ချိတ်ဆက်ချိန်းဆိုရာ လောက်ကိုင်မြို့ ဘုံခုနစ်ဆင့်အနီး ကိုးကန့်ဟိုတယ်ရှေ့တွင် ကြာပန်းရုံကန်ကို ဖမ်းဆီးရမိခဲ့သောကြောင့် ချိန်ချင်ရှမ်းနှင့် ကြာပန်းရုံကန်တို့နှစ်ဦးအား ရန်လုံကျိုင်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **ကိုရဲ**

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာစိတ်ချမ်းသာ

သီပေါ အထက ကျောင်းသားကျောင်းသူဟောင်းများ
အာစရိယပူဇော်ပွဲ

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ အထကမှ ကျောင်းသား ကျောင်းသူဟောင်းများက အသက်(၉၆)နှစ်ပြည့် ကျောင်းအုပ်ဆရာမကြီး ဒေါ်စောမျိုးစစ်၏ မွေးနေ့နှင့်အတူ အာစရိယပူဇော်ပွဲကို ၂၀၁၄ခုနှစ် ဇန်နဝါရီ ၆ရက် (တနင်္လာနေ့) (၁၃၇၅ခုနှစ် ပြာသိုလဆန်း ၆ရက်) နံနက် ၁၁နာရီမှ မွန်းလွဲ ၁နာရီအထိ ဆရာမကြီးနေအိမ်၌ ကျင်းပမည်ဖြစ်ပါသဖြင့် တက်ရောက်နိုင်ပါရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ခင် ဖုန်း-၀၉-၅၂၇၈၁၈၉၊ ၁၃/သပန(နိုင်) ၀၀၄၁၇၉ (မြန်မာ့ရှေ့ဆောင်ဘဏ်)သီပေါမြို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ပူဇော်ပွဲကျင်းပရေးကော်မတီ

ဒုရဲအုပ်လောင်းသင်တန်း အပတ်စဉ်(၁၆/၈၄)
နှစ်သစ်ကူးဆုတောင်းလွှာ

သင်တန်းအတူတက်ရောက်ခဲ့ကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ စစစ၊ အကျဉ်းဦးစီးမှ လက်ရှိတာဝန်ထမ်းဆောင်ဆဲ၊ အငြိမ်းစားယူပြီး၊ ပြင်ပသို့ရောက်ရှိနေပြီး၊ သူငယ်ချင်းများနှင့် မိသားစုများသည် ၂၀၁၄ခုနှစ် သင်တန်းဆင်း နှစ်(၃၀)ပြည့်မြောက် အခါသမယတွင် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာခြင်းနှင့်ပြည့်စုံပြီး တိုင်းပြည်၊ လူမျိုး၊ သာသနာနှင့် မိသားစုအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ကာ အောင်မြင်ပြည့်စုံကြပါစေကြောင်း နှစ်သစ်ကူးဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

(ဦးအေးမင်းဦး တော်ဝင်ရွှေဆိုင်၊ ဖျာပုံမြို့ ဖုန်း-၀၄၅-၄၀၂၆၅မှ ကျေးဇူးပြုပါသည်)

ဦး Eကျော်ဝင်း	ဖုန်း-၀၉-၇၃၂၀၄၁၂၂	ဥက္ကဋ္ဌ
ဦးခင်မောင်သန်း	ဖုန်း-၀၉-၇၃၀၂၁၅၅၃	ဒု-ဥက္ကဋ္ဌ
ဦးကျော်ကျော်လင်း	ဖုန်း-၀၉-၄၂၁၀၈၃၅၆၅	အတွင်းရေးမှူး

ဒုရဲအုပ်လောင်းသင်တန်းအပတ်စဉ်(၁၆/၈၄)
သာရေး/နာရေးအဖွဲ့(ရန်ကုန်)

အထက(၇) မင်္ဂလာတောင်ညွန့်
ပဌမအကြိမ်မြောက်အာစရိယပူဇော်ပွဲကျင်းပမည်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက(၇)၊ ကျောင်းသား ကျောင်းသူဟောင်းများမှ ကြီးမှူး၍ ပဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်လာရောက်ပြီး မြတ်ဆရာ ဆရာမများအား ဂါရဝပြုကြပါရန် ဖိတ်ကြားအပ်ပါသည်။ ပူဇော်ပွဲဖြစ်မြောက်ရေးအတွက် ၅-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အကြိုညှိနှိုင်းလိုပါသဖြင့် အထက(၇) ကျောင်းခန်းမ၌ ပြုလုပ်မည်ဖြစ်၍ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ပါရန် ဖိတ်ကြားပါသည်။ အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက ကိုသိန်းကျော် ဖုန်း-၀၉-၅၁၂၂၇၀၈၊ ကိုတင်မောင်အေး ဖုန်း-၀၉-၅၁၆၀၇၈၅၊ ကိုကျော်မျိုးအောင် ဖုန်း-၀၉-၇၃၀၄၀၃၃၈၊ ကိုထွန်းထွန်းဝင်း ဖုန်း-၀၉-၈၅၀၂၄၉၃၊ ကိုကျော်ဆန်းအောင် ဖုန်း-၀၉-၅၁၄၂၀၃၈၊ မကြည်ကြည်မာ ဖုန်း-၀၉-၅၁၅၈၄၇၈၊ မသင်းသင်းကြိုင် ဖုန်း-၀၉-၄၂၀၂၅၅၅၊ မနီနီဝင်း ဖုန်း-၀၉-၄၂၈၃၁၁၁၁၂၊ ကိုထွန်းလင်းငြိမ်း ဖုန်း-၀၉-၄၂၀၁၇၂၁၂၁၊ ကိုမြင့်လွင် ဖုန်း-၀၉-၂၅၄၀၆၉၈၅၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဆင်ဟန်သာသနာ့ဗိမာန်ရေစက်ချမင်္ဂလာနှင့် သိက္ခာထပ်မင်္ဂလာအခမ်းအနား
ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်းလမ်းရှိ ဇေယျမင်္ဂလာ၊ ကျောက်မြောင်းကျောင်းတိုက်တွင် ဆောက်လုပ်လှူဒါန်းအပ်သော ဆင်ဟန်သာသနာ့ဗိမာန်အား ရေစက်ချခြင်းမင်္ဂလာနှင့် သံဃာတော်အရှင်မြတ်ငါးပါးအား သိက္ခာထပ်ခြင်းမင်္ဂလာအခမ်းအနားကို (ဦးညိုလေး)-ဒေါ်ကုလားမ၊ သမီးမကြည်ကြည်မိုးမိသားစုက ကြီးမှူး၍ ကျင်းပပြုလုပ်မည်ဖြစ်ပါသော ကြောင့် ၅-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရေစက်ချ တရားနာယူပွဲသို့ တက်ရောက်ပါရန် ရိုသေလေးစားစွာ ဖိတ်ကြားအပ် ပါသည်။

ဆင်ဟန်သာသနာ့ဗိမာန်ဖြစ်မြောက်ရေးအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

တောင်ကြီးမြို့၊ ကန်ရှေ့ရပ်ကွက်၊ မြကန်သာလမ်း၊ အိမ်အမှတ်(၅၉)တွင်နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးကျင်စိုး ၁၃/တကန(နိုင်)၀၆၈၀၄၅ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

တောင်ကြီးမြို့၊ နန်းဟူးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်-၁၈၇ ပင်စုံရွာမ၊ ဦးပိုင်အမှတ်(၆၇)၊ ဧရိယာ ၅ဒသမ ၈၆ဧကရှိ မြေကွက်ကို ဒေါ်နန်းမွန်း အမည်ဖြင့် လက်ဝယ်ကိုင်ဆောင်ရန် တောင်ကြီးမြေစာရင်းဌာနမှ မြေစာရင်းပုံစံ-၁၀၅ ရရှိထားပါသည်။

တောင်ကြီးမြို့၊ နန်းဟူးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်-၁၈၇ ပင်စုံရွာမ၊ ဦးပိုင်အမှတ်(၆၈)၊ ဧရိယာ ၃ဒသမ ၅၆ဧကရှိ မြေကွက်ကို ဦးကူးလူ အမည်ဖြင့် လက်ဝယ်ကိုင်ဆောင်ရန် တောင်ကြီးမြေစာရင်းဌာနမှ မြေစာရင်းပုံစံ-၁၀၅ ရရှိထားပါသည်။

အထက်ပါမြေကွက်နှစ်ကွက်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးကျင်စိုး ၁၃/တကန(နိုင်) ၀၆၈၀၄၅က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူ မည်သူမဆို ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စိန်ပေါ် (စဉ်-၅၇၅၆) **ဒေါ်နန်းသီတာနိုင် (စဉ်-၉၁၅၀)**

(တရားလွှတ်တော်ရှေ့နေများ)

အမှတ် ၂၀၆၊ သစ္စာလမ်း၊ ပြည်တော်သာရပ်ကွက်၊ တောင်ကြီးမြို့၊

ဖုန်း-၀၈၁-၂၁၂၄၉၃၇

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့တွင် စာပေရေချမ်းစင်ဖွင့်

ယင်းမာပင် ဒီဇင်ဘာ ၃၁

ပြည်သူများအသိပညာဗဟုသုတ တိုးပွားစေရေးအတွက် ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ပြန်/ဆက် ဝန်ထမ်းများက ဒီဇင်ဘာ ၂၆ ရက် နံနက် ၉နာရီက(မုံရွာ-ပုလဲ-ယင်းမာပင်) ကားလမ်း၊ မြို့မဈေးနှင့် မျက်နှာချင်းဆိုင် ဆောက်လုပ်ရေးရုံးဝင်းအပြင်ဘက်ရှေ့တွင် စာပေရေချမ်းစင်လေး တစ်ခု ဖွင့်လှစ်ထားရှိပေးရာ နေ့စဉ်သွားလာလုပ်ကိုင် စားသောက်နေကြသော ဈေးရောင်း/ဝယ်မိဘပြည်သူများ၊ အလုပ်သမားများ၊ ကျောင်းသား ကျောင်းသူများနှင့် စာပေချစ်မြတ်နိုးသူများ အခမဲ့လေ့လာဖတ်ရှုခွင့်ရတဲ့အတွက် စာပေရေချမ်းစင်လေးကို ကြိုဆိုပါကြောင်း၊ မြို့နယ်ပြန်/ဆက်ဦးစီးဌာနက"အခုလိုပြည်သူကိုဗဟိုပြုပြီး ပြည်သူ့ဝန်ဆောင်မှုအဖြစ် ပြည်သူ့အကျိုးကိုရှေးရှုပြီး ဆောင်ရွက်ပေးတာကို အထူးကျေးဇူးတင်ပါတယ်" ဟု မြို့ခံတစ်ဦး၏ ရင်တွင်းစကားကို ကြားသိရသည်။

အဆိုပါပြည်သူကိုဗဟိုပြုပြည်သူ့ဝန်ဆောင်မှုပေးနေသော စာပေရေချမ်းစင်လေးတွင် နေ့စဉ်ထွက်ရှိသော ဂျာနယ်မျိုးစုံနှင့် ရုပ်ပြမဂ္ဂဇင်း၊ ဝတ္ထု၊ သုတ/ရသစာအုပ်မျိုးစုံတို့ကို ကဏ္ဍစုံလင်စွာလေ့လာဖတ်ရှုနိုင်အောင်စီစဉ်ဆောင်ရွက်ထားရှိပေးထားကြောင်း သိရသည်။ **(ဝဲပုံ) စိုးစိုး(ယင်းမာပင်)**

နယ်သတင်းနှင့်ကြော်ငြာ

ထွေ/အုပ်စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

မလှိုင် ဒီဇင်ဘာ ၃၁

မလှိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးအဆင့်(၁)ဝန်ထမ်းများလုပ်ငန်း စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းကို ဒီဇင်ဘာ ၂၆ ရက်က မြို့နယ်ရုံးအစည်းအဝေးခန်းမ၌ ဖွင့်လှစ်သင်ကြားကြသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်/ ကျေးရွာအုပ်စုများမှ စာရေးဝန်ထမ်းများနှင့် မြို့ပေါ်ရုံး စာရေးအဆင့်(၁) ဝန်ထမ်းများစုစုပေါင်း၆၁ဦး တက်ရောက်ခဲ့ပြီး သင်တန်းကို ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ရက်အထိသုံးရက်ကြာ ဖွင့်လှစ်သင်ကြားကြသည်။

သင်တန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများက မြေယာ၊ ယစ်မျိုးအခွန်၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ၂၀၁၂ခုနှစ် မြေယာဥပဒေများ၊ ခြေချုပ်နှင့် ခံဝန်ဥပဒေများအကြောင်းနှင့် ဌာနလုပ်ငန်းတာဝန်များအကြောင်းကို ရှင်းလင်းပို့ချကြောင်း သိရသည်။

အောင်ငွေး (မလှိုင်)

တို့ဗမာအစည်းအရုံးဝင် သခင်-သခင်မကြီးများအား အလှူဒါနပြုခြင်းနှင့် ဂုဏ်ပြုပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၁

တို့ဗမာ အစည်းအရုံးကြီး၏ ဦးဆောင်မှုနှင့်အတူ ချောက်ရေနံမြေမှစ၍ မိုင် (၄၀၀)ကျော် ကွာဝေးသည့် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ကြီး၏ အရိပ်အောက်တွင် အောင်ပွဲဆင်ခဲ့သော ၁၃၀၀ ပြည့် အရေးတော်ပုံကြီးသည် ၇၅နှစ် စိန်ရတုကာလရောက်ခဲ့ပြီဖြစ်ရာ၁၃၀၀ ပြည့် အရေးတော်ပုံ (၇၅) နှစ်ပြည့် စိန်ရတုအထိမ်းအမှတ်အဖြစ်တို့ဗမာအစည်းအရုံးဝင်သခင်-သခင်မများ၏မိသားစုဝင်များ ဆက်လက်ရှင်သန်နေစေရန်နှင့် ၄င်းတို့၏ ဖခင်၊မိခင်၊ သခင်-သခင်မများ၏ ကျေးဇူးတရားအားရည်စူးဒါနပြုရေစက်ချအမျှပေးဝေခြင်း၊ ဂုဏ်ပြုပွဲကျင်းပမည် ဖြစ်ကြောင်း သိရသည်။

အလှူဒါနပြုခြင်းနှင့် ဂုဏ်ပြုပွဲအဖြစ် ၂၀၁၄ခုနှစ်ဇန်နဝါရီ ၁၁ရက် နံနက်၁၁နာရီတွင်ရွှေတိဂုံစေတီတော်ကြီးရင်ပြင်တော်တန်ဆောင်းတွင် ဩဝါဒါစရိယ ဆရာတော်ကြီးများ အပါအဝင် ပင့်သံဃာ၇၅ပါးအားနေ့ဆွမ်းဆက်ကပ်ပြီးသက်န်း၊လှူဖွယ်ပစ္စည်းများလှူဒါန်းကာအမျှအတန်းပေးဝေကြမည်ဖြစ်သည်။ဆက်လက်၍မွန်းလွဲ ၁နာရီတွင် ဗဟန်းအားကစားကွင်းအနီးရှိ M-3 Food Center တွင် ဂုဏ်ပြုပွဲသမိုင်းဝင်ဓာတ်ပုံမှတ်တမ်းများ ခင်းကျင်းပြသခြင်း၊ တို့ဗမာအစည်းအရုံးသမိုင်းစာအုပ်ရောင်းချခြင်းနှင့် တို့ဗမာအစည်းအရုံးကြီး၏ လွတ်လပ်ရေး တိုက်ပွဲဝင်သီချင်းများ ဖြင့်ဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။ **ခင်မောင်သော်(ကမာရွတ်)**

ကလေးဝမြို့၌ တရားမဝင်သစ်များသိမ်းဆည်းရမိ

ကလေးဝ ဒီဇင်ဘာ ၃၁

စစ်ကိုင်းတိုင်းဒေသကြီးသစ်တောဦးစီးဌာနညွှန်ကြားရေးမှူးဦးစိုးဝင်း(၃)၏ လမ်းညွှန်မှုဖြင့် ကလေးခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်(၃)နှင့် ကလေးဝမြို့နယ် ဦးစီးအရာရှိ ဦးကောင်းညွှန့်တို့ ခေါင်းဆောင်၍သစ်တောဝန်ထမ်းများပါဝင်သောအဖွဲ့သည် ဒီဇင်ဘာ ၂၂ ရက်က မြစ်သာမြစ်ကမ်းဘေးမှ ကျွန်းသစ် ၁၂လုံး(၁ဒသမ၄၃၂၄တန်)၊ဆင်ခေါင်းကျေးရွာအနီးချင်းတွင်းမြစ်ကမ်းဘေးမှ တမလန်းခားရွှေတုံး၃၆တုံး (၂ ဒသမ ၇၂၀၂တန်)၊ ပျဉ်းကတိုးခားရွှေတုံး နှစ်တုံး (၀ဒသမ၁၂၄၈ တန်)၊ သစ်သားခွဲသား ၁၅၅ချောင်း (၇ ဒသမ ၉၅၁၆တန်)၊ ပျဉ်းကတိုးခွဲသား ၁၆ ချောင်း (၀ဒသမ၈၀၈၂တန်)၊ သစ်မကြီးခွဲသားရှစ်ချောင်း(၀ဒသမ၆၁၄၀ တန်)၊အင်ခွဲသား၅၄ချောင်း (၂ဒသမ ၀၆၅၄တန်)တို့အား လည်းကောင်း၊ ဒီဇင်ဘာ၂၃ရက်၌ချင်းတွင်းမြစ်ကမ်းဘေးမှ တမလန်းခားရွှေတုံး ၅၃ တုံး (၃ဒသမ၇၅၈၈တန်)၊ သစ်ယာခွဲသား ၇၁ ချောင်း(၃ဒသမ၇၁၃၄တန်)နှင့် ဒီဇင်ဘာ၂၄ရက်တို့တွင် ချင်းတွင်းမြစ်ကမ်းဘေးမှ သစ်ယာခွဲသား ၁၀၆ ချောင်း(၂ဒသမ၀၄၆၂တန်) တို့အား လည်းကောင်းပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့သည်။ အဆိုပါ တရားမဝင်သစ်များ စုစုပေါင်းမှာ ကျွန်းသစ်၁၂လုံးနှင့် သစ်မာမျိုးစုံ ခွဲသား၅၀၁ချောင်း (၂၅ ဒသမ၂၃၅၀တန်)တို့အား ဖမ်းဆီးရမိကြောင်း သိရသည်။ **ချင်းတွင်းသား**

မိတ္ထီလာမြို့ ဗိုလ်ချုပ်ပန်းခြံမှ ရွှေမြင်တင်စေတီတော်အနီးသို့ အင်အား ၂၀၀၀ကျော်တို့ ဒီဇင်ဘာ စတုတ္ထပတ်စုပေါင်းလမ်းလျှောက်ပွဲအတွင်း ပါဝင်ဆင်နွှဲခဲ့ကြပြီး ကာယလေ့ကျင့်ခန်းများစုပေါင်း ပြုလုပ်ခဲ့ကြသည်ကို တွေ့မြင်ရစဉ်။

ဖြိုးမောင်မောင်

